စာမူ ခွင့်ပြုအမှတ် ၆၉၀/၉၅(၁၀)

မျက်နှာဖုံး ခွင့်ပြုအမှတ် ၇၃၄/၉၅(၁၂)

ပထမအကြိမ်

၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီလ

တန်ဖိုး ၈၀/ အုပ်ရေ [၄၀၀]

ထုတ်ဝေသူ ဦးကျော်ကျော် (မြဲ ၀၃၃၁၁)
ဝဏ္ဏထွန်းစာပေ
၉၀/ဘီ၊ (၅) လမ်း၊ လမ်းမတော်၊
ရန်ကုန်မြို့။

ပုံနှိပ်သူ ဒေါ်ကျင်ငွေ (မြဲ-၀၃၁၄၆)
ဇမ္ဗူအောင်ပုံနှိပ်တိုက်
အမှတ် (၁)၊ စပယ်ခြံ (၃၂)လမ်း၊
ကမာရွတ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက် ဦးကျော်မိုးစိန် (မြဲ-၀၃၁၃၇)
အောင်သာပုံနှိပ်တိုက်
၁၇၂၊ ၃၁ လမ်း၊
ရန်ကုန်မြို့။

[illegible] ငှါးရမ်း [illegible]
[illegible]
စာအုပ် တန်ဖိုး နှင့်အတူ ငှါးခ ရက်
အတွက်ပါ ပေးလျော် ရမည်။

## တက္ကသိုလ် သီဟအောင်

# သက်စွန့်ဆံဖျား

( ၂ အုပ်တွဲ သိုင်းစာစဉ် )

# တက္ကသိုလ်သီဟအောင်

## သက်စွန့်ဆံဖျား

(ပထမပိုင်း)

ဒို့ တာဝန် အရေးသုံးပါး

| | | |
|---|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | .... | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | .... | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | .... | ဒို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

လင်းစာပေ

အသက်တာင်ချောင်း ငွေတစ်သောင်း

---

မြို့အရှေ့ဘက် လမ်းမကြီး၏ ဝဲဘက်အခြမ်းတွင် ညောင်ညို ပင်ကြီး တစ်ပင်ရှိသည်။

ထိုညောင်ညိုပင်ကြီးတွင် နတ်ကွန်းတစ်ခုရှိသည်။

နတ်ကွန်းဘေး၌...

'ဆုတောင်းပြည့်နတ်ကွန်း'

ဟု ရေးထားသော ဆိုင်းဘုတ်မှာ ဆေးများကွာကျကာ မရောင်အဆင်း လွင့်ပြယ်မှေးမှိန်နေသည်။

ယနေ့...

အစိမ်းရောင်အင်္ကျီရှည်ဝတ်ဆင်ထားပြီး လူမမာနှင့်တူလှသူ တစ်ယောက်သည် ချောင်းတဟွပ်ဟွပ်ဆိုးရင်း ဆုတောင်းပြည့် နတ်ကွန်းရှေ့သို့ ရောက်လာသည်။

နတ်ကွန်းရှေ့တွင် ဒူးထောက်ကာ ရှစ်ခိုးကန်တော့လိုက် ပြီး....

'အရှင်နတ်မင်း ကျွန်ုပ်ခံစားနေရသော ရောဂါဝေဒနာ များ အမြန်ဆုံးသက်သာပျောက်ကင်းသွားအောင် မှိုင်းမတော် မူပါ'

ဟု ဆုတောင်းလိုက်သည်။

ပြီးလျှင် အသင့်ယူလာသော အမွှေးတိုင်များကို ထုတ်ယူ လိုက်၏။

နတ်ကွန်းပေါ်တွင် အမွှေးတိုင်ထွန်းညှိရန် ကြေးအိုးတစ်လုံး ရှိနေပါသည်။

ထိုကြေးအိုးတွင် အမွှေးတိုင်ထိုးစိုက်ရင်း အစိမ်းရောင် ဝတ်ထားသူက ကြေးအိုးကို အသာနေရာရွှေ့လိုက်သည်။

ထိုအခါ....

ကြေးအိုးအောက်တွင် စာရွက်ခေါက်ငယ်လေးတစ်ခေါက် ရှိနေ သည်ကို တွေ့ရသည်။



အစိမ်းရောင် ဝတ်ထားသူသည် လက်တစ်ဖက်တည်းဖြင့် ကျင်လည်စွာ စာရွက်ခေါက်လေးကို ဖြန့်ဖတ်လိုက်သည်။

သိုင်းရာဇာလုံထောက်

လဆန်းငါးရက်

ရွှေမြို့တော်စားသောက်ဆိုင်....

ချိန်အန်းမြို့....

ဟု စာကြောင်းလေးကြောင်း ရေးထားသည်ကို တွေ့ရ၏။

အစိမ်းရောင် ဝတ်ထားသူက တစ်ကြိမ်တည်းနှင့် မှတ်မိ အောင် ဖတ်လိုက်ပြီး ထိုစာရွက်ခေါက်လေးကို မီးရှို့ကာ အမွှေးတိုင်ထွန်းညှိလိုက်သည်။

အမွှေးတိုင်များမှ မီးခိုးတလူလူထွက်ပေါ်လာသလို မွှေး ကြိုင် သင်းပျံ့သည့် အနံ့များ ထွက်ပေါ်လာသည်။

အစိမ်းရောင်ဝတ်ထားသူက....

'လဆန်းငါးရက်နေ့ဆိုတော့ ဆယ့်နှစ်ရက်လောက်ပဲ အချိန် ရတော့တယ်'

ဟု ရေရွတ်လိုက်သည်။

ထို့နောက်....

နုတ်ကွန်းကို ကျောခိုင်းကာ ခြေလှမ်းကဲ့ကဲ့ဖြင့် ထွက်သွားလေတော့သည်။

* * *

ချန်အန်းမြို့....

ချန်အန်းမြို့သည် အလွန်စည်ကားသိုက်မြိုက်သော မြို့တော်ကြီး တစ်ခုဖြစ်သည်။

ကုန်စည် ကူးသန်းရောင်းဝယ်ရေး အချက်အချာကျပြီး ကုန်သည်ပွဲစားများ၊ ခရီးသွားများ၊ သိုင်းလောကသားများ အုတ်အုတ်ကျက်ကျက် ကျင်လည်ကျက်စားရာ ဌာနေလည်း ဖြစ်သည်။

ချန်အန်းမြို့တွင် စီးပွားရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်ပြီး စားသောက်ဆိုင်၊ ဈေးဆိုင်၊ အထည်လိပ်ရောင်းချသောဆိုင်၊ အပေါင်ဆိုင်၊ အရက်ဆိုင်၊ တည်းခိုခန်း စသည့်စသည့်ဆိုင်ပေါင်းများစွာ စုံလင်လျက်လည်းရှိသည်။

ချန်အန်းမြို့လယ် မင်းလမ်းမကြီးပေါ်တွင် ဖွင့်လှစ်ထားသော ရွှေမြို့တော် စားသောက်ဆိုင်သည် နာမည်အကြီးဆုံး ထိပ်တန်းစားသောက်ဆိုင်ကြီး ငါးဆိုင်တွင် အပါအဝင်ဖြစ်ပေသည်။



ရွှေမြို့တော် စားသောက်ဆိုင်ပိုင်ရှင်မှာ တုဖုံးဆိုသူဖြစ်ပြီး ယခင်က သိုင်းလောက၌ ထင်ရှားသော သိုင်းသမားကြီး တစ်ယောက် အဖြစ် ကျင်လည်ကျက်စားခဲ့သူဖြစ်သည်။

အသက်အရွယ် ထောက်လာခြင်းကြောင့် သိုင်းလောကမှ အနားယူလိုက်ပြီး စားသောက်ဆိုင်ဖွင့်ကာ အတည်တကျ အခြေချနေထိုင်ခဲ့ခြင်းဖြစ်ပေသည်။

တုဖုံး၏ အမည်နှင့်အရှိန်အဝါကြောင့် သိုင်းလောကသားများသည် ချန်အန်းမြို့သို့ ရောက်လာကြသောအခါ ရွှေမြို့တော် စားသောက်ဆိုင်သို့ လာရောက်အားပေးစားသောက်ကြလေ့ရှိပေသည်။

သိုင်းရာဇာ လုံထောက်သည် ချန်အန်းမြို့သို့ ရောက်တိုင်း ရွှေမြို့တော် စားသောက်ဆိုင်သို့ သွားရောက်လေ့ရှိသူများတွင် ထိပ်ဆုံးမှ ပါဝင်သူဖြစ်သည်။

သူသည် အားပေးစားသောက်ရုံမျှလောက်မဟုတ်ဘဲ တမင်သက်သက် မရောက်အရောက်သွားသူဖြစ်ပါသည်။

သိုင်းရာဇာလုံထောက်နှင့် တုဖုံးတို့သည် ညီရင်းအစ်ကိုတမျှ ခင်မင်ရင်းနှီးကြသော မိတ်ဆွေများဖြစ်လေသည်။

* * *

စားပွဲပေါ်တွင် ငါးခေါင်းဟင်းချို၊ ဘဲပေါင်းနှင့် ချယ်ရီပန်း အရက်တစ်အိုးရှိနေသည်။

ရွှေမြို့တော်စားသောက်ဆိုင် နာမည်အကြီးဆုံး ဟင်းလျာများနှင့် အရက်ဖြစ်သည်။

သိုင်းရာဇာလုံထောက်သည် ဘဲပေါင်းဟင်းကိုစားလိုက်ပြီး ငါးခေါင်းဟင်းချို သောက်လိုက်သည်။ ပြီးမှ အရက်တစ်ခွက် ငှဲ့လိုက်လေသည်။

သူနှင့် မျက်နှာချင်းဆိုင်နေသော တုဖုံးအား ပြုံးပြရင်း....

'ကျုပ်က တစ်နှစ်တစ်ခေါက်လောက် ခင်ဗျားရဲ့ဆိုင်ကို မလာရရင် ဖျားချင်သလို နာချင်သလို ဖြစ်လာတော့တာပဲဗျ'

ဟု အရွှန်းဖောက်လိုက်သည်။

သိုင်းရာဇာလုံထောက် ရောက်လာလေတိုင်း တုဖုံးက လိုလေသေးမရှိ ဧည့်ခံခဲ့သည်ချည်းဖြစ်ပါသည်။

သူတို့နှစ်ယောက်သည် သွေးသောက် မိတ်ဆွေများအဖြစ် သိုင်းလောက၌ ကျင်လည် ကျက်စားခဲ့ကြပြီး အခက်အခဲ အန္တရာယ်အသွယ်သွယ်ကို ရင်ဆိုင်ခဲ့ကြသူများဖြစ်သည်။

တုဖုံးက သိုင်းလောကမှ အနားယူသွားခြင်းကြောင့် သိုင်းရာဇာ လုံထောက် လက်တွဲပြုတ်သွားသည်ဟု ဆိုရမည်ဖြစ်ပေသည်။



မည်သို့ဆိုစေ....

သိုင်းရာဇာလုံထောက်သည် တုဖုံးထံသို့ တစ်နှစ်တစ်ခေါက် မပျက်မကွက် လာရောက်လည်ပတ်တတ်ပေသည်။

တုဖုံးက....

'လုံထောက်....ခင်ဗျားလဲ အသက်အရွယ်ရလာပြီ၊ အနားမယူသေးဘူးလား'

ဟု မေးလေသည်။

သိုင်းရာဇာလုံထောက်က ရယ်မောရင်း....

'သိုင်းလောကကြီးဟာ ဒီလောက်တောင် ရှုပ်ထွေးနေမှ ကျုပ်လဲ သေမှပဲ အနားယူရတော့မှာပေါ့ဗျာ'

အများအကျိုး သိုင်းလောကအကျိုး ဆောင်ရွက်နေသည့် သိုင်းရာဇာလုံထောက်အတွက် သိုင်းလောက တာဝန်များသည် ဘယ်သောအခါမှ ပြီးဆုံးနိုင်လိမ့်မည်မဟုတ်ချေ။

တုဖုံး သက်ပြင်းချလိုက်သည်။

'အင်း....ခင်ဗျားဟာ တကယ့်ကို ဇွဲနပဲကြီးတဲ့လူတစ်ယောက်ပါပဲဗျာ၊ ဒါထက် ဟိုတလောက ကျန်းနန်မှာ ယို့သူဌေးသားကို ခင်ဗျား ဆုံးမလိုက်တယ်ဆို၊ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ကျုပ် သတိပေးချင်တယ်'

သိုင်းရာဇာ လုံထောက်က အလေးအနက်မထားဟန်ဖြင့်....

'ယို့အမျိုးအနွယ်နဲ့ဆြေးအရှိန်အဝ ကြီးမားတာကို အခွင့်ကောင်းယူပြီး သူက မိန်းကလေးတွေကို ဖျက်ဆီးနေတယ်လေ၊ ဒါကြောင့် ကျုပ်က လူပုံအလယ်မှာ နားရင်းရိုက်ပြီး ဆုံးမပေးလိုက်တာပဲ၊ ယို့အမျိုးအနွယ်တွေ အတော့်ကို အရှက်ရသွားတယ်၊ ခံပြင်းသွားကြတယ်ဆိုပေမယ့် သူတို့ဘက်ကမှားနေတော့ ဘာပြောနိုင်မှာလဲဗျ'

တုဖုံးက....

'သူတို့က စိတ်ချရတာမဟုတ်ဘူး၊ တော်ကြာ ခဇ်ဗျားကို အငြိုးထားပြီး ဒုက္ခပေးမှာကို ကျုပ် စိုးရိမ်မိတယ်'

သိုင်းရာဇာလုံထောက်က....

'ကျုပ်ကိုအငြိုးထားရင် သူတို့ ပိုပြီးအရှက်ကွဲသွားမှာပေါ့ဗျာ၊ ကဲ.... ဒါတွေအသာထား၊ မြို့တစ်ပတ်လောက် လမ်းလျှောက် ထွက်လိုက်ဦးမယ်၊ ခင်ဗျားလိုက်ဦးမလား'

ဟု မေးလိုက်သည်။

တုဖုံး ခေါင်းခါယမ်းလိုက်၏။

'ဒီနေ့တော့ မလိုက်သေးဘူး၊ စာရင်းဇယားတွေ လုပ်စရာရှိသေးတယ်'



'ဒါဆို ကျုပ်သွားမယ်'

'ကောင်းပြီလေ၊ နေ့လယ်ကျမှ ပြန်ဆုံကြတာပေါ့'

သိုင်းရာဇာလုံထောက်က ထိုင်ရာမှ ထ,လိုက်သည်။

တုဖုံးအား ပြုံးပြလိုက်ပြီး လှေကားအတိုင်း စားသောက်ဆိုင် အောက်ထပ်သို့ ဆင်းသွားလေသည်။

* * *

သိုင်းရာဇာလုံထောက်က လှေကားအတိုင်း အောက်ထပ်သို့ ဆင်းလာခဲ့လေသည်။

အချိန် စောနေသေးသည်မို့ ဆိုင်ထဲ၌ လူရှင်းနေပြီး စားသောက်နေသူ တချို့တလေသာရှိသည်ကိုတွေ့ရလေသည်။

သိုင်းရာဇာလုံထောက်သည် လှေကားထစ်ဆုံးအောင် ဆင်းပြီးလျှင် ဆိုင်ထဲ တစ်ချက်ဝေ့ကြည့်လိုက်သည်။

ဘာရယ် မဟုတ်သော်လည်း သိုင်းသမား တစ်ယောက်ဖြစ်သည်နှင့်အညီ အကဲခတ်မိလိုက်ခြင်းဖြစ်သည်။

ဤတွင် သူ၏ ရင်ထဲ ထူးခြားသော ခံစားချက်များ ရှတ်ခြည်းဖြစ်ပေါ်လာလေတော့သည်။

သူ၏ မျက်လုံးအစုံသည် စားပွဲတစ်လုံး၌ ထိုင်ကာ စားသောက်နေသည့် အစိမ်းရောင် အင်္ကျီရှည် ဝတ်ဆင်ထားသူထံ ရောက်သွား၏။

ထိုလူသည် ရောဂါဝေဒနာ တစ်စုံတစ်ခု ခံစားနေရသူ သို့မဟုတ် နာလန်ထလူမမာတစ်ယောက်နှင့်တူလှသည်။

သူ၏စားပွဲပေါ်၌ အရက်တစ်အိုးသာရှိပြီး စားသောက်ဖွယ်ရာ မရှိချေ။

ထိုလူသည် အရက်သောက်ဖို့သက်သက်ဆိုလျှင် ဤဆိုင်သို့ပင် လာစရာအကြောင်းမရှိဟု သိုင်းရာဇာလုံထောက် ဆင်ခြင်မိလိုက်လေသည်။

အစိမ်းရောင် ဝတ်ဆားသူကား ပတ်ဝန်းကျင်ကို အမှုမထားဘဲ အေးအေးဆေးဆေး အရက်သောက်နေပါ၏။

သိုင်းရာဇာ လုံထောက်၏ မျက်လုံးအစုံသည် အစိမ်းရောင်ဝတ်ဆားသူထံမှ ရွေ့လျားသွားပြီး ဝဲဘက်သို့ ရောက်သွားသည်။

ဝဲဘက်တွင် အပြာရောင်ဝတ်ဆားသည့် ဝဝဖိုင့်ဖိုင့်ရှိသောလူရွယ်တစ်ယောက်သည် အစားတစ်လုတ်စားလိုက် ယပ်တောင်ကိုဖျပ်ဖျပ်ခတ်လိုက်လုပ်နေသည်ကို တွေ့ရ၏။



အချိန်စောသေးသည်မို့ ဆိုင်ထဲ၌ပူလောင်အိုက်စပ်နေခြင်း မရှိပါ။

အပြာရောင် ဝတ်ထားသူ၏ စားပွဲပေါ်တွင် ဟင်းလျာလေးငါးခွက်မျှခန့်ရှိနေသော်လည်း အချို့ဟင်းခွက်များသည် အနည်းငယ်မျှပင် အရာမယွင်းသေးပေ။

အားရပါးရ စားသောက်နေသည့်အသွင် ရှိသည့်တိုင် အရာမယွင်းခြင်းသည် ထူးဆန်းသောကိစ္စဖြစ်သည်။

ထိုလူ၏ အသွင်အတိုင်း ဆိုလျှင် အစား အသောက် ကိုလောဘတကြီး စားသောက်တတ်သူဟု ထင်စရာရှိသည်။

ထိုသို့ထင်ရအောင် တမင် ဟန်ဆောင်နေခြင်း ဖြစ်မည်ဟု သိုင်းရာဇာလုံထောက် တွေးလိုက်မိ၏။

သူ၏ မျက်လုံးအစုံသည် ယာဘက်သို့ ရွေ့လျားသွားပြန်သည်။ ယာဘက်တွင် အဘွားအို တစ်ယောက်က အသက်ခြောက်နှစ် ခုနစ်နှစ်ခန့်ရှိ ကလေးငယ်တစ်ယောက်ကို ပေါင်ပေါ် တင်ကာ စားသောက်နေသည်။

သူမက နည်းနည်းစားပြီး ကလေးကို များများကျွေးနေ၏။ မြေးအဘွားဖြစ်မည် ထင်ရသည်။

သို့သော်....

အဘွားအို ကျွေးမွေးနေသည့် မြေးကို ချစ်လွန်းသဖြင့် ဦးစားပေးကာ ကျွေးမွေးနေခြင်းမျိုးထက် ကလေး စကား မပြောအားအောင် အစာကျွေးကာ ပါးစပ်ပိတ်ထားခြင်း မျိုး ဖြစ်သည်ဟု သိုင်းရာဇာလုံဆောက် ထင်မိသည်။

အစိမ်းရောင်အင်္ကျီရှည် ဝတ်ထားသော လူမမာနှင့်တူသူ...

အပြာရောင်ဝတ် ဝဝဖိုင့်ဖိုင့်ရှိသူ....

ကလေးကို ကျွေးမွေးနေသည့် အဘွားအို....

ထိုလူ သုံးယောက်သည် မသက်သာစရာကောင်းသူများ ဖြစ်သည်ဟု သိုင်းရာဇာလုံဆောက် အတွေ့အကြုံအရ ချက်ချင်း အကဲခတ်မိလိုက်လေတော့သည်။

'သူတို့ ဘယ်သူတွေလဲ....တစ်ယောက်စီခွဲပြီး ထိုင်နေကြပေမယ့် သူတို့ချင်းပတ်သက်မှုရှိနေနိုင်တယ်၊ ဒီဆိုင်မှာ ဘာလာလုပ်ကြတာလဲ'

အတွေးများသည် သိုင်းရာဇာ လုံဆောက်၏ ဦးခေါင်းထဲ တန်းစီဝင်ရောက်လာလေသည်။

တစ်ဆက်တည်းပင်....

'သူတို့က စိတ်ချရတာ မဟုတ်ဘူး၊ တော်ကြာ ခင်ဗျားကို အငြိုးထားပြီး ဒုက္ခပေးမှာကို ကျုပ် စိုးရိမ်မိတယ်'



ယို့အချိုးအနွယ်များနှင့် ပတ်သက်ပြီး တုဖုံး၏ သတိပေး စကားကို ပြန်လည်ကြားယောင်လာလေသည်။

ရုတ်တရက်...

သိုင်းရာဇာလုံဆောက် တစ်စုံတစ်ခုကို ဖျတ်ခနဲ သိရှိလိုက်၏။

'သူတို့ဟာ ကြေးစား လူသတ်သမားတွေပဲ'

ထိုစဉ်....

'သခင်ကြီး....သခင်ကြီး'

ကျယ်လောင်သော အသံနှင့်အတူ ဆိုင်လုလင်တစ်ယောက် ဒရောသောပါး ပြေးလွှားလာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

* * *

ဆိုင်လုလင်က အူယားဖားယား ပြေးလာသည်။

ဆိုင်ပိုင်ရှင် တုဖုံးရှိရာ အပေါ်ထပ်သို့ ပြေးတက်သွားရန် ရည်ရွယ်ထားပုံ ရလေသည်၊

သိုင်းရာဇာ လုံထောက်က လှေကားရင်း၌ ရှိနေရာ လမ်းပိတ်ထားသလို ဖြစ်နေပါသည်။

သိုင်းရာဇာလုံထောက် အာရုံပြောင်းသွားပြီး....

'ဘာဖြစ်တာလဲကွ'

ဟု လှမ်းမေးလိုက်လေသည်။

ဆိုင်လုလင်က....

'ဆိုင်ထဲမှာ လူသေအလောင်းတစ်လောင်းတွေ့လို့ သခင်ကြီးကို အမြန်ဆုံး အကြောင်းကြားမှဖြစ်မယ်'

ဗလုံး ဗထွေးပြောရင်း သိုင်းရာဇာ လုံထောက်၏ဘေးမှ ဖြတ်ကာ လှေကားပေါ် ပြေးတက်သွား၏။

သိုင်းရာဇာလုံထောက် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

သို့သော် ချက်ချင်းသတိဝင်လာပြီး....

'ဟေ့....ဟေ့ ဘယ်လိုဖြစ်တာလဲ၊ ပြောစမ်းပါဦးကွ'

ဆိုင်လုလင်နောက်သို့လိုက်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင်....



ဟာဘက်မှ အဘွားအိုသည် ရုတ်ခြည်းခုန်ထလာပြီး သူမ၏ပေါင်ပေါ်တင်ထားသော ကလေးကို သိုင်းရာဇာလုံထောက်ထံ ပစ်ပေးလိုက်လေသည်။

'အမယ်လေး'

ကလေးငယ်၏ အထိတ်တလန့်အော်သံ ဝါးခနဲငိုကြွေးသံ ထွက်ပေါ်လာသည်။

သိုင်းရာဇာလုံထောက် ဖျတ်ခနဲ လှည့်ကြည့်လိုက်ရာ လူရိပ်တစ်ရိပ် ရောက်လာသည်ကိုမြင်လျှင် လက်ဝါးဖြင့် ဆီးပြီး ရိုက်ချရန် ဟန်ပြင်လိုက်လေသည်။

သို့သော်....

ကလေး၏ အလန့်တကြားအော်သံ၊ ငိုသံကို ကြားရသောအခါ ချက်ချင်း ကိုယ်ရှိန်သတ်ကာ ရိုက်ချခြင်းမပြုတော့ဘဲ ဆီး၍ ဖမ်းထားလိုက်သည်။

တစ်ဆက်တည်းပင်....

'ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ'

ဟု အော်ငေါက်လိုက်လေသည်။

အဘွားအိုက ဘာမှမပြောဘဲ တောင်ဝှေးတစ်ချောင်းဖြင့် ခေါင်းပေါ်မှမိုးကာ ရိုက်ချလာခြင်းဖြင့် အဖြေပေးလိုက်လေသည်။

ကလေးကို ပစ်ပေးလိုက်ပြီးသည်နှင့် နံဘေး၌ ထောင်ထားသော တောင်ဝှေးကိုဆွဲကာ ခုန်ဝင်ရိုက်ချလိုက်ခြင်း ဖြစ်လေသည်။

သိုင်းရာဇာလုံထောက် ထိတ်လန့်သွားသည်။

ကလေးကို လက်တစ်ဖက်က ပွေ့ထားရင်း ကျန်လက်တစ်ဖက် အပေါ်မြှောက်ကာ ရိုက်ချလာသည့် တောင်ဝှေးကို ဖမ်းဆုပ်ထားလိုက်ရလေသည်။

သိုင်းရာဇာလုံထောက်၏ နေရာတွင် တော်ရုံတန်ရုံ လူတစ်ယောက်ဆိုလျှင် အဘွားအို၏ တိုက်ခိုက်မှုကြောင့် အသက်ပျောက်သွားလောက်ပြီ ဖြစ်လေသည်။

အဘွားအိုက စတင်လှုပ်ရှားတိုက်ခိုက်လိုက်သည်နှင့် အပြာရောင်ဝတ်ထားသည့် ခပ်ဝဝလူရွယ်ကလည်း လှုပ်ရှားလာတော့သည်။

လက်ထဲဖြန့်ထားသော ယပ်တောင်ကို ဖတ်ခနဲမြည်အောင် စုလိုက်ပြီး ထိုင်ရာမှခုန်ထကာ ယပ်တောင်ထိပ်ဦးဖြင့် သိုင်းရာဇာလုံထောက်အား ထိုးသွင်းလိုက်လေသည်။

ဝဲယာတစ်ဖက်တစ်ချက်မှ ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်လာကြောင်း သတိပြုမိလိုက်သည့် သိုင်းရာဇာလုံထောက်က လက်တစ်ဖက်ဖြင့် အဘွားအို၏ တောင်ဝှေးကို တားလိုက်သလို ခြေ



တစ်ဖက်ဆန့်ထုတ်ကာ ယပ်တောင်ဖြင့် ထိုးသွင်းလာသော အပြာရောင်လူရွယ်၏လက်ကို ကန်ကျောက်လိုက်လေသည်။

ထိုစဉ်မှာပင်....

အစိမ်းရောင်ဝတ်ထားသည့် လူမမာနှင့်တူသူသည် ထိုင်ရာမှ ကြွတက်လာပြီး လေထဲ အလျားလိုက် ဝမ်းလျားထိုးကာ ရှူးပုံတစ်ကောင်ပမာ တိုးဝင်လာသည်။

သူ၏လက်ထဲ၌ ဝင်းလက်နေသော ဓားပါးတစ်လက်ကိုင်ထား၏။ ထိုဓားပါးဖြင့် သိုင်းရာဇာလုံထောက်၏ ရင်ဝကို ထိုးစိုက်ချလိုက်ခြင်းဖြစ်လေသည်။

သိုင်းရာဇာလုံထောက်မှာ ခြေကောလက်ကော မအားတော့ပါ။

အဘွားအို၊ အပြာရောင်လူငယ်နှင့် အစိမ်းရောင်လူမမာတို့၏ အငိုက်ဖမ်းတိုက်ခိုက်မှုကြောင့် ဒုက္ခရောက်ရမည့် အခြေအနေ ဖြစ်ပေါ်လာသည်။

သို့တိုင်....

သိုင်းရာဇာလုံထောက်သည် ခေသူ မဟုတ်သည်နှင့် အသိ အဘွားအို၏ တောင်ဝှေးဖမ်းဆုပ်ထားသည့်လက်ကို အားဖြင့် အောက်သို့နှိမ့်ကာ ဆွဲချလိုက်လေသည်။

လိုအပ်ပါ....

တောင်ဝှေးဖြင့် ထိုးသွင်းသွားသည့်ဓားကို ခုခံပေးပြီးသား ဖြစ်သွားလေသည်။

'ခြွမ်း'

ကျယ်လောင်သောမြည်သံထွက်ပေါ်လာသည်။

ယခု....

သိုင်းရာဇာလုံထောက်သည် လျှပ်တစ်ပြက် ဂိုင်းရံတိုက်ခိုက်မှုကို ချက်ချင်းခုခံနိုင်လိုက်ပြီဖြစ်သည်။

ရန်သူ၏တိုက်ခိုက်မှုကို ကာကွယ်ပြီးသည်နှင့် ပြန်လည်တိုက်ခိုက်ဖို့သာရှိတော့သည်။

မည်သူကမျှ မိမိ၏ရန်သူကို အခွင့်အရေးပေးလိမ့်မည်မဟုတ်ပါချေ။ သိုင်းရာဇာလုံထောက်က....

'ယား'

ဩသံပေးကာ ပြန်လည်တိုက်ခိုက်ရန် ဟန်ပြင်လိုက်စဉ်မှာပင် လေ့ကားပေါ်ရောက်နေသည့် ဆိုင်လုလင်သည် ချာခနဲလှည့်ကာ ခြေကစ်ဖက်တုံးခနဲမြည်အောင် ဝှေ့ယမ်းရင်း ခြေစောင်းဖြင့် ကန်ကျောက်လိုက်၏။



ဆိုင်လုလင်၏ ခြေကန်ချက်သည် အကာအကွယ်ကင်းမဲ့နေသော သိုင်းရာဇာလုံထောက်၏ခါးကို ပြင်းပြင်းထန်ထန်ထိသွားကာ....

'ဖြောင်း'

'အား'

အရိုးကျိုးသံ အော်ဟစ်ညည်းညူသံများထွက်ပေါ်လာ၏။

သိုင်းရာဇာ လုံထောက်သည် ပွေ့ထားသော ကလေးကို လွှတ်ချလိုက်သလို ကြမ်းပြင်ပေါ် ဒူးထောက်ကျသွား၏။

ဤကွင်း....

ယပ်တောင်၊ တောင်ဝှေးနှင့်ဓားတို့သည် သူ၏ခန္ဓာကိုယ်၌ အတားအဆီးမရှိ ရိုက်နှက်ထိုးဖောက်လိုက်တော့သည်။

သိုင်းရာဇာလုံထောက်သည် အသွားအို၊ အပြာရောင်လူရှယ်နှင့် အစိမ်းရောင်လူမမာတို့သည် မသက်သာစရာကောင်းသူများအဖြစ် သတိပြုမိခဲ့သည်။

သို့သော်....

ဆိုင်လုလင်ကိုမူ အမှုမဲ့အမှတ်မဲ့ဖြစ်သွား၏။

ထို့ကြောင့်....

'အား'

အသံနက်ကြီးဖြင့် အော်ဟစ်လိုက်ရင်း ကြမ်းပြင်ပေါ် လိမ့်သွားလေတော့သည်။

*　　　*　　　*

ဆိုင်အောက်ထပ်၌ ရုတ်ရုတ်သဲသဲဖြစ်သွားသည်ကို အပေါ်ထပ်သီးသန့်ခန်းထဲ၌ စာရင်းတွက်နေသော တုဖုံးချက်ချင်း သတိပြုမိလိုက်လေသည်။

ထို့ကြောင့် အူယားဖားယား ပြေးထွက်လာခဲ့လေသည်။

ထိုစဉ်....

'ဆရာကြီးတုဖုံး ဘယ်သွားမလို့လဲဗျ'

စကားသံတစ်ချက် ထွက်ပေါ်လာခြင်းကြောင့် တုဖုံးလှည့်ကြည့်လိုက်မိလေသည်။

ထိုအခါ....

ဆိုင်ခေါင်မိုး တံစက်မြိတ်တွင် လင်းနို့တစ်ကောင်ပမာ ခြေနှစ်ချောင်းချိတ်ကာ တွဲလဲခိုနေသူတစ်ယောက်ကိုတွေ့လိုက်ရလေသည်။



ထိုလူသည် အနက်ရောင်ဝတ်ထားပြီး ခေါင်းစွပ်စွပ်ကာ ရုပ်ဖျက်ထားလေသည်။

တုဖုံး ရင်ထိတ်သွားသည်။

မကောင်းသည့် အတိတ်နိမိတ်များလည်း ချက်ချင်းခံစားလာရလေသည်။

သို့သော်....

သိုင်းလောကမှ နုတ်ထွက်ခဲ့ပြီဖြစ်သလို မိမိတွင် ရန်သူမရှိဟု ယုံကြည်ထားသဖြင့် ပင့်သက်တစ်ချက်ရှိုက်ကာ....

'မင်းဘယ်သူလဲ'

ဟု မေးလိုက်သည်။

ဝတ်စုံနက်က....

'ကျုပ်က အညတရ တစ်ယောက်ပါ၊ ဆရာကြီးတုဖုံးကို ကျုပ်နာမည် မပြောဝံ့ပါဘူးဗျာ'

စကားဆုံးလျှင် ခန္ဓာကိုယ်တစ်ချက်လွှဲယမ်းကာ ခေါင်မိုးပေါ် ခုန်တက်သွား၏။

ထို့နောက်....

အခြားအိမ်ခေါင်မိုးများ တစ်ခုမှတစ်ခု ခုန်ကူးသွားပြီး မြင်ကွင်းမှ ကွယ်ပျောက်သွားလေသည်။

တုဖုံးသက်ပြင်းချလိုက်မိသည်။

ဝတ်စုံနက်ကြောင့် တွေဝေမနေအားဘဲ ဆိုင်အောက်ထပ်သို့ ပြေးဆင်းသွားလိုက်၏။

အောက်ထပ်သို့ ရောက်သွားသည်နှင့် တစ်ပြိုင်နက် သွေးအိုင်ထဲ၌ အသက်ပျောက်နေသော သိုင်းရာဇာလုံထောက်အား တွေ့လိုက်ရလေသည်။

သိုင်းရာဇာ လုံထောက်အား လုပ်ကြံခဲ့ကြသူများကား ကြက်ပျောက်ငှက်ပျောက် ပျောက်သွားကြပြီတည်း။

ဝတ်စုံနက်သည် သိုင်းရာဇာလုံထောက်အား အချိန်မီ သွားရောက် ကူညီနိုင်ခြင်းမရှိစေရန် မိမိအား တမင်အနှောင့်အယှက်ပေးကာ အချိန်ဆွဲခဲ့ခြင်းဖြစ်ကြောင်း တုဖုံး သဘောပေါက်သွား၏။

သိုင်းလောကသားများအဖို့ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အချိန်လေးသည်ပင် သေရေးရှင်ရေး အရေးကြီးတတ်သော သဘောရှိသည်မဟုတ်ပါလား။

'တောက်'

တုဖုံး ခံပြင်းစွာ တက်ခေါက်မိလိုက်လေတော့သည်။

* * *



လေပြည်လေညင်း ဖြေ့ညှင်းတိုက်ခတ်လာသောအခါ သစ်ရွက်လေးများ ကြွေကျလာလေသည်။

ငှက်ကလေးတစ်ကောင်သည် ပင်ယံမြင့်ထက်၌ နားခိုကာ ဘာသာဘာဝ တေးသီကြွေးနေ၏။

မွှေးကြိုင်သော ဘောပန်းရနံ့များ လွင့်ပျံ့နေသည်။

သာယာလှပသော ပတ်ဝန်းကျင်ဖြစ်ပါသည်။

စုစုရုံးရုံးရှိနေသည့် သစ်ပင်များ၏ရှေ့တွင် ညီညာပြန့်ပြူးသော မြေကွက်လပ်တစ်ခုရှိသည်။

'ခွပ်....ခွပ်....ခွပ်....ခွပ်'

ရုတ်တရက် မြင်းခွာသံများ ထွက်ပေါ်လာပြီး အနက်ရောင် မြင်းလှည်းတစ်စီးသည် မြေကွက်လပ်သို့ ရောက်ရှိလာလေသည်။

မြင်းလှည်းမောင်းသူမှာ တစ်ကိုယ်လုံး အဖြူရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး မျက်နှာတွင် မျက်နှာဖုံးတစ်ခု တပ်ဆင်ထားကာ ရုပ်ဖျက်ထားလေသည်။

အနက်ရောင်မြင်းလှည်းနှင့် အဖြူရောင်ဝတ် မြင်းလှည်းမောင်းနှင်သူ...

လားလားမျှ မလိုက်ဖက်သည့် အရောင်အသွေးနှစ်ခု....

ပမာဆိုရလျှင် အ,မင်္ဂလာ မြင်းလှည်းတစ်စီးဟု ဆိုနိုင်ပါသည်။

မြေကွက်လပ်သို့ မြင်းလှည်းရောက်ရှိလာကာ ရပ်တန့်လိုက်သည်နှင့် မရှေးမနှောင်းမှာပင် အဝတ်အစားလေတီးသံများနှင့်အတူ သစ်ပင်များကြားမှ လူရိပ်ငါးခု ထွက်ပေါ်လာလေသည်။

အစိမ်းရောင်ဝတ်လူမမာ၊ အပြာရောင်လူရှည်၊ အဘွားအို၊ ဆိုင်လုလင်နှင့် ဝတ်ရုံနက်တို့ဖြစ်လေသည်။

သူတို့သည် မြင်းလှည်းအနီးသို့ လှမ်းသွားကြပြီး မြေပေါ်တွင် ပြိုင်တူ ဒူးထောက်ချလိုက်ကြလေသည်။

မြင်းလှည်းအိမ်ထဲမှ ကြည်လင်ပြတ်သားသော စကားသံထွက်ပေါ်လာသည်။

'ဒီကနေ့ မင်းတို့ရဲ့လုပ်ရပ်ဟာ အတော့်ကို အားရစရာကောင်းတာပဲ၊ ငါခိုင်းလိုက်တဲ့အတိုင်းဖြစ်အောင် လုပ်နိုင်ခဲ့ကြတယ်၊ မင်းတို့ အေးအေးဆေးဆေး အနားယူလိုက်ကြဦး၊ မကြာခင်မှာ အလုပ်ကြီးတစ်ခု ပေါ်လာလိမ့်ဦးမယ်၊ ကဲ… ကိုယ့်ဝေစုကိုယ်ယူပြီး သွားကြပေတော့'

စကားသံဆုံးလျှင် မြင်းလှည်းပြတင်းပေါက်အား ကာရံထားသော အနက်ရောင်ခန်းဆီး တစ်ချက်လှုပ်ရှားသွားသည်။



'ဖုတ်….ဖုတ်….ဖုတ်'

သေသပ်စွာ လုပ်ထားသော အထုပ်ကလေး ငါးထုပ်သည် ဒူးထောက်နေသူ ငါးယောက်ရှေ့သို့ ကျရောက်လာလေသည်။

ယနေ့….

သူတို့ငါးယောက်က သိုင်းရာဇာလုံထောက်အား သုတ်သင်ရှင်းလင်းခဲ့ကြပါသည်။

ထို့အတွက် ထိုက်တန်သော လုပ်အားခ ရရှိလိုက်ကြခြင်းဖြစ်သည်။

လူသတ်သမား ငါးယောက်သည် ငွေထုပ်လေးများကို ကောက်ယူလိုက်ကြပြီး….

'ကျေးဇူးတင်ပါတယ် အစ်ကိုကြီး'

ဟု ပြိုင်တူပြောလိုက်ကြသည်။

ထို့နောက်…,

ဒူးထောက်ရာမှထကာ လူချင်းခွဲပြီး တစ်ယောက်တစ်နေရာစီ ပြေးလွှား ထွက်ခွာသွားကြ၏။

တစ်ခဏအတွင်းမှာပင် ငါးယောက်စလုံး မြင်ကွင်းမှ ကွယ်ပျောက်သွားကြလေသည်။

ထိုအခါမှ....

မြင်းလှည်းတံခါး ပွင့်သွားပြီး လူတစ်ယောက် ဆင်းလာလေသည်။ ထိုသူမှာ အသက်ငါးဆယ်ခန့်ရှိပြီး ခရမ်းရောင် အဝတ်အစားများကို သပ်ရပ်စွာ ဝတ်ဆင်ထားလေသည်။

တည်ကြည်ခံ့ညားသော ဥပဓိရုပ်ရှိပြီး စာပေသမားတစ်ယောက် အသွင် ရှိလေသည်။

သူ့အား ကြေးစားလူသတ်သမားငါးယောက်၏ ခေါင်းဆောင် (ဝါ) အစ်ကိုကြီး ဟု မည်သူကမျှ ထင်မှတ်ကြမည် မဟုတ်ပါ။

မြင်းလှည်းမောင်းသူကလည်း ခုန်ဆင်းလာသည်။

မျက်နှာဖုံးတာကို ဆွဲချွတ်လိုက်လျှင် ရှည်လျားသော ဆံကေသာများ ဖွာခနဲ လွင့်ကျလာသည်။

ချောမောလှပသော အမျိုးသမီးတစ်ယောက်ဖြစ်ကြောင်း ချက်ချင်း ပေါ်လွင်လာလေသည်။

ထိုအမျိုးသမီးသည် မြင်းလှည်းပေါ်မှ ဆင်းလာသူအနီးသို့ ချဉ်းကပ်သွားပြီး....

'သူတို့ငါးယောက်က အစ်ကိုကြီးကို အတော်ရိုသေကြတာပဲနော်'



ဟု ပြောလိုက်သည်။

အစ်ကိုကြီးဆိုသူက ရယ်မောလိုက်သည်။

'ဟဲ....ဟဲ ကျုပ်က သူတို့အတွက် ကူညီစောင့်ရှောက်ခဲ့တဲ့ ကျေးဇူးတွေ မနည်းဘူးလေ၊ သူတို့ငါးယောက် တော်ကြပါတယ်၊ ဒါပေမယ့် သူတို့ချည်းပဲဆို ဦးခေါင်းမရှိတဲ့လူလို ဖြစ်နေမယ်၊ ကျုပ်က ဦးခေါင်းပေါ့၊ ကျုပ်ရှိမှ သူတို့က ဘဝ ရပ်တည်နိုင်မယ်ဆိုတာ သူတို့ ကောင်းကောင်း သိထားကြပါတယ်'

အမျိုးသမီးက....

'ဆိုင်းရာဇာလုံထောက်ကို လုပ်ကြံဖို့ ဘယ်သူမှ စိတ်ကူးကြတာ မဟုတ်ဘူး၊ အစ်ကိုကြီးက အောင်မြင်အောင် လုပ်နိုင်ခဲ့တာ ကြေးစားလောကမှာတော့ ချီးကျူးခံရမှာ သေချာတယ်'

အစ်ကိုကြီးက....

'ကျုပ်က ကြေးစားလောကသားတွေသိအောင် ဒီကိစ္စကို ကြေညာမှာ မဟုတ်ပါဘူး'

'ဟင်... ဘာဖြစ်လို့လဲ၊ အစ်ကိုကြီး [illegible]အောင်မြင် ကျော်ကြားလာရင် တန်ဖိုးပိုမြင့်လာမှာပဲ မဟုတ်လား'

အစ်ကိုကြီးက....

'ကျုပ်ကို အလုပ်အပ်မယ့်သူတွေက ငွေပိုပေးကြမယ်ဆိုတာ သိပါတယ်၊ ဒါပေမယ့် သိုင်းရာဇာလုံထောက်က မိတ်ဆွေ အပေါင်းအသင်းများတယ်၊ သိုင်းလောကမှာ ဝင်ဆံ့တယ်၊ ဒါကြောင့် ကျုပ်တို့လက်ချက်ဆိုတာ သိသွားကြရင် အန္တရာယ်များလာနိုင်တယ်၊ ပြီးတော့ သိုင်းရာဇာလုံထောက်ကို လုပ်ကြံခိုင်းတဲ့ လူတွေကလဲ ဒီကိစ္စကို သိုသိုသိပ်သိပ် ဖြစ်စေချင်ကြတယ်လေ'

'ဩော်....ဒီလိုကိုး'

'ကျုပ်က သူတို့ကို လေးလေးစားစား ဆက်ဆံမှုဖြစ်မယ်၊ ကဲ....ဒါတွေထားလိုက်ပါတော့၊ အလုပ်တစ်ခု အောင်မြင်သွားပြီဆိုတော့ ဝန်ထုပ်ဝန်ပိုးကြီး ကျသွားပြီပေါ့၊ တို့တစ်တွေ တစ်လလောက် အလည်အပတ် ခရီးထွက်ကြရင် ကောင်းမယ်ထင်တယ်'

ထိုစကားကြားလျှင် အမျိုးသမီး ဝမ်းသာအားရ ဖြစ်သွားလေသည်။

'သိပ်ကောင်းတာပေါ့ရှင်'

ဟု ထောက်ခံလိုက်သည်။

အစ်ကိုကြီးက...



'ကဲ....သွားကြရအောင်'

သူတို့နှစ်ယောက်သည် အနက်ရောင် မြင်းလှည်းကို စွန့်ပစ်ထားခဲ့ကြပြီး ပခုံးချင်းယှဉ်ကာ တောအုပ်ထဲမှ ထွက်သွားကြလေတော့သည်။

# ပဲပြားသည်

ဈေးထောင့်တွင်....

ဈေးခြံစည်းရိုးကို အမှီသဟဲပြု၍ ရှက်ဖျင်တဲလေးထိုးကာ
ရောင်းချနေသော ပဲပြားသည်တစ်ယောက်ရှိသည်။

ထိုပဲပြားသည်၏အမည်မှာ 'ထင်စန်း'ဖြစ်သည်။

တင်စန်းသည် အသက် သုံးဆယ်နီးပါးရှိသော လူရွယ်
တစ်ယောက် ဖြစ်သည်။ အသားဖြူ၊ ခန္ဓာကိုယ် ပိန်ပိန်ပါးပါး
သဘောကောင်းသူလည်းဖြစ်သည်။

ထင်စန်းသည် မိဘဆွေမျိုးဉာတိမရှိ တစ်ကောင်ကြွက် ဖြစ်
သည်။ မြို့အနောက်ဘက်ရှိ ဘုံကျောင်းတစ်ခုအနီး၌ အိမ်ခန်း
တစ်ခန်း ငှားရမ်းနေထိုင်လေသည်။



ယနေ့....

ထင်စန်း ပဲပြားရောင်းနေစဉ် ဝဝဖိုင့်ဖိုင့် အမျိုးသမီး
တစ်ယောက် ရောက်လာလေသည်။

ထိုအမျိုးသမီးကြီးသည် ထင်စန်းထံမှ ပဲပြားဝယ်နေကျ
ဖောက်သည်ဖြစ်လေသည်။

'ထင်စန်း....နင် ဘယ်တွေ လျှောက်သွားနေတာလဲ'

အမျိုးသမီးကြီးသည် ကျယ်လောင်ကျယ်လောင် ပြောရင်း
ပဲပြားများကို ကုင်တွယ်ရွေးချယ်လိုက်လေသည်။

ထင်စန်းက....

'ကျွန်တော်လဲ စီးပွားဖြစ်အောင် တခြား စီးပွားရေး
လုပ်ငန်း ပြောင်းလဲလုပ်ရင် ကောင်းမလားလို့ ခရီးထွက်ပြီး
စနည်းနာကြည့်တာပါ အစ်မကြီးရာ၊ ဒါပေမယ့် မဟန်ပါဘူး....
ငွေအရင်းအနှီး လိုတယ်မဟုတ်လား၊ အေးအေး ဆေးဆေး
ပဲပြားပဲ ရောင်းနေတာကောင်းပါတယ်'

အမျိုးသမီးကြီး ရယ်မောလိုက်သည်။

'နင့်မလဲ စားမယ့် သောက်မယ့်လူ မရှိဘဲ စီးပွားရှာချင်
လိုက်တာ လွန်ပါကောလား'

'ဒါတော့ အစ်မကြီးရာ....'

'ဒါတော့ လုပ်မနေနဲ့....ငါ့ကို ပဲပြားတစ်တုံး အပိုအဆစ် ပေးရမယ်၊ ရော့....ဒါက ပဲပြားဆယ်တုံးဖိုး'

ပဲပြား ဆယ်တုံးဖိုးပေးကာ ဆယ့်တစ်တုံး ယူပြီး ခြင်းတောင်းထဲ ထည့်လိုက်ပြီး ထွက်သွားတော့သည်။

ထင်စန်း ဘာမှမပြောဘဲ ငွေကိုသိမ်းဆည်းထားလိုက်လေသည်။

အမျိုးသမီးကြီး ထွက်သွားပြီး ကောင်လေးတစ်ယောက် ဆိုင်ထဲဝင်လာသည်။

ထင်စန်းကို မျက်နှာငယ်လေးဖြင့်ကြည့်ကာ....

'အစ်ကိုကြီး ထင်စန်း....အမေက ပဲပြား သုံးခုလောက် အကြွေးရောင်းလိုက်ပါတဲ့၊ အဖေနေမကောင်းလို့ အလုပ် ပြန်ဆင်းနိုင်တော့မှ ပေးပါရစေတဲ့၊ အဲဒါ....'

ထင်စန်း ပြုံးလိုက်သည်။

'အေးလေ....ယူသွားပေါ့'

ပဲပြားသုံးခုကို ထုတ်ပေးလိုက်လေသည်။

ကောင်လေးသည် အလွန်ကျေးဇူးတင်သွားပြီး ပဲပြားကို ယူကာ အပြေးတစ်ပိုင်း ထွက်သွားလေတော့သည်။



နေမြင့်လာပြီဖြစ်သလို ဈေးကွဲကာ လူကျဲသွားသည်။ ထင်စန်းလည်း ဆိုင်သိမ်းကာ အိမ်ပြန်လာခဲ့လေတော့သည်။

* * *

မြို့အနောက်ဘက်တွင် အိုမင်း ဟောင်းနွမ်းနေပြီဖြစ်သော ဘုံကျောင်းတစ်ခုရှိသည်။

ဘုံကျောင်းအနီး၌ ဆင်းရဲသားရပ်ကွက်လေး ရှိပေသည်။

ထိုဆင်းရဲသားရပ်ကွက်ထဲမှ နှစ်ထပ်ဆောက်လုပ်ထားသော သစ်သားအိမ်ကြီးတွင် ပိုင်ရှင်က ချို့တဲ့သဖြင့် အိမ်ခန်းများကို အငှားတင်ထားရလေသည်။

ထင်စန်းသည် ထိုနှစ်ထပ်အိမ်ကြီးတွင် အောက်ထပ် ဝဲဘက် အစွန်ဆုံးအခန်းကို ငှားရမ်းနေထိုင်လေသည်။

ထင်စန်းသည် တောင်းပလုံးများဖြင့် ပြန်လည် ရောက်ရှိလာသောအခါ သူ၏အခန်းတံခါးများ ပွင့်နေသည်ကို တွေ့ရှိလေသည်။

ထင်စန်း ရင်ထိတ်သွားသည်။

'ဘယ်လိုဖြစ်တာပါလိမ့်'

အခန်းထဲ လှမ်းဝင်လိုက်လျှင် အတွင်းဘက် ခါပ်ခန်းထဲမှ အသံဗလံအချို့ကို ကြားလိုက်ရလေသည်။

'ဘယ်သူလဲ'

ထင်စန်းက အော်မေးလိုက်သည်။

ဤတွင် အခန်းတွင်းမှလူတစ်ယောက်ဒရောသောပါး ပြေး ထွက်လာလေတော့သည်။

ထိုလူမှာ အရပ်ပုပု ဂင်တိုတိုအသက်နှစ်ဆယ်ခန့်ရှိပြီး အရက် သောက်ထားသဖြင့် မျက်နှာကြီးနီရဲပြောသွပ်နေလေသည်။

'ဟင်....ကျားလေး'

ထင်စန်း ရေရွတ်လိုက်လေသည်။

ကျားလေးဆိုသောလူငယ်က ထင်စန်းကို စိုက်ကြည့်ကာ ဘာမှမပြောဘဲ ခပ်တည်တည်ပင်ထွက်သွားရန် ဟန်ပြင်၏။

ထင်စန်းက....

'ကျားလေး ငါ့အခန်းထဲကို မင်းဘာဝင်လုပ်တာလဲ၊ ငါ မရှိတုန်း တိတ်တဆိတ်ဝင်လာတာ ဘာသဘောလဲကွ'



ကျားလေးက....

'ခင်ဗျားဘာသဘောထင်သလဲ'

'ဟော့....မင်းကများ ပြန်မေါက်ရသေးတယ်၊ ငါ့ပစ္စည်း တွေကို ငါမရှိတုန်း ခိုးမလို့မဟုတ်လား'

'ဘာကွ'

ကျားလေးက ပြန်အော်သည်။

ထိုင်နေသောကိုင်ခုံတစ်လုံးကို ဝှန်းခနဲမြည်အောင် ခြေဖြင့် ကန်ကျောက်ပစ်လိုက်ပြီး....

'ပဲပြားသည်ကများ ကြီးကြီးကျယ်ကျယ် ခင်ဗျားက ဘယ် လောက်များချမ်းသာလို့ ခင်ဗျားပစ္စည်းကိုခိုးရမှာလဲ၊ စကား ကို ဆင်ခြင်ပြောပါ'

ကျားလေးသည် ထင်စန်းကိုရန်တွေ့ကာ ထွက်သွားလေ တော့သည်။

ထင်စန်းက တောင်းပလုံးများကိုချကာ လဲကျနေသော ကုလားထိုင်ကို ပြန်ထောင်လိုက်သည်။

ဆူဆူညံညံအသံများကြောင့် အိမ်နီးနားချင်းများ ရောက်ရှိ လာကြပါသည်။

'ဘယ်လိုဖြစ်တာလဲ'

'ကျားလေး မယောင်မလည်လုပ်နေတာ တော့ တွေ့သ

'ဘာပါသွားသေးသလဲ'

တစ်ယောက်တစ်ပေါက်မေးကြည့်ကြသည်။ ပြောကြသည်

သူတို့သည် ကျားလေးက အခန်းထဲတွင်းဖောက်ဝင်သည် သိပါလျက် ကြောက်ရွံ့၍ မသိဟန် ဆောင်နေခဲ့ကြခြင်း ဖြ ကြောင်း ထင်စန်း နားလည်ပါသည်။

'ဘာမှ ပါမသွားပါဘူးဗျာ၊ ကဲ....ကျွန်တော်လဲ အိမ် ရှင်းလိုက်ဦးမယ်'

အိမ်နီးပါးချင်းများကို လျစ်လျူရှုကာ လုပ်စရာရှိသည် လုပ်ကိုင်နေလိုက်လေသည်။

အိမ်နီးပါးချင်းများသည် တစ်ယောက်တစ်ပေါက် ဝေ ပြောဆိုကြရင်း အလျှိုအလျှို လူစုခွဲသွားကြလေသည်။

ထင်စန်းက အိမ်တံခါး ပိတ်ထားလိုက်ပြီးမှ ကျားလေ ဝင်ခဲ့သည့် အခန်းတွင်းသို့ ဝင်လိုက်သည်။

အခန်းတစ်ခုလုံး ရှုပ်ပွနေပါသည်။



ကျားလေးသည် အကျင့်မကောင်းသူ ဖြစ်သည့်အတိုင်း အဖိုးတန်ပစ္စည်း ရလိုရငြား ရှာဖွေခဲ့ဟန်ရှိလေသည်။

ထင်စန်းသည် အခန်းတွင်းသို့ တစ်ချက်ဝေ့ကြည့်လိုက်ပြီးမှ ခုတင်အနီးသို့ လှမ်းသွားလိုက်သည်။

ခုတင်ဘေးနံရံတွင် ပန်းချီကားတစ်ချပ် ချိတ်ထားလေသည်။ ထိုပန်းချီကားမှာ နေဝင်ချိန်ကာလ သင်္ချိုင်းကုန်းတစ်ခု၏ ရှုမျှော်ခင်းဖြစ်လေသည်။

အလွန် ကုက်သရေမင်္ဂလာကင်းမဲ့သော ပန်းချီကား ဖြစ်ပါသည်။ ထင်စန်းက ထိုပန်းချီကားကို ဖြုတ်လိုက်သည်။

ထိုအခါ....

နံရံတွင် အပေါက်တစ်ပေါက်ရှိနေပါ၏။

ထင်စန်းက ထိုအပေါက်ထဲသို့ လက်နှိုက်လိုက်သည်။

လက်ပြန်ထုတ်လိုက်သောအခါ ယွန်းသေတ္တာလေးတစ်လုံး နှင့် ရှည်မျောမျောအထုပ်လေးတစ်ထုပ်တို့ ဖြစ်လေသည်။

ထင်စန်းသက်ပြင်းချလိုက်သည်။

'ကျားလေးဟာ ပန်းချီကားကိုသာ ဖြုတ်ပြီးကြည့်လိုက်ရင်တော့ အားလုံးခက်ကုန်တော့မှာပဲ'

ဟု ရေရွတ်လိုက်လေသည်။

ယွန်းသေတ္တာလေးကို ဖွင့်လိုက်သောအခါ ရွှေတုံးလေးများ အပြည့်ရှိနေသည်ကို တွေ့ရလေသည်။

ထင်စန်းသည် ယွန်းသေတ္တာကို ပြန်ပိတ်လိုက်သည်။

ထို့နောက်....

ရှည်မျောမျောအထုပ်လေးအား ရစ်ပတ်ထားသည့် အဝတ်ကို ဖြည်လိုက်သည်။

ထိုအခါ....

ဟောင်းနွမ်းပြီး မည်းနက်သော ဓားတစ်လက် ထွက်ပေါ်လာလေသည်။

ထင်စန်းက....

'ငါဒီမှာဆက်နေလို့ ဖြစ်ပါတော့မလား'

ဟု ညည်းညူလိုက်သည်။

ပဲပြားသည်နှင့် ဓားသည် မည်သို့မျှ သက်ဆိုင်နိုင်မည် မဟုတ်ပေ။

ထို့အပြင်....



ဆင်းရဲနွမ်းပါးသော လူဘယ်ယောက်တွင် ရွှေတုံးများ ရှိနေသည်မှာ ထူးဆန်းပေသည်။

ထိုစဉ်....

'ဟေ့ကောင်ပဲပြားသည် အပြင်ထွက်ခဲ့စမ်း'

အိမ်ရှေ့မှ ကျယ်လောင်သော အော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

* * *

မကြာသေးမီက စုရုံးရောက်လာခဲ့ကြသည့် အိမ်နီးပါးချင်းများ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားပြီဖြစ်သည်။

အိမ်ရှေ့တွင် ရုပ်ရည်ကြမ်းတမ်းခက်ထန်သော လူနှစ်ယောက် ရောက်ရှိနေကြလေသည်။

ထိုလူနှစ်ယောက်မှာ ကျားကြီးနှင့် ကျားလေးတို့ ညီအစ်ကို နှစ်ယောက် ဖြစ်လေသည်။

ပဲပြားသည်ထင်စန်းက အိမ်ရှေ့သို့ထွက်လိုက်ပြီး ကျားလေးတို့ ညီအစ်ကိုကို တွေ့ရလျှင် စိတ်ပျက်သွားလေသည်။

ကျားလေးတို့ညီအစ်ကိုသည် ဤဆင်းရဲသားရင်ကွက်လေး တွင် ဆိုးသွမ်းမိုက်မဲနေကြပြီး လူတကာ အော့ကြောလန်သူ များ ဖြစ်လေသည်။

ကျားလေးသည် ထင်စန်းထွက်လာသည်ကိုမြင်လျှင်....

'အစ်ကိုကြီး သူက ကျွန်တော့်ကို သူခိုးစွပ်စွဲတယ်ဗျ၊ ရှက်စရာကောင်းလိုက်တာဗျာ'

ဟု ပြောလေသည်။

ကျားကြီးက....

'ဟေ့ကောင် မင်းက ငါ့ညီကို စော်ကားတယ်ပေါ့ ဟုတ် လား၊ ပြောစမ်းပါဦးကွ'

ဟု ထင်စန်းအား လှမ်းအော်လိုက်လေသည်။

ထင်စန်းက....

'ခင်ဗျားညီက ကျုပ်အိမ်ထဲကို ကျုပ်မရှိတုန်း တိတ်တဆိတ် ဝင်တာကကော ဘာသဘောလဲ'

ဟု ပြန်မေးလိုက်လေသည်။

ကျားကြီးက....



'အောင်မာ ပဲပြားသည်ကများ မောက်မာလိုက်တာ။ မင်းမှာ တစ်ပဲခြောက်ပြားရှိလို့လား၊ ငါ့ညီဝင်တော့ကော ဘာဖြစ်သလဲ၊ မင်းလိုစွာတဲ့ကောင်ကို င ကြ ဆုံးမပေးရဦး မှာပေါ့'

ပြောရင်း ရှေ့တိုးလာလေသည်။

ထင်စန်းက....

'ခင်ဗျား မတရားမလုပ်ချင်ပါနဲ့ဗျာ'

'လုပ်တော့ဘာဖြစ်သလဲ၊ မင်းကို မှတ်လောက်သားလောက် အောင် ရိုက်နှက်ပြီး လမ်းပေါ်သွားပစ်ထားမယ်'

ပြောပြောဆိုဆို လက်သီးဆုပ်ကြီးဖြင့် ထိုးသွင်းရန် ဟန် ပြင်လိုက်လေသည်။

ထိုစဉ်....

'ဟား....ဟား....ဟား....တော်တော်စွာတဲ့လူပါလား'

စကားသံတစ်ချက် ထွက်ပေါ်လာလေသည်။

ကျားကြီးညီအစ်ကိုနှင့် ထင်စန်းတို့ လှည့်ကြည့်လိုက်ကြ လေသည်။

တို့အခါ...

အဘွားအိုတစ်ယောက် လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရ၏။ ထိုအဘွားအိုကိုမြင်လျှင် ထင်စန်းမျက်နှာကွက်ခနဲ ပျက်သွားလေတော့သည်။

* * *

အဘွားအိုတစ်ယောက်သည်တောင်ဝှေးကိုမြေပေါ်ထောက်ကာ လှမ်းလာနေ၏။

သူမ၏မျက်နှာ ပြုံးရွှင်နေလေသည်။

ကျားကြီးက...

'တယ်...ဒီအဘွားကြီး သေချင်ပြီထင်တယ်'

ဟု ငေါက်လိုက်လေသည်။

ကျားလေးက...

'အစ်ကိုကြီး ဘာမှမပူနဲ့၊ ဒီအဘွားကြီးကို ကျွန်တော် ဆုံးမလိုက်မယ်'

'အေး...ကောင်းတယ်'



ကျားလေးသည် အဘွားအိုရှေ့တွင် လမ်းပိတ်ရပ်လိုက်ပြီး...

'အဘွားကြီးက သေချင်နေတာကိုး'

ဟု ပြောကာ လက်သီးတစ်လုံး ပစ်သွင်းလိုက်လေသည်။

အဘွားအိုက ရှောင်တိမ်းခြင်းမပြုဘဲ...

'မင်းတို့ ဘာမှ မသိတတ်ကြသေးဘဲကိုး'

ဟု ပြောကာ တောင်ဝှေးဖြင့် ဆတ်ခနဲ ရိုက်ချလိုက်လေသည်။

သူမ၏တောင်ဝှေးသည် ကျားလေး၏ဦးခေါင်းကို တည့်တည့် မတ်မတ် ရိုက်ချမိလိုက်လေတော့သည်။

'ခွပ်'

'အား'

ကျားလေး ငယ်သံပါအောင် အော်လိုက်သည်။

ဦးခေါင်းတစ်ခုလုံး သွေးချင်းချင်းနီရဲကာ ခွေခနဲ လဲကျသွားလေတော့သည်။

'ဟာ...'

မမျှော်လင့်သောအဖြစ်ကြောင့် ကျားကြီး အထိတ်တလန့် ဖြစ်သွားလေသည်။

ကျားလေးသည် အဘွားအိုး၏တောင်ဝှေးရိုက်ချက်ကြောင့် အသက်ပျောက်နေပြီမဟုတ်ပါလား။

ထင်စန်း စိတ်ပျက်သွားသည့်အလား ခေါင်းခါယမ်းလိုက်ပြီး....

'ခင်ဗျားလုပ်လိုက်ရင် အရမ်းချည့်ပဲ'

ဟု ပြောလိုက်လေသည်။

အဘွားအိုက....

"အေြာ်....ငါကလဲ မင်းကိုဒုက္ခပေးမယ့်သူတွေကို ဆုံးမပေးရသေးတယ်၊ ငါ့ကိုလဲအပြစ်တင်ဘယ်ပေါ့ ဟုတ်လား'

ဟု မကျေမနပ်ပြောသည်။

ကျားကြီးက....

'အဘွားကြီးခင်ဗျားကြောင့် ကျုပ်ညီသေရပြီ၊ ခင်ဗျားလဲ သေဖို့သာပြင်ထားပေတော့'

အော်ဟစ်ရင်း ပြေးဝင်ကိုက်ခိုက်လိုက်လေသည်။



ကျားကြီးမှာ အလွန်သန်စွမ်းသည်ဖြစ်၍ သူ၏တိုက်ခိုက်မှုမှာ ကြောက်စရာကောင်းအောင် ပြင်းထန်နေပါသည်။

အဘွားအိုမှာ ပိန်ခြောက်ခြောက်လေးဖြစ်၍ ကျားကြီး၏ လက်သီး တစ်ချက်မိသွားလျှင် အသက်ပျောက်သွားလိမ့်မည် ဖြစ်လေသည်။

သို့သော်....

ကျားကြီး၏လက်သီးက အဘွားအိုအားမထိုးမီမှာပင် အဘွားအို၏တောင်ဝှေးက သူ၏ခြေထောက်ကို ရိုက်မိသွားလေတော့သည်။

'ဖြောင်း'

'အား'

ကျားကြီးငယ်သံပါအောင်အော်ဟစ်ကာ မြေပေါ် ဘိုင်းခနဲ ပြုတ်ကျသွားလေသည်။

ခြေနှစ်ချောင်း သွင်သွင်ကျိုးသွားပြီးဖြစ်သော ကျားကြီးမတ် တတ်မရပ်နိုင်တော့ပါ။

အဘွားအိုက ထင်စန်းကိုလှမ်းကြည့်ကာ....

"ငါက မင်းဆီကိုလာတာ ပိုက်ဆံချေးမသို့'

'ဗျာ'

'ငါ့ကို ငွေနည်းနည်းလောက်ချေးစမ်းပါ၊ နောက်ထပ် အလုပ်ပေါ်လာတဲ့အခါ ပြန်ပေးပါ့မယ်'

'ခင်ဗျာ....'

'ဘာလဲ ဟိုတလောက ငါ့အတွက်ရခဲ့တဲ့ဝေစုကောလို့ မေးမလို့မဟုတ်လား မရှိတော့ဘူးကုန်ပြီ'

ထင်စန်း ခေါင်းကုတ်လိုက်သည်။

'တယ်ခက်တာပဲဗျာ'

'ဘာလဲ မင်းက မချေးငှားချင်ဘူးပေါ့လေ'

ထင်စန်းက....

'ဒီလိုမဟုတ်ပါဘူးဗျာ၊ ခင်ဗျားခုလို လုပ်လိုက်တာကြောင့် ကျုပ်ဒီမှာဆက်နေဖို့ မဖြစ်တော့လို့ပါ'

အဘွားအိုက....

'ဒီကောင်တွေကြောင့်ပါ၊ ကျုပ်ကြောင့် မဟုတ်ပါဘူး၊ အို....ရှုပ်ပါတယ်'

ပြောပြောဆိုဆို မြေပေါ်လူးလိမ့်နေသည့် ကျားကြီး၏ ဦးခေါင်းပေါ် တောင်ဝှေးဖြင့် ရိုက်ချလိုက်လေသည်။



ကျားကြီးထိတ်လန့်သွားပြီး....

'မ....မလုပ်ပါနဲ့'

ကပျာကယာအော်ဟစ် တောင်းပန်လိုက်လေသည်။

သို့သော်....

နောက်ကျသွားပြီဖြစ်ပါသည်။

'ခွပ်'

'အား'

စူးရှသော အော်ဟစ်သံနှင့်အတူ အမိုက်ဇာတ်သိမ်းသွားလေတော့သည်။

အဖြစ်အပျက်မှာ လျင်မြန်လွန်းလှသည်။

ထင်စန်း ဟန့်တားဖို့ အချိန်မရတော့ချေ။

အဘွားအိုက ထင်စန်းဘက်ပြန်လှည့်လိုက်ပြီး....

'အစ်ကိုကြီးအတွက် အလုပ်လုပ်ပေးရင် အသက်တစ်ချောင်းကို ငွေတစ်သောင်းပဲ'

ဟု ပြောလေသည်။

ထင်စန်းက....

'ခင်ဗျား ဒီလိုလျှောက်ပြောနေတာ အစ်ကိုကြီးသာ ကြား သွားရင် မလွယ်ဘူး'

အဘွားအိုမျက်လုံးပြူးသွားသည်။

'တို့အချင်းချင်းတွေပဲ ဘာလဲ မင်းက အစ်ကိုကြီးကိုပြန်တိုင် ပြောပြီး ငါ့ကိုချောက်ချချင်တယ်ပေါ့ ဟုတ်လား'

'မဟုတ်ပါဘူးဗျာ၊ စကားကိုအရမ်းမပြောဖို့ သတိပေးတာ ပါ'

အဘွားအို လက်ဝှေ့ယမ်းလိုက်သည်။

'ကဲ....ဒါတွေ ထားလိုက်စမ်းပါ၊ ငါ့ကို ငွေငါးထောင် လောက်ချေးစမ်းပါ၊ မြန်မြန်လုပ်အချိန်မရှိဘူး'

ထင်စန်းက....

'ခင်ဗျား....ခုလိုလာပြီး ချေးငှားနေတာ အကြိမ်ပေါင်း များပြီ၊ ဒီတစ်ခါနောက်ဆုံးပဲဖြစ်ပါစေဗျာ၊ ကျုပ်လဲ ဒီမှာ ဆက်နေလို့မဖြစ်တော့ဘူး၊ တစ်နေရာကို ပြောင်းတော့မယ်'

ဟု ပြောလိုက်၏။



အဘွားအိုက....

'မင်းဘာသာ ဘယ်မှာနေနေ အရေးမကြီးပါဘူး၊ ငါ့ အတွက် ငွေချေးရင်ပြီးတာပဲ'

ဟု ပြောကာ သဘောကျစွာ ရယ်မောလိုက်လေတော့ သည်။

* * *

ခန်းမဆောင်အတွင်း၌ မီးရောင်ထိန်ထိန်လင်းနေသည်။

အသံဗလံများလည်း ဆူဆူညံညံ ထွက်ပေါ်နေလေသည်။

လောင်းကစား သမားများသည် ကစားဝိုင်းများတွင် င်းအုံနေရာသူဘာ လောင်းကစားနေကြ၏။

အဘွားအိုသည် လောင်းကစားခန်းမတွင်းသို့ ဝင်ရောက် ာပြီး တစ်ချက်ဝေ့ကြည့်လိုက်၏။

ထို့နောက် ကြေးအကြီးဆုံး လောင်းကစားဝိုင်းရှိရာသို့ ပ်သွက်သွက် လှမ်းသွားလိုက်လေသည်။

ပါသမျှငွေ အကုန်ရှုံးသွားသော်လည်း လောင်းကစား မားတစ်ယောက်က ညည်းညူပြီး နေရာမှထသွားသောအခါ သွားအိုက....

'ငါဝင်မယ်ဟေ့'

ဟု အောင်ပြောကာ အခြားလောင်းကစားသမားများကို တွန်းဖယ်ပြီး လွတ်သွားသောထိုင်ခုံတွင် ဝင်ထိုင်ချလိုက်လေ သည်။

အခြားလောင်းကစားသမားများ မကျေမနပ်ဖြစ်သွားကြ သော်လည်း....

'ငါးထောင်ထိုးမယ်'

ဟု အောင်ပြောလိုက်သောအခါ အားလုံး ငြိမ်ကျသွား တော့၏။

ငွေငါးထောင်သည် နည်းနည်းနောနော ငွေပမာဏမဟုတ် ချေ။ အဘွားအိုက ထဝ်စန်းထံမှ ချေးငှားလာသည့် ငွေငါး ထောင်ကို တစ်ခါတည်း ချထိုးလိုက်သည်။

ဒိုင်လုပ်သူသည် သုံးကြိမ်တိုင်တိုင် အလျော်ပေးလိုက်ရလေ သည်။ အဘွားအို၏ရှေ့တွင် ငွေများစုပုံလာလေသည်။

အဘွားအို တဟားဟားတဝါးဝါး ပွဲကျနေသည်။

ငွေအားလုံးကို တစ်ခါတည်း စုပုံထိုးချလိုက်သည်။

စတုတ္ထအကြိမ်တွင် အလျော်မရတော့ဘဲ ဒိုင်စားသွား၏။



အဘွားအို ငိုင်သွားသည်။

သုံးလေးလှည့်မထိုးဘဲငိုင်နေရာ ငွေကုန်သွားမှန်း အားလုံး သိသွားကြ၏။

'ငွေမရှိရင်တော့ ထွက်ဗျို့'

'ဘာလုပ်နေဘာလဲ'

လောင်းကစားသမားများ တစ်ယောက်တစ်ပေါက် အော် ပြောလာကြလေသည်။

အဘွားအို ဘာမှမတတ်နိုင်တော့ပါ။

'ထွက်မယ်၊ ဘာမှအော်နေစရာမလိုဘူး'

ဟု အော်လိုက်ပြီး ထိုင်ခုံမှ ထလိုက်လေသည်။

လောင်းကစားခန်းမထဲမှ ထွက်လာသောအခါ ငွေတစ်ပြား တစ်ချပ်မှ မရှိတော့ပါ။

အဘွားအိုသည် ခြေဆောင့်နင်းကာ ဘောက်ဆတ်ဆတ် ဖြင့် လျှောက်သွားရင်း....

'အစ်ကိုကြီးကလဲ ဘာလုပ်နေသလဲမသိဘူး၊ နောက်ထပ် အလုပ်တစ်ခုရရင် သိပ်ကောင်းမှာပဲ'

ဟု ညည်းတွားနေလေတော့သည်။

## ဝါသနာ

ရွှေဂေဟာ....

ရွှေဂေဟာသည် တိတ်တိတ်ပုန်းဖွင့်လှစ်ထားသော ဆော

ကြာမြိုင် တစ်ခုဖြစ်လေသည်။

ယနေ့....

မိုးစင်စင်လင်းသည်နှင့် ရွှေဂေဟာသို့ ဧည့်သည်တစ်ယောက်

ရောက်ရှိလာလေသည်။

ဂေဟာပိုင်ရှင်ဖြစ်သော အမေကြီးယွမ်က ရွှင်ပြုံးချိုသာ

စွာဖြင့် ဆီးကြိုလိုက်သည်။

'တူလေး လွှေဖုံးတို့ကတော့ တကယ့်ကို ဇွဲကောင်းတာပဲ

ဟေ့'



ဧည့်သည်မှာ အပြာရောင်ဝတ်ဆင်ထားသည်။ အနည်းငယ်

ဝဖိုင့်သော လူရွယ်ဖြစ်ပါသည်။

သူ၏လက်ထဲ၌ ယပ်တောင်တစ်ချောင်းကိုင်ကာ တဖျပ်ဖျပ်

ယပ်ရင်း ပြုံးဖြဲဖြဲဖြင့်....

'အမေကြီးယွမ်ပဲ မနေ့က ပြောတယ်မဟုတ်လား၊ ဒီနေ့

အသစ်လေးတွေ ရောက်မယ်ဆိုတာလေ'

'ဟင်း....ဟင်း....ရောက်နေပါပြီကွယ်၊ နှစ်ယောက် ခေါ်

လာတယ်ကွယ့်'

'ဘယ်မှာလဲ'

'ရှိတယ်၊ အခန်းထဲသာဝင်သွား'

'ကျေးဇူးပဲ အမေကြီးယွမ်'

လွှေဖုံးဆိုသည့် လူရွယ်သည် အမေကြီးယွမ် ညွှန်ပြသည့်

အခန်းတွင်းသို့ ခပ်သွက်သွက်ပင် ဝင်သွားလေသည်။

အခန်းတွင်း၌ မိန်းကလေးတစ်ယောက် ရှိနေပါသည်။

လွှေဖုံးက ဟိုဟိုသည်သည်ကြည့်လိုက်သည်။

'လာလေ....အစ်ကို ဘာရှာနေတာလဲ'

မိန်းကလေးက လှမ်းခေါ်သည်။

လေ့ဖုံးက....

'အမေကြီးယွမ် ပြောတော့နှစ်ယောက်ဆို၊ နောက် တစ်ယောက်ကော'

ဟု မေးလိုက်လေသည်။

မိန်းကလေးက....

'ညွှဲ့သည်တစ်ယောက်ကို ညွှဲ့ခံပြုစုနေပါတယ်ရှင်'

'ဘာ'

လေ့ဖုံးက ချက်ချင်းပင် အခန်းအပြင်ဘက် ပြေးထွက်သွားလေသည်။

အမေကြီးယွမ်က....

'ဟင်....တူလေးလေ့ဖုံး ကသောကမျောနဲ့ ဘယ်လိုဖြစ်လာတာလဲ'

ဟု ဆီးကြိုမေးလေသည်။

လေ့ဖုံးက....



'အမေကြီးယွမ်ပြောတော့ နှစ်ယောက်ဆို'

'ဩော်...တစ်ယောက်က ညွှဲ့သည်ကို ပြုစုနေပြီလေကွယ်၊ တူလေးလေ့ဖုံးထက် နည်းနည်းလေးပဲ စောပြီး ရောက်လာတာ'

'သူတို့ ဘယ်မှာလဲ'

'ဟိုဘက်အခန်းမှာလေ ဘာဖြစ်လို့လဲ'

လေ့ဖုံးက ဘာမှမပြောဘဲ အမေကြီးယွမ် ညွှန်ပြသည့် အခန်းဆီသို့ လှမ်းသွားလိုက်၏။

အခန်းတံခါး ပိတ်ထားသည်ဖြစ်ရာ....

'ဝုန်း'

ခြေထောက်ဖြင့် ကန်ကျောက်ဖွင့်လိုက်လေသည်။

တံခါးပွင့်သွားလျှင် အဝတ်အစား ဖရိုဖရဲနှင့် ယောကျ်ားတစ်ယောက် မိန်းကလေးတစ်ယောက်ကို တွေ့ရ၏။

မိန်းကလေးမှာ အတော်လေး ချောမောလှပသူလေး ဖြစ်ပေသည်။ လေ့ဖုံးက အခန်းတွင်းသို့ လှမ်းဝင်သွားပြီး ယောကျ်ားဖြစ်သူအား ကုပ်မှဆွဲကာ....

'မင်း တခြားနေရာသွားတာ သက်ဆိုးရှည်လိမ့်မယ်'

ဟု ငေါက်ကာ အခန်းတွင်းမှ တွန်းထုတ်ပစ်လိုက်၏။

ထိုလူသည် ကြောက်အားလန့်အားဖြင့် တစ်ချိုးတည်း ထွက်ပြေးသွားလေတော့သည်။

လေ့ဖုံးက ပါးစပ်အဟောင်းသားဖြင့် အခန်းအပြင်မှ ကြည့်နေသည့် အမေကြီးယွမ်အား ကြည့်ကာ....

'ဘယ်ညှော်သည်ပဲလာလာ လက်မခံနဲ့ဦး၊ ဟိုဘက်ခန်းမှာ ကျန်ရစ်ခဲ့တဲ့ ကောင်မလေးဟာလဲ ကျုပ်အတွက်ပဲ'

ဟု အော်ပြောလိုက်သည်။

ထို့နောက်....

တံခါးကို ဝုန်းခနဲမြည်အောင် ဆောင့်ပိတ်ကာ မိန်းကလေးဆီသို့ လှမ်းသွားလိုက်လေသည်။

'ဟား....ဟား....ဟား'

အပြင်ဘက်မှ အမေကြီးယွမ်၏ သဘောကျစွာ ရယ်မောလိုက်သော ရယ်သံ ထွက်ပေါ်လာလေတော့သည်။

* * *



ညနေစောင်းနေပြီဖြစ်သည်။

လေ့ဖုံးက စားသောက်ဆိုင်တစ်ဆိုင်၌ အကျအနထိုင်ကာ စားသောက်နေလေသည်။

အမေကြီးယွမ်၏ ရှေ့ဂေဟာမှ ပြန်လာခဲ့သည်မှာ မကြာသေးပါ။

ယနေ့ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို အထူးပင် ကျေနပ်နှစ်သိမ့်နေလေသည်။

လေ့ဖုံး စားသောက်နေစဉ် ဆိုင်ရှေ့မှ ဖြတ်သွားသော မိန်းကလေးတစ်ယောက်အား တွေ့လိုက်ရလေသည်။

ထိုမိန်းကလေးမှာ အသက်ဆယ့်ခုနစ်နှစ် ဆယ့်ရှစ်နှစ်ခန့်သာ ရှိပါသေး၏။

ခပ်လတ်လတ် အဝတ်အစားများ ဝတ်ဆင်ထားပြီး ဈေးခြင်းတောင်းတစ်ခု လက်မှာဆွဲထားသည်။

ညနေဈေးသို့ သွားမည့်ပုံ ရလေသည်။

လေ့ဖုံးသည် မိန်းကလေးကို တွေ့လျှင် ရင်ခုန်လာလေသည်။

'အတော့်ကိုချောတဲ့ မိန်းကလေးပဲ၊ ဒီညအဖော်လုပ်လိုက်ရရင် သိပ်ကောင်းမှာပဲ'

ထိုသို့တွေးမိသည်နှင့် ချက်ချင်းပင် စားသောက်ခ ကျသင့်ငွေ ပေးချေကာ ဆိုင်ထဲမှ ထွက်လိုက်သည်။

မယောင်မလည်ဖြင့် မိန်းကလေးနောက်သို့ လိုက်သွားပြီး လူရှင်းသည့် တစ်နေရာရောက်သျှင် လျှပ်ဘစ်ပြက် ချဉ်းကပ်ကာ သွေးကြောထိုးပိတ်လိုက်လေသည်။

'အင့်'

မိန်းကလေး မသဲမကွဲညည်းညူပြီး ပျော့ခွေလဲကျသွား၏။

လေ့ဖုံးက မိန်းကလေးကိုချက်ချင်းပွေ့ချီကာ ပခုံးပေါ်ထမ်းပြီး လျင်မြန်စွာ ပြေးထွက်သွားလေတော့သည်။

*　　*　　*

ည....

အမှောင်ထုလွှမ်းခြုံထားပြီဖြစ်သည်။

မြို့ပြင်၌ ချုံနွယ် ပိတ်ပေါင်းများ ဖုံးလွှမ်းနေသော အဆောက်အအုံပျက်တစ်ခုရှိလေသည်။

ယခု....

ထိုအဆောက်အအုံအတွင်း၌ မီးရောင်များ ထွက်ပေါ်နေပါ၏။



လေ့ဖုံးက မီးပုံအနီး၌ထိုင်နေသည်။

မလှမ်းမကမ်း၌ မိန်းကလေး ကျုံ့ကျုံ့လေးရှိနေပါ၏။

လေ့ဖုံးက အရက်တစ်ခွက် သောက်လိုက်ပြီး ပြုံးဖြဲဖြဲဖြင့် မိန်းကလေးကိုကြည့်လိုက်သည်။

'ညီမလေး....သိပ်ကြောက်နေပြီလား၊ ဟဲ....ဟဲ....မကြောက်ပါနဲ့ကွယ့်၊ အစ်ကိုက ညီမလေးကို သိပ်ချစ်လို့ခေါ်လာတာပါ၊ ဟဲ....ဟဲ'

အရက်ခွက်ကိုချလိုက်သည်။

မိန်းကလေးထံ လှမ်းသွားလိုက်လေသည်။

မိန်းကလေးမှာ ကြောက်လန့်ကာ ငိုမဲ့မဲ့ဖြစ်နေပါသည်။

'ကျွန်....ကျွန်မ တောင်းပန်ပါတယ်ရှင်၊ ကျွန်မကိုချမ်းသာပေးပါ၊ ပြန်လွှတ်ပေးပါရှင်'

ဟု တောင်းပန်တိုးလျှိုးနေလေသည်။

လေ့ဖုံးက....

'ဟဲ....ဟဲ....စိတ်ချ၊ မနက်ကျရင် ပြန်လွှတ်ပေးလိုက်မှာပါကွယ်'

'ခု…ခုပဲလွှတ်ပေးပါရှင်၊ ကျွန်…ကျွန်မ'

'ဟဲ…ဟဲ…ဟဲ…လိမ္မာပါတယ်ကွယ်'

လေ့ဖုံးက အနီးသို့ တိုးသွားလိုက်လေသည်။

မိန်းကလေးက နောက်ဆုတ်လိုက်သည်။

လေ့ဖုံးက…

'လာပါညီမလေးရယ်၊ ဟဲ…ဟဲ'

မိန်းကလေးအား သိမ်းကျုံးပွေ့ဖက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်…

လေ့ဖုံး၏ မျက်လုံးအစုံသည် အဆောက်အအုံပျက်နံရံတွင် ရေးထားသော စာလုံးနှစ်လုံးကို တွေ့မြင်သွားလေသည်။

ထိုစာလုံးနှစ်လုံးမှာ…

'သုံးရက်၊ လုယန်'

ဟူ၍ ဖြစ်လေသည်။



'ဟင်'

လေ့ဖုံး လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

မိန်းကလေးဘက် ပြန်လှည့်လိုက်ပြီး…

'ကဲ…ကဲ… ညီမလေးပြန်ချင်နေမှတော့ ပြန်လွှတ်ပေးရမှာပေါ့၊ မိုးတော့ချုပ်နေပြီ၊ ကိုယ့်ဘာသာကိုယ် ပြန်ရဲရဲ့လား'

ဟု ပြောလိုက်သည်။

မိန်းကလေး ဝမ်းသာသွားသည်။

'ပြန်…ပြန်ရဲပါတယ်ရှင်'

'ကောင်းတယ်၊ ကောင်းတယ်၊ ပြန်ပေတော့'

မိန်းကလေးသည် ခေါက်ခနဲထကာ ပြေးထွက်သွားလေတော့သည်။

လေ့ဖုံးက ဟန့်တားခြင်းမပြုပါ။

အမှန်တကယ်ပင် လွှတ်ပေးလိုက်ခြင်းဖြစ်လေသည်။

လေ့ဖုံးကဲ့သို့ မြာပွေသူသည် ကိုယ့်လက်ထဲရောက်နေသည့် မိန်းကလေးတို့ အဘယ့်ကြောင့် လွှတ်ပေးလိုက်ပါသနည်း။

လေ့ဖုံးသည် နံရံပေါ်၌ ရေးထားသည့်စာများကို ဖျက်ပစ်လိုက်သည်။

'ဒီတစ်ခါတော့ အဝ်ကိုကြီး အလုပ်လုပ်တာ မြန်လှချည်သား'

ဟု ရေရွတ်လိုက်သည်။

နံရံပေါ်ရေးထားသည့် စာလုံးများသည် သုံးရက်အတွင်း လူယန်မြို့သို့ အရောက်လာရန်ဟူသော အဓိပ္ပာယ်ရလေသည်။

သူ့အားချိန်းဆိုလိုက်သူမှာ 'အစ်ကိုကြီး'ဖြစ်ပါသည်။

လေ့ဖုံးသည် မြာပေ့သော ကြေးစားလူသတ်သမားတစ်ယောက်ဖြစ်လေသည်။

## မြစ်ခြောက်နှာ

နေမွန်းတည့်တော့မည်ဖြစ်လေသည်။

ခွေးလေးဗိုက်ထဲ တကြုတ်ကြုတ်မြည်အောင် ဆာလောင်နေပြီဖြစ်လေသည်။

နောက်ဆုံး လူနာထွက်သွားပြီးသည်နှင့် တံခါးပိတ်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်....

'အဟွပ်....အဟွပ်'

ချောင်းဆိုးသံနှင့်အတူ လူတစ်ယောက်ရောက်ရှိလာသည်ကို တွေ့ရလေသည်။ ထိုလူမှာ အစိမ်းရောင်အင်္ကျီရှည် ဝတ်ဆင်ထားပြီး အရိုးပေါ်အရေတင် ပိန်ချုံးနေသူဖြစ်သည်။

ခွေးလေး စိတ်ညစ်သွားလေသည်။

'ဒီကပဲ ခုထိမနက်စာမစားရသေးဘူး၊ လူနာတွေကတ ယောက်ပြီးတစ်ယောက် လာနေကြတာပဲ'

စိတ်ထဲမှ ညည်းလိုက်မိလေသည်။

မည်သို့ဆိုစေ....

အစိမ်းရောင်အင်္ကျီရှည် ဝတ်ထားသူကိုကြည့်ရင်း ကရုဏာ သက်သွားသည်။

'ဒီလူ့ရဲ့အခြေအနေ တော်တော်ဆိုးနေပုံရတယ်'

ဟု တွေးရင်း....

'ဟာ....နောင်ကြီးလာ....သမားတော်ကြီး နံနက်စာစားခါ နီးနေပြီ မြန်မြန်ဝင်ပြလိုက်'

ဟု ခေါ်ပြီး ထိုလူကိုဖေးမကာ သမားတော်ကြီး ၏အခန်း တွင်းသို့ ပို့ပေးလိုက်လေသည်။

သမားတော်ကြီးမှာ အသက်ငါးဆယ်ကျော်ခန့်ရှိပါသည်။

သဘောမနောကောင်းပြီး ဆေးပညာအလွန်တော်သူ ဖြ သည်။



အစိမ်းရောင်ဝတ်လူမမာကို ချက်ချင်းပင် စမ်းသပ်စစ်ဆေး ပေးလေသည်။ လူမမာ၏အခြေအနေကို အားမရပါ။

'မောင်ရင်လေး....မင်းရဲ့ရောဂါဝေဒနာဟာ အဆုတ်မှာ ဖြစ်တဲ့ရောဂါပဲ၊ မြစ်ခြောက်နာလို့ခေါ်တယ်ကွယ့်၊ ရောဂါ ပျောက်ချင်ရင် နှစ်ရှည်လများအနားယူရမယ်၊ အအိပ်အစား ကိုဂရုစိုက်ပြီး ဆေးမှန်မှန်သောက်ရမယ်၊ ငွေတော့အတော် ကုန်မယ်ကွယ့်'

ဟု ရှင်းပြလိုက်လေသည်။

လူမမာက....

'ဟုတ်ကဲ့ ဘယ်လောက်ကုန်မလဲ၊ သိပါရစေဗျာ'

သမားတော်ကြီးက အနည်းငယ်စဉ်းစား လိုက်ပြီး....

'သုံးနှစ်စာစားဆေးဖော်စပ်ဖို့ဆိုတော့ အနည်းဆုံး ငွေငါး သောင်းလောက်တော့ ကုန်လိမ့်မယ်၊ ကျုပ်က တစ်ပြားတစ် ချပ်မှမယူပါဘူး၊ ဆေးဖိုးချည်းသက်သက်ပါ'

ဟု တွက်ချက်ပြလေသည်။

ငွေငါးသောင်းဆိုသည်မှာ နည်းနည်းနောနောမဟုတ်ပါ။

လူမမာငိုင်သွားသည်။

သမားတော်ကြီးက....

'မောင်ရင်လေးမှာ ငွေရေးကြေးရေးအခက်အခဲရှိနိုင်တယ် ဆိုတာ ကျုပ်သိပါတယ်၊ လောလောဆယ်တော့ တစ်ပတ် ဆယ်ရက်စာလောက်ပဲ ဆေးဖော်ပေးလိုက်မယ်၊ ဆေးကုန်မှ နည်းနည်းချင်းထပ်ဖော်တာပေါ့'

ဟု အဆင်ပြေအောင်ပြောပြသည်။

လူမမာ သဘောတူလိုက်သည်။

'ကျေးဇူးပါပဲဗျာ'

'အင်း....မောင်ရင်လေး၊ ဒီရောဂါရနေတာ အတော်ကြာ ပြီဖြစ်ပုံရတယ်၊ စောစောစီးစီး ဆေးကုခံရင် ရတာပေါ့ကွယ်၊ ဒါပေမယ့်လဲ ဘာမှမပူပါနဲ့လေ၊ ကျုပ်အစွမ်းကုန်ကုသပေး ပါ့မယ်'

သမားတော်ကြီးသည် အမှန်တကယ်ပင် စေတနာထားကာ ကုသပေးလေသည်။

လူမမာသည် သမားတော်ကြီး၏အိမ်မှထွက်လာသောအခါ လက်ထဲ၌ တစ်ပတ်စာစားသောက်ဖို့ ဆေးထုပ်လေးပါသွား၏။



လူမမာသည် လမ်းပေါ်ရောက်လျှင်....

'အင်း....အစ်ကိုကြီးက အလုပ်ကြီးလုပ်ရမယ်လို့ပြောဘယ်၊ မြန်မြန်လုပ်ဖြစ်ရင် ငါ့အတွက် ငွေရမှာပဲ'

ဟု တီးတိုးရေရွတ်လိုက်၏။

ထိုလူမမာသည်လည်း ကြေးစားလူသတ်သမားတစ်ယောက် ဖြစ်လေသည်။

## သူဌေးလေး

ကျိုယွမ်အထည်အလိပ်ဆိုင်....

ကျိုယွမ်အထည်အလိပ်ဆိုင်သည် အလွန်ကြီးကျယ် ခမ်းနားလှသော ဆိုင်ကြီးဖြစ်လေသည်။

မြို့စား၊ နယ်စားများ၊ သူဌေးသူကြွယ်များ လာရောက်ဝယ်ယူလေ့ရှိကြပြီး၊ လူကုံထံအသိုင်းအဝိုင်း၏ အမြဲကလက်ဆွဲဆိုင်ကြီးဖြစ်ပေသည်။

ယနေ့....

ကျိုယွမ်အထည်အလိပ်ဆိုင်ရှေ့သို့ မြင်းလှည်းတစ်စီးရောက်ရှိလာလေသည်။ မြင်းလှည်း ရပ်တန့်လိုက်သည်နှင့် ဝတ်ကောင်းစားလှ ဝတ်ဆင်ထားသော လူရွယ်တစ်ယောက်ဆင်းလာသည်။



ဆိုင်လုလင်များက ပျာပျာသလဲ ကြိုဆိုလိုက်ကြလေသည်။

'သူဌေးလေး ပါစုကိုး....ကြွပါခင်ဗျာ....ကြွပါ'

လူရွယ်အား သူဌေးလေး ပါစုအဖြစ် တစ်မြို့လုံးသိထားကြလေသည်။

မြို့အရှေ့ဘက်ရှိ ခြံဝင်းတစ်ခုအတွင်း၌ ကြီးမား ခံ့ညားသော အဆောက်အအုံကြီးဆောက်လုပ်ကာ အခြွေအရံများစွာဖြင့် နေထိုင်သူလည်းဖြစ်ပေသည်။

ဤမြို့လေးသို့ လွန်ခဲ့သည့် သုံးနှစ်လောက်ကမှ ပြောင်းလာခဲ့သော်လည်း မိဘအမွေအနှစ်များ စားမကုန် သောက်မကုန်အောင် ရရှိထားသော သူဌေးသားလေးအဖြစ် တစ်မြို့လုံးသိကြလေသည်။

သူဌေးသားပါစုသည် အဖိုးတန် အဝတ်အစားများ ဝတ်ဆင်ရခြင်းကို အလွန်ခုံမင်နှစ်ခြိုက်သူဖြစ်လေသည်။

ကျိုယွမ် အထည်အလိပ်ဆိုင်သို့ မကြာခဏ လာရောက်ပြီး တန်ဖိုးကြီးသော အဝတ်အစားများ ဝယ်ယူ ဝတ်ဆင်လေ့ရှိသည်။

ဆိုင်လုလင်များသည် သူဌေးသားပါစုအကြောင်း သိထားကြသဖြင့် ပျာပျာသလဲ ကြိုဆိုလိုက်ကြခြင်းဖြစ်လေသည်။

သူဌေးသားပါစု ဆိုင်ထဲရောက်လျှင် ဆိုင်ရှင်ကိုယ်တိုင်ထွက်လာပြီး....

'သူဌေးလေးရောက်လာတာနဲ့ အတော်ပဲ၊ မန္တလေးဘိုင်းက ပိုးထည်တွေရောက်နေပါတယ်၊ ဘယ်သူမှ မဝတ်ကြသေးဘူး၊ သူဌေးအတွက် ဦးဦးဖျားဖျားဖယ်ထားတာပါ'

ဟု ပြောရင်း အဝတ်အထည်များကို ပြသလေသည်။

ပိုးထည်များကား အရောင် အသွေး စုံလင်လှပြီး အကောင်းစားများချည်း ဖြစ်လေသည်။

ဈေးကလည်းကြီးလှသည်။

ဝတ်စုံတစ်စုံလျှင် ငွေခြောက်ထောင်မျှ တန်ဖိုးရှိလေသည်။

သူဌေးသားပါစုသည် ပိုးထည်များကိုကြည့်ကာ သွားရည်ကျလာသည်။

သို့သော်....

'ခက်တာပဲ....ဟိုတလောက အခ်ကိုကြီးဆီကရခဲ့တဲ့ငွေ တစ်ထောင်လဲကုန်ပြီ၊ ငါ့လက်ထဲမှာလဲ ငွေပြတ်နေတော့ ဘယ်လို ဝယ်ရပါ့မလဲ'

စိတ်ထဲတွေးကာ အကြံအိုက်နေသည်။



ယခုနေ အလုပ်ပေါ်လာလျှင် ကောင်းမည်ဟု တွေးနေမိလေသည်။

သူဌေးသားပါစုက ငြိမ်နေခြင်းကြောင့် ဆိုင်ရှင်က....

'သူဌေးလေး....ဈေးများလို့လား၊ သူဌေးလေးဟာ ဝယ်နေကျ ဖောက်သည်မို့ ခြောက်ထောင်နဲ့ပေးတာပါ၊ကျုပ်အတွက် အမြတ် အစွန်း သိပ်မကျန်ပါဘူး၊ တခြား လူသာဆို ခြောက်ထောင့်ငါးရာလောက် အသာလေး ရောင်းလို့ရပါတယ်'

ဟု ပြောလေသည်။

သူဌေးသားပါစုက....

'ဈေးမများပါဘူးဆိုတာ သိပါတယ်ဗျာ၊ ကျုပ်အခုလာခဲ့တာ ကျုပ်ရဲ့ အိမ်ဖော်တစ်ယောက်အတွက် ဝတ်စုံတစ်စုံလောက်ဝယ်ပြီး ဆုချချင်လို့ပါ'

'သြော်....သြော် ရပါတယ်၊ ဈေးသက်သာတဲ့ ဝတ်စုံတွေရှိပါတယ်'

ဆိုင်ရှင်သည် ချက်ချင်းပင် ဈေးချိုသော ဆိုင်လုလင်များ အိမ်ဖော်များ ဝတ်လေ့ရှိသည့် ဝတ်စုံများကို ပြသပေးလေသည်။

သူဌေးသားပါစုက ထိုဝတ်စုံများထဲမှ ဈေးအကြီးဆုံး ဝတ်စုံကို ဝယ်ယူလိုက်သည်။

ထို့နောက်....

'ပိုးထည်တွေကို လာကြည့်ပါဦးမယ်'

ဟု ပြောကာ ဆိုင်ရှင်ကို နှုတ်ဆက်ပြီး ပြန်ထွက်သွားလေ သည်။

သူဌေးသားပါစုသည် အနည်းဆုံး ပိုးထည်ဝတ်စုံတစ်စုံ တော့ လာဝယ်ဦးမည်ဖြစ်ကြောင်း ဆိုင်ရှင်သိထားပါ၏။

သို့သော်....

ဆိုင်ရှင်မသိသောအချက်မှာ သူဌေးသားပါစုသည် ဆိုင် လုလင် ဝတ်စုံတစ်စုံ ဝယ်ယူသွားပြီး ထိုဝတ်စုံအား မည်သူ့ ကိုမျှ မပေးဘဲ သူကိုယ်တိုင်ဝတ်ဆင်လိမ့်မည် ဟူသောအချက် ဖြစ်လေသည်။

သူဌေးသားပါစုက ဆိုင်လုလင်ဝတ်စုံကို ဝတ်ဆင်လိမ့်မည်ဟု မည်သူမျှ ထင်မှတ်ကြလိမ့်မည် မဟုတ်ပါ။

ထိုသို့ဝတ်ဆင်ထားသည်ကို တစ်ကြိမ်တစ်ခါမှ တွေ့ဖူးကြ လိမ့်မည်လည်း မဟုတ်ပါ။



သူဌေးသားပါစုက အမှန်တကယ်ပင်ဝတ်ဆင်ထားပါသည်။ သူက အစ်ကိုကြီးအတွက် အလုပ်လုပ်ပေးရတိုင်း ဆိုင်လုလင် ဝတ်စုံကို ဝတ်လေ့ရှိသည် မဟုတ်ပါလား။

ဆိုင်လုလင်ဝတ်စုံ ဝတ်ဆင်ထားချိန်၌ ပါစုသည် သူဌေး သား မဟုတ်ဘဲ ကြေးစားလူသတ်သမား ဖြစ်နေတတ်ပေ တော့သည်။

လျှို့ဝှက်အကြံအစည်

သာယာငြိမ့်ညောင်းသော တေးဂီတသံများ ထွက်ပေါ်
နေလေသည်။

အစ်ကိုကြီးက ဗျပ်စောင်းတစ်လက်ကို စိတ်ပါလက်ပါ
တီးခတ်နေ၏။

အမျိုးသမီးက စောင်းသံတေးသွားနှင့်အလိုက် ထိဗ်ပြာ
လေး တစ်ကောင်ပမာ ကနေသည်။

အစ်ကိုကြီး၏ စောင်းသံသည် ပို၍မြှိုင်ဆိုင်လာသည်။

အမျိုးသမီး၏အကသည် ပို၍သွက်လက်လာသည်။



စောင်းတီးနေသူကော ကနေသူပါ တေးဂီတနှင့် အက
တွင် စိတ်အာရုံနစ်မြုပ်ကာ ပတ်ဝန်းကျင်ကို မေ့ထားကြပါ
သည်။

သူတို့၏ ဂီတနှင့်အကသည် ခန္ဓာကိုယ်ထဲမှသွေးများ ဆူပွက်
လာစေလောက်သော အကနှင့် ဂီတဖြစ်သည်။

ရုတ်တရက်....

'ထန်း'

စောင်းကြိုးတစ်ချောင်း ပြတ်တောက်သွားပြီး စောင်းသံ
ရပ်တန့်သွားလေသည်။

အမျိုးသမီးမှာ ခန္ဓာကိုယ် ချာခနဲ တစ်ပတ်လှည့်လိုက်ပြီး
ခြေနှစ်ချောင်းဆွဲခွဲ၍ ကြမ်းပြင်ပေါ် ထိုင်ချလိုက်ပြီး ခါးကော့
ကာ လက်နှစ်ဖက်ကို အပေါ်ဆန့်တန်းထားလိုက်၏။

သူမ၏ ရှည်လျားနက်မှောင်သော ဆံကေသာများသည်
လထဲ ဖွာခနဲဖြစ်သွားသည်။

သူမ၏အကလည်း ပြီးဆုံးသွားပြီ ဖြစ်ပါသည်။

အစ်ကိုကြီးက ဗျပ်စောင်းကို ဘေးသို့ချကာ ကျေနပ်စွာ
လိုက်ချိန်တွင် အမျိုးသမီးက ထလိုက်သည်။

ထို့နောက်....

စားပွဲပေါ် အသင့်ငှဲ့ထားသော အရက်တစ်ခွက်ကိုယူကာ အစ်ကိုကြီးကို ပေးလိုက်လေသည်။

အစ်ကိုကြီးက မော့ချလိုက်ပြီး....

'ညီမရဲ့အကဟာ အတော်ကို ကျေနပ်စရာကောင်းတာပဲ'

ဟု ချီးကျူးလိုက်လေသည်။

အမျိုးသမီးက....

'အစ်ကိုကြီးရဲ့စောင်းသံက ဆွဲခေါ်သွားတာပါရှင်'

အစ်ကိုကြီးကို ပြန်လည်ချီးကျူးလိုက်လေသည်။

ပြီးလျှင် နှစ်ယောက်သားပြိုင်တူရယ်မောလိုက်ကြလေသည်။

ထိုစဉ်....

'ဖျပ်....ဖျပ်....ဖျပ်....ဖျပ်'

တောင်ပံခတ်သံများနှင့်အတူ ခိုဖြူလေးတစ်ကောင်သည် ပြတင်းပေါက်မှတစ်ဆင့် အဆောင်ထဲ ပျံသန်းဝင်ရောက်လာကာ အစ်ကိုကြီး၏ ပခုံးပေါ်၌ နားလိုက်လေသည်။



အစ်ကိုကြီးက....

'ဖြူလေး အတော်မောလာပြီထင်တယ်'

ဟု ပြောကာ ခိုလေးကို ပွတ်သပ်ပေးလိုက်သည်။

ပြီးလျှင်....

ခိုလေး၏ ခြေထောက်၌ ပါလာသည့် စာရွက်လိပ်လေးကို ဖြုတ်ယူလိုက်လေသည်။

'ရော့....ညီမပဲ ဖတ်လိုက်ပါဦး'

အမျိုးသမီးကို လှမ်းပေးလိုက်သည်။

အမျိုးသမီးယူကာ အသံထွက်ပြီး ဖတ်လိုက်လေသည်။

'အစ်ကိုကြီး'

ငွေဆယ်သိန်းအလုပ်ကြီး ရှိတယ်၊ အကြောင်းပြန်ပါ။

ခိုဖြူ

အမျိုးသမီးက အစ်ကိုကြီးကို ကြည့်လိုက်သည်။

အစ်ကိုကြီး၏မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပနေပါသည်။

‘ငွေဆယ်သိန်းအလုပ်ကြီးဆိုပဲ’

ဟု ရေရွတ်လိုက်သည်။

အမျိုးသမီးက....

‘ခိုဖြူတော့ အကွက်ကောင်း တွေ့ထားပြီထင်တယ်၊ ငွေဆယ်သိန်းဆိုတော့ နည်းတာမဟုတ်ဘူး၊ ကျွန်မတို့လူတွေနဲ့ ဖြစ်ပါ့မလား’

ဟု မေးလိုက်၏။

အစ်ကိုကြီး မျက်နှာတည်သွားလေသည်။

‘ငါ့လူတွေနဲ့မဖြစ်နိုင်ရင် ခိုဖြူလေး ငါ့ကို ဆက်သွယ်ပါ့မလား၊ ဒါစဉ်းစားစရာကိစ္စမဟုတ်ဘူး’

ဟု ခပ်ပြတ်ပြတ်ပြောလိုက်သည်။

အမျိုးသမီး ပါးစပ်ပိတ်ထားလိုက်လေသည်။

အစ်ကိုကြီးက....

‘ကဲ....ခိုဖြူကို ငါက အလုပ်ကိစ္စဆွေးနွေးမယ်လို့အကြောင်းပြန်လိုက်ပါ’



ဟု ပြောလိုက်၏။

အမျိုးသမီးသည် ချက်ချင်းပင် စာတစ်စောင် ရေးလိုက်သည်။

ပြီးလျှင် ခိုလေးခြေထောက်တွင် ချည်နှောင်ကာ ပြတင်းပေါက် အနီးသို့ ယူဆောင်သွားပြီး လွှတ်ပေးလိုက်လေသည်။

‘သွားပေဦးတော့ ခိုလေးရေ’

ခိုဖြူလေးသည် အတောင်ပံတဖျပ်ဖျပ်ခတ်ကာ အဝေးသို့ ပျံသန်းသွားလေတော့သည်။

* * *

သုံးရက်....

သုံးရက်အတွင်း အစ်ကိုကြီးဆီသို့ ဧည့်သည်တစ်ယောက် ရောက်ရှိလာလေသည်။

ဦးခေါင်းတစ်ခုလုံး ဆံပင်များ ဖြူဖွေးနေသော လူဖြစ်သည်။

ထိုလူ၏အသက်မှာ လေးဆယ်ခန့်သာရှိပါသေး၏။

မျက်နှာထားချိုပြီး စကားပြောကောင်းသူဖြစ်သည်။

ကိုယ့်အတွက် အကျိုးမရှိလျှင် ဘာအလုပ်မှမလုပ်သူဖြစ်ပုံရသည်။ ထိုလူကို အစ်ကိုကြီးကိုယ်တိုင်က ကြိုဆိုဧည့်ခံလေသည်။

အမျိုးသမီးက လိုလေသေးမရှိ အကျွေးအမွေးများဖြင့် ဧည့်ခံလေသည်။

အစ်ကိုကြီးက....

'ခိုဖြူ ဒီတစ်ခါတော့ မင်းက ဒုန်းစိုင်းပေါက်ချလာပါလားကွ'

ဟု ပြောလေသည်။

ထိုသူ (ဝါ) ခိုဖြူက ရယ်မောလိုက်သည်။

'တကယ့်အလုပ်ကြီးဗျ'

အစ်ကိုကြီး ခေါင်းညိတ်လိုက်သည်။

'ဆိုစမ်းပါဦး'

ခိုဖြူက...

'လူတစ်ယောက်က ကျွန်တော့်ကို ဆက်သွယ်သွားပါတယ်၊ သူ့အတွက် အလုပ်လုပ်ပေးမယ်ဆိုရင် လုပ်အားခ ငွေ ဆယ်သိန်းပေးမယ်လို့ ကမ်းလှမ်းလာပါတယ်'



ဟု ပြောလေသည်။

အစ်ကိုကြီးက....

'အလုပ်က'

'အစ်ကိုကြီး လုပ်နေကျအလုပ်မျိုးပါ'

'လူတစ်ယောက်ကို လုပ်ကြံပေးရမယ်ဆိုပါတော့'

'ဟုတ်ပါတယ်'

'ဘယ်သူလဲ'

'မိုးနဂါးဂိုဏ်းချုပ် 'တုဝေယင်း'ကိုပါ'

ထိုစကားကြားလျှင် အစ်ကိုကြီး မျက်နှာပျက်သွားလေသည်။

ခိုဖြူကို စိုက်ကြည့်လိုက်ပြီး သွားကြားသေသံဖြင့် ...

'မင်းက ဘယ်ဘုန်းကမျှားငါ့အကျိုးပျက်စီးအောင်လုပ်ဖို့ စိတ်ကူးရတာလဲ'

ဟု မေးလိုက်သည်။

ခိုဖြူ ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ဘူး၊ အစ်ကိုကြီး ဒီလိုပြောလာမယ်လို့ ကျုပ်တွေးမိပါတယ်ဗျာ'

အစ်ကိုကြီးက....

'မိုးနဂါးဂိုဏ်းချုပ် တုဝေယင်းဟာ သိုင်းလောကရဲ့ထိပ်သီးဆယ်ယောက်ထဲမှာ တစ်ယောက်အပါအဝင်ဆိုတာ မင်းလဲသိတယ်၊ သူ့ကိုလုပ်ကြံဖို့ လက်တွေ့မပြောနဲ့ ဘယ်သူမှ စိတ်ကူးဝံ့ကြမှာ မဟုတ်ဘူး'

ဟု ပြောလိုက်သည်။

ခိုဖြူက....

'အစ်ကိုကြီး အတွက်မှားသွားပြီ၊ စိတ်ကူးနေတဲ့လူရှိသလို လက်တွေ့ဖြစ်မြောက်နိုင်တဲ့ အစီအစဉ်တွေလဲ ရှိနေတယ်ဗျ'

အစ်ကိုကြီး မျက်မှောင်ကြုတ်သွားသည်။

ခိုဖြူသည် နောက်ပြောင်ကျီစယ်နေခြင်းမဟုတ်ဘဲ အမှန်တကယ် ပြောနေခြင်းဖြစ်ကြောင်း နားလည်လိုက်လေသည်။

မိုးနဂါးဂိုဏ်းချုပ် တုဝေယင်းအား လုပ်ကြံနိုင်ပါလျှင် သိုင်းရာဇာလုံထောက်အား လုပ်ကြံနိုင်ခဲ့ခြင်းထက် ပို၍ကြီးကျယ်သော အောင်မြင်မှု ရရှိမည်ဖြစ်လေသည်။

ခိုဖြူက....



'သိုင်းရာဇာလုံထောက်ကို ရှင်းနိုင်ခဲ့တော့ အစ်ကိုကြီးကို အလုပ်အပ်ချင်တဲ့လူ ပေါ်လာတာပေါ့၊ မိုးနဂါးတုဝေယင်းကို အစ်ကိုကြီးပဲတတ်နိုင်မယ်လို့ အလုပ်လာအပ်တဲ့သူက ဟူဆထားတယ်'

အစ်ကိုကြီးက....

'ခုဒီစ္စဟာ သိပ်ကို ကြီးကျယ်လွန်းပါတယ်၊ ဒါကြောင့် ကျုပ်ရဲ့စည်းကမ်းချက်ကို ဖောက်ဖျက်ပြီး ဘယ်သူက အလုပ်အပ်သလဲဆိုတာ မေးရလိမ့်မယ်'

ဟု ပြောလိုက်သည်။

ခိုဖြူက....

'ဒီလိုမေးမယ်ဆိုတာလဲ ကျုပ်သိထားပါတယ်ဗျာ'

'မင်း ပြောမှာပဲမဟုတ်လား'

'အစ်ကိုကြီးသိချင်တော့ ပြောရမှာပေါ့'

'ကောင်းပြီ၊ ဘယ်သူလဲ'

ခိုဖြူက တည်ကြည်သောမျက်နှာထားဖြင့်....

'မိုးနဂါးဂိုဏ်းက ဒုဂိုဏ်းချုပ် ယင်းဟုန်ပါ'

အစ်ကိုကြီး ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

'လက်စသတ်တော့ ဒီလိုကို:'

ခိုဖြူက....

'အစ်ကိုကြီး ဘယ်လိုသဘောရသလဲ'

ဟု မေးသည်။

အစ်ကိုကြီးက....

'ဒုဂိုဏ်းချုပ်ယင်းဟုန်က လုပ်အားခ ငွေဆယ်သိန်းပေး မယ့်အပြင် လုံအပ်ချက် တချို့ကို စိတ်ပါလက်ပါ ကူညီမ ဆိုရင် လက်မခံနိုင်စရာ အကြောင်းမရှိပါဘူး'

ခိုဖြူက....

'သူကိုယ်တိုင်ကူညီဖို့တော့ ဖြစ်မယ်မထင်ဘူး'

'ဘာဖြစ်လို့လဲ'

'ဂိုဏ်းချုပ်ကို လုပ်ကြံတဲ့ကိစ္စမှာ သူပါနေတယ်ဆိုတာ သွားရင် သူ့ရဲ့ရှေ့ရေးဘယ်ကောင်းနိုင်ပါ့မလဲလို့ တွေးမှာပေ

အစ်ကိုကြီးက....

'ဒါဆို လုပ်ကြံဖို့ကိစ္စကိုဖျက်လိုက်ပေါ့'

ခိုဖြူက....



'သူမပါဘဲ အလုပ်လုပ်လို့မဖြစ်ဘူးလား'

'မဖြစ်ဘူး၊ ကျုပ်လူတွေကလက်ရွေးစင်မှန်ပေမယ့် မိုးနဂါး ဂိုဏ်းချုပ်တုဝေယင်းအနီးကို ကပ်ဖို့လွယ်မှာမဟုတ်ဘူး'

ဂိုဏ်းချုပ်တစ်ယောက်သည် သာမန် လူတစ်ယောက်ကဲ့သို့ နေမည်မဟုတ်ပါ။

အချိန်တိုင်း အခြွေအရံ အပြည့်ဖြင့် ရှိနေမည်သာ ဖြစ်ပါ သည်။

မိုးနဂါးဂိုဏ်းချုပ် တုဝေယင်းကိုယ်တိုင်ကလည်း ပြိုင်ဘက် ကင်းသော သိုင်းသမားကြီး ဖြစ်နေသေး၏။

ခိုဖြူ သက်ပြင်းချလိုက်သည်။

'ကောင်းပြီလေ....သူနဲ့ညှိကြည့်လိုက်ဦးမယ်'

အစ်ကိုကြီးက....

'ကျုပ်ကို ချက်ချင်းအကြောင်းပြန်ပါ၊ ဒီကိစ္စပေါက်ကြား သွားရင် ဒုဂိုဏ်းချုပ် ယင်းဟုန်တင်မဟုတ်ဘူး၊ ကျုပ်တို့ပါ ဒုက္ခရောက်နိုင်တယ်'

ခိုဖြူက....

'ကျုပ်နားလည်ပါတယ်ဗျာ'

အစ်ကိုကြီးက လက်ငှေ့ယမ်းပြရင်း....

'ညီမ...သူ့ကိုလိုက်ပို့ပေးလိုက်ပါ'

ဟု အမျိုးသမီးအား လှမ်းပြောလိုက်သေသည်။

* * *

နှစ်ရက်....

နောက်ထပ်နှစ်ရက်ကြာသောအခါ ခိုဖြူက အကြောင်း ပြန်လာလေသည်။

ခိုဖြူလွှတ်လိုက်သည့် စာပို့ခိုလေးဖြင့် စာတစ်စောင်ပါလာသည်။

စာထဲ၌....

အစ်ကိုကြီး....

ဒုဂိုဏ်းချုပ်က လက်ခံတယ်။

ခိုဖြူ

ဟု ရေးထား၏။

အစ်ကိုကြီးက အမျိုးသမီးအား....



'ညီမ'

'ဟုတ်ကဲ့....အစ်ကိုကြီး'

'ခိုဖြူဆီကို စာတစ်စောင်ရေးလိုက်ပါ၊ ဒုဂိုဏ်းချုပ်နဲ့ကျုပ် ဆွေးနွေးချင်တယ်၊ အမြန်ဆုံးစီစဉ်ပေးပါလို့'

'ကောင်းပါပြီ အစ်ကိုကြီး'

အမျိုးသမီးက ချက်ချင်းပင် စာတစ်စောင် ရေးလိုက်သည်။

စာပို့ခိုဖြင့် ခိုဖြူထံသို့ ပို့လွှတ်လိုက်လေသည်။

အစ်ကိုကြီးက....

'ညီမ'

'ဟုတ်ကဲ့....အစ်ကိုကြီး'

'တို့လူတွေကိုလဲ အမြန်ဆုံးအကြောင်းကြားလိုက်ပါ၊အလုပ်ကြီးတစ်ခု မကြာခင်လုပ်ရလိမ့်မယ်၊ သူတို့ အဆင်သင့်ဖြစ်ထားကြဖို့ လိုမယ်'

'ဟုတ်ကဲ့ ...အစ်ကိုကြီး'

အစ်ကိုကြီးသည် အနည်းငယ် စဉ်းစားလိုက်ပြီး....

'နေဦး'

'ပြောပါ အစ်ကိုကြီး'

'သူတို့ဆီအကြောင်းကြားတဲ့အခါ တစ်ယောက်ကို အနည်းဆုံး ငါးသောင်း ဝေစုရမယ်လို့ အသိပေးလိုက်ပါ၊ ဒါမှ သူတို့ကောင်းကောင်းကြီး စိတ်ဝင်စားသွားကြမှာပဲ'

အမျိုးသမီးသည် အစ်ကိုကြီး၏ပရိယာယ်များပုံကို သဘောကျစွာ ပြုံးလိုက်လေသည်။

❀

## ကျွက်တီ

ရွှေဗျိုင်းပျံ့ရောဂါ....

ရွှေဗျိုင်းပျံ့ရောဂါသည် အလွန်သာယာလှပသော ရောဂါတစ်ခုဖြစ်ပါသည်။

အားလပ်ရက်များတွင် လာရောက်အနားယူ အပန်းဖြေသူများဖြင့် စည်ကားနေတတ်၏။

ယနေ့....

ယနေ့သည် အားလပ်ရက်မဟုတ်သော်လည်း အပန်းဖြေမည့်သူများ ရောက်ရှိလာကြပါသည်။

ရွှေဘုံပြင်းပျံရေကန်အနီးတွင် စားသောက်ဆိုင်တစ်ခု ဖွင့်လှစ်ထားသည်။လာရောက်အပန်းဖြေသူများ အနားယူစားသောက်နိုင်ပေသည်။

ရေကန်စပ်တွင် သောက်သုံးသားသော ထိုစားသောက်ဆိုင်သေးသို့ လူငါးယောက် ရောက်ရှိလာကြလေသည်။

ထိုလူငါးယောက်မှာကြေးစားလူသတ်သမားများဖြစ်သည်ကိုကား မည်သူမျှ သိနိုင်ကြလိမ့်မည် မဟုတ်ချေ။

ပါးပြားသည် ထင်စန်း....

မိန်းမပွေသည့် လွှေဖုံး....

အဲဘွားအိုဘစ်ပိုင်း ကျန်းရှူ....

ဆိုင်လုလင်သူဌေးသား ပါစုန့်င့်....

လူမမာ ဝမ်းလီတို့ဖြစ်သည်။

သူတို့သည် အစ်ကိုကြီး၏ ဆင့်ခေါ်မှုကြောင့် စုရုံးရောက်ရှိလာကြခြင်း ဖြစ်ပေတော့သည်။

* * *



စားသောက်ဆိုင်ထဲ၌ လူရှင်းနေသည်။

ထင်စန်းတို့ ဝိုင်းဖွဲ့ထိုင်နေကြလေသည်။

မကြာပါချေ။

ဆိုင်ထဲသို့ အစ်ကိုကြီး ဝင်ရောက်လာလေသည်။

အစ်ကိုကြီးသည် ထင်စန်းတို့ စုရုံးရောက်ရှိနေကြသည်ကို မြင်လျှင် သဘောကျစွာ ပြုံးလိုက်လေသည်။

‘ငါ့လူတွေက တယ်လဲ ဝီရိယကောင်းကြပါလား’

ထင်စန်းတို့သည် ထိုင်ရာမှထကာ ဦးညွှတ် ဂါရဝပြုလိုက်ကြလေသည်။

အစ်ကိုကြီးက လက်ဝှေ့ယမ်းပြလိုက်သည်။

‘ထိုင်ကြပါ....ထိုင်ကြပါ’

အားလုံး ပြန်လည် ထိုင်ချလိုက်ကြလေသည်။

အစ်ကိုကြီးသည် စားပွဲဝိုင်း၏ ထိပ်ဆုံးခုံတွင် နေရာယူလိုက်ပြီး....

‘ငါ့ဆီကစာကို မင်းတို့ ဖတ်ပြီးလောက်ကြပြီပေါ့၊ မင်းတို့အတွက် ငွေမြိုးမြိုးမြက်မြက်ရမယ့် အခြေအနေ ဆိုတာကို သဘောပေါက်ကြမယ် ထင်တယ်’

အဘွားအိုတစ်ပိုင်း ကျန်းရှူက....

'ဟုတ်ပါတယ်အစ်ကိုကြီး၊ စောစောကပဲ ကျွန်တော်တို့ ဆွေးနွေးနေကြပါသေးတယ်'

ဟု ပြောလေသည်။

ကျန်းရှူသည် အသက်သုံးဆယ်ကျော်ခန့်သာ ရှိသေးသော လူရွယ်တစ်ယောက် ဖြစ်ပါသည်။

အဘွားအိုတစ်ယောက်အသွင် အမြဲတမ်း ရုပ်ဖျက်ထား ခြင်းကြောင့် အားလုံးက သူ့အား အဘွားအိုဟုသာ ထင်မှတ် နေကြရခြင်း ဖြစ်လေသည်။

ကျန်းရှူ၏ စကားအဆုံးတွင် အစ်ကိုကြီးက....

'အေး...ဒီတစ်ခါ အလုပ်ကြီးလုပ်ကြရမှာ အမှန်ပဲ၊ မင်းတို့ဟာ ကျင်းလိန်မြို့စား၏ အသက်ငါးဆယ်ပြည့် မွေးနေ့ပွဲမှာ လူတစ်ယောက်ကို လုပ်ကြံရလိမ့်မယ်'

ထိုစကားကြားလျှင် အားလုံးသည် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြလေသည်။

ကျင်းလိန် မြို့စားသည် သိုင်းလောကတွင် နာမည်ရှိသူ ဖြစ်သည့်အပြင် နေပြည်တော်သို့ပင် ပေါက်ရောက်သော ဩဇာ ရှိသူ ဖြစ်လေသည်။



ကျင်းလိန်မြို့စားသည် မွေးနေ့နွမ်းလ ရောက်လေတိုင်း နှစ်စဉ်နှစ်တိုင်း မွေးနေ့ပွဲ ကျင်းပလေ့ ရှိပေသည်။

ထိုမွေးနေ့ပွဲသို့ သိုင်းလောကမှ အဆင့်ကရ ဂိုဏ်းချုပ်ကြီးများ၊ သိုင်းသမားများ မြို့စားရွာစားများ စုရုံးတက်ရောက်လေ့ ရှိကြပါသည်။

အဖြူရောင် သိုင်းလောကသားတို့၏ ပွဲတော်ကြီးဖြစ်ပြီး အနက်ရောင်သိုင်းလောကသားများ အနားသိဖို့ပင် စိတ်မကူးဝံ့ကြချေ။

ယခု...

ကျင်းလိန်မြို့စား၏ မွေးနေ့ပွဲတွင် လူတစ်ယောက်အား လုပ်ကြံကြရမည် ဆိုသည်မှာ ငရဲသို့ခရီးသွားခြင်းပင် ဖြစ်ပေလိမ့်မည်။

အားလုံး မျက်နှာပျက်သွားကြသည်ကို အစ်ကိုကြီး ရိပ်မိလိုက်လေသည်။

ထို့ကြောင့်....

'ငါအားလုံးစီစဉ်ပြီးပြီ၊ မအောင်မြင်စရာ ဘာအကြောင်းမှ မရှိဘူး'

ဟု ပြတ်သားစွာပြောလိုက်သည်။

အစ်ကိုကြီးကအောင်မြင်ရမည်ဆိုလျှင် အမြဲတမ်းအောင်မြင်ခဲ့သည်ချည့်သာဖြစ်လေသည်။

အစ်ကိုကြီး၏အစီအစဉ်သည် အမြဲတမ်းကွက်တိဖြစ်နေတတ်သည်။

အစ်ကိုကြီးက....

'မင်းတို့ လုပ်ကြံရမယ့် လူဟာ မိုးနဂါး ဂိုဏ်း ချုပ်တုဝေယင်းပဲ'

ဟု ပြောလေသည်။

ဤတွင်....

'အစ်ကိုကြီး ကျုပ်တို့ရဲ့ပညာနဲ့ တုဝေယင်းရဲ့အနားကိုကပ်ဖို့တောင်မလွယ်ပါဘူးဗျာ'

လူမမာက ပြောလိုက်လေသည်။

အစ်ကိုကြီးက....

'ဝမ်းလီ....မင်းက ငါ့ကိုအထင်သေးသလား'

ဟု ငေါက်လိုက်သည်။

လူမမာ (ဝါ) ဝမ်းလီက....



'မဟုတ်ပါဘူး အစ်ကိုကြီး၊ ကျုပ်က အမှန်အတိုင်းပြောတာပါ'

'ဒါဆို ငါ့ရဲ့အစီအစဉ်မှာ မင်းမပါချင်ဘူးပေါ့ ဟုတ်လား'

'ကျုပ်....'

ဝမ်းလီ ခေါင်းငိုက်ကျသွားလေသည်။

အစ်ကိုကြီးက....

'သတ္တိမရှိဘဲ ကြေးစားလုပ်နေတာတော့ ရယ်စရာကောင်းတယ်ကွ၊ ကဲ....ဝမ်းလီ မင်းပြန်နိုင်ပြီ'

ဟု ပြောကာ လက်ဝှေ့ယမ်းပြလိုက်လေသည်။

အစ်ကိုကြီး စိတ်ဆိုးသွားပြီဖြစ်ပါသည်။

ဝမ်းလီ မျက်နှာပျက်သွားသည်။

ချက်ချင်းပင် ထိုင်ရာမှထကာ လက်နှင့်ဖက်ဆုပ် ဦးညွတ်ရင်း....

'အစ်ကိုကြီး ကျွန်တော်တောင်းပန်ပါတယ်၊ အစ်ကိုကြီးခိုင်းတာကို ကျွန်တော်လုပ်ပါ့မယ်'

ဟု ပြောလိုက်သည်။

အစ်ကိုကြီးက....

‘မင်းသေချာရဲ့လား’

‘တကယ်ပါ အစ်ကိုကြီး’

‘ကောင်းပြီလေ...မင်းဟာ ငါနဲ့လက်တွဲလုပ်လာတာ ကြာပြီ၊ တစ်ကြိမ်တစ်ခါမှ ခုလိုမဖြစ်ဘူးခဲ့ဘာကို ထောက်ညှာပြီး ခွင့်လွှတ်လိုက်မယ်’

‘ကျေးဇူးပါပဲအစ်ကိုကြီး’

ဝမ်းလီ ပြန်ဆိုင်ချလိုက်ပြီး ခေါင်းငုံ့ထားလိုက်လေသည်။

အစ်ကိုကြီးက အားလုံးကို ဝေ့ကြည့်လိုက်ပြီး....

‘ကဲ...မင်းတို့ ဘာပြောချင်ကြသေးသလဲ’

ဟု မေးလိုက်သည်။

အားလုံးက....

‘ဘာမှပြောစရာမရှိပါဘူး’

ဟု တညီတညွတ်တည်း ပြောကြလေသည်။

အစ်ကိုကြီးက....



ကောင်းပြီ...သုံးရက်အတွင်း ကျင်းလိန်ကိုအရောက်သွား ကျင်းလိန်ရောက်မှ ဘာဆက်လုပ်ရမယ်ဆိုဘာကို ငါ ကြားမယ်’

မ်းလီတို့သည် အစ်ကိုကြီးအား ဂါရဝပြုကာ နှုတ်ဆက် ကြပြီး အသျှိအသျှိလူစုခွဲကာ ထွက်သွားကြလေတော့ ။

* * *

ကျင်းလိန်မြို့....

ကျင်းလိန်မြို့သည် အလွန်ကြီးကျယ်ခမ်းနားပြီး စည်ကား မြိုက်လှသောမြို့ကြီးတစ်မြို့ဖြစ်ပါသည်။

ကြာမီ ကျင်းလိန်မြို့စားကြီး၏ မွေးနေ့ကျင်းပတော့မည် ခန်းနားအရပ်ရပ်မှရောက်ရှိလာသော ဧည့်သည်များဖြင့် ည်ကားနေသည်။

ပိုင်းလာကသားများရောက်ရှိနေကြသကဲ့သို့ ထူးခြားသူ ယောက်သည်း မထင်မရှားရောက်လာကြသည်။

စ်ကိုကြီး၏ ကြေးစားလူသတ်သမားငါးယောက်ဖြစ်လေ

* * *

ထင်စန်းသည် ကျင်းလိန်မြို့သို့ရောက်သည်နှင့် အရ

တစ်ဆိုင်တွင် အလုပ်ဝင်လုပ်ရလေသည်။

အစ်ကိုကြီးက ကြိုတင်စီစဉ်ထားခြင်းဖြစ်သည်။

ထို့အတူ....

ဆိုင်လုလင် သူဌေးသားပါစုသည် စားသောက်ဆိုင်တ

၌လည်းကောင်း....

မိန်းမပွေသောလေ့ဖုံးသည် တေးသံသာများ သီဆို

ဖြေသည့် ကဇာတ်တစ်ခု၌လည်းကောင်း....

အသီးသီး အလုပ်ဝင်ကြရလေသည်။

ဧည့်သည်များ ထောင်ချီပြီးရောက်လာခြင်းကြောင့်

တိုင်း ဆိုင်တိုင်းတွင် အလုပ်သမားများ လိုအပ်နေသ

မဆန်းချေ။

အစ်ကိုကြီးက သူ၏ကြေးစားငါးယောက်ကို မသင်

အသွင်ဖြင့် အလုပ်သွင်းပေးလိုက်ခြင်းဖြစ်ပေသည်။

ထင်စန်းတို့ကြေးစားငါးယောက်သည် ကိုယ်ကျရာတ

အသီးသီးကို ဆောင်ရွက်ရင်း မွေးနေ့ပွဲကျင်းပမည့် အ

စောင့်ဆိုင်းနေလိုက်ကြ၏။

မွေးနေ့ပွဲကျင်းပသည်နှင့် မိုးနဂါးဂိုဏ်းချုပ်အား မ

မည်ပုံ လုပ်ကြရမည်ဆိုသည်ကို စီစဉ်ပေးထားပြီးဖြစ်ပါ

* * *



မွေးနေ့ပွဲ ...

ကျင်းလိန်မြို့စား၏ မွေးနေ့ပွဲသည် ဆိုက်ဆိုက်မြိုက်မြိုက်

ရောက်ရှိလာလေသည်။

မြို့သူမြို့သားများသည် မြို့စားကြီးအား ဂုဏ်ပြုသောအား

ပွဲလမ်းသဘင်များ ဆင်ယင်ကျင်းပကြသည်၊ ဝတ်ကောင်း

းလှဝတ်ဆင်ကာ မွေးနေ့လက်ဆောင်များ ပေးပို့ကြလေ

သည်။

ကျင်းလိန်မြို့စားဂေဟာတွင် ဧည့်ပရိသတ်များဖြင့် ကြက်ပျံ

မျှ စည်ကားနေပေတော့သည်။

ထိုအချိန်ကာလအတွင်....

ဧည့်သည်များကို ဧည့်ခံကျွေးမွေးပြုစုရန် မြို့စားဂေဟာမှ

လုပ်သမားချည်းဖြင့် မလုံလောက်တော့ပေ။

မြို့တွင်ရှိ ဈေးဆိုင်၊ စားသောက်ဆိုင်များမှ အလုပ်သမား

းကိုပါ ခေါ်ယူသုံးစွဲရလေသည်။

ဤအတွင်...

အရက်ဆိုင်၌ လုပ်ကိုင်နေသောထင်စန်းသည် မြို့စားဂေဟာ

ဧည့်သည်များအတွက် အရက်ပို့ပေးရသော တာဝန်

းဆောင်ခွင့်ရလိုက်သည်။

မိန်းမပျေသောလေဖုံးသည် ဧည့်ပရိသတ်အား ဖြ
မည့် အလံအဖွဲ့နှင့် ပါလာသည်။

အဘွားအိုတစ်ပိုင်း ကျန်းရှုနှင့် လူမမာ ဝမ်းလိ
အခမ်းအနားပြင်ဆင်ကျင်းပရသည့် အထည်အလိပ်ဆိုင်မှ
ပြုပြင်ရေးအဖွဲ့နှင့်ပါလာသည်။

စားသောက်ဆိုင်၌ အလုပ်လုပ်နေသော ဆိုင်လုလင်
သား ပါစုသည်လည်း မီးဖိုဆောင်တွင် ကူညီချက်ပြုတ်
သည့် အဖွဲ့နှင့် ပါလာသည်။

ကြေးစားငါးယောက်စလုံး ကျင်းလိန်မြို့စားဂေဟာ
မည်သူမျှမရိပ်မိအောင် ဝင်ရောက်လာနိုင်ခဲ့ကြလေတော့

* * *

တေးသံသာများ လွင့်ပျံနေသည်။

စကားပြောသံ ရယ်မောသံများလည်း ကျက်ကျက်
သည်။

မွေးနေ့ပွဲသို့ရောက်ရှိလာသောဧည့်ပရိသတ်များသည်
ဆောင်ကြီးအတွင်း၌ စုရုံးရောက်ရှိနေကြပြီး တည်ခင်း
သည့် အရက်နှင့် စားသောက်ဖွယ်ရာများကို စားသောက်
လေသည်။



ထင်စန်းသည် အရက်တစ်အိုးကိုဆွဲကာ မယောင်မလည်ဖြင့်
ခန်းမဆောင်ထဲသို့ ဝင်လာသည်။

ဟိုဟိုသည်သည်ကြည့်လိုက်သောအခါ အဖြူရောင်ဝတ်ဆင်
ထားသော အဘိုးအိုတစ်ယောက်သည် အခြား အဘိုးအို
နှစ်ယောက်နှင့်အတူ ဝိုင်းဖွဲ့ထိုင်ကာ စားသောက်ရင်း ဖြေဖျော်
နေသော အကပွဲကိုကြည့်နေ၏။

ထိုအဘိုးအိုသည် ပစ်မှတ်(ဝါ) မိုးနဂါ
ယင်း ဖြစ်ပါသည်။ ဂစ်ခု ဖွင့်လှစ်ဖို

ထင်စန်းက ထပ်မံစေ့ကြည့်လိုက်၏။ ပြင်လယ်က

ထိုအခါ... တွေ

ဆိုင်လုလင်သူဌေးသားပါစုသည် စားသောက်ဖွယ်ရာများ
ထည့်ထားသည့် လင်ပန်းတစ်ချပ်ကိုင်ကာ ဝင်လာသည်ကို တွေ့
ရ၏။

မလှမ်းမကမ်း၌ ဝမ်းလီနှင့် အဘွားအိုတစ်ပိုင်း ကျန်းရှု
တို့သည် မယောင်မလည်လုပ်နေကြသည်။

လေဖုံးက ကချေသည်များအတွက် စည်းဝါးလိုက်ပေးနေ
သည်။ အားလုံး နေရာယူထားလိုက်ကြပြီ ဖြစ်ပါသည်။

ပါစုက စားသောက်ဖွယ်ရာများကို မိုးနဂါးဂိုဏ်းချုပ်
တုဝေယင်းတို့စားပွဲသို့ သွားရောက်ချပေးလိုက်သည်။

မိမိလည်း လှုပ်ရှားရတော့မည်ဖြစ်ကြောင်း ထင်စန်းရိပ်မိလိုက်သည်။ ချက်ချင်းပင် မိုးနဂါးဂိုဏ်းချုပ် တုဝေယင်းတို့၏ စားပွဲဆီသို့ လှမ်းသွားလိုက်လေသည်။

ထိုစဉ်....

ဝင်စီစဉ်ထားသည့်အတိုင်း သေနတ်ဖိုးက လက်နက်ပုန်း ဖာအဖွဲ့မှ မောင်းထုသူအား ပစ်လိုက်သည်။

သား ပ သွား၍ မောင်းထုသူသည် ဆတ်ခနဲ တွန့်သည့် အဖွဲ့ တအားသုချ ပိုက်လေသည်။

မောင်းသံသည် တေးသံသာများကို ထိုးဖောက်ကာ ကျယ်လောင်စွာ ထွက်ပေါ်လာလေတော့သည်။

* * *

မိုးနဂါးဂိုဏ်းချုပ် တုဝေယင်းသည် မိတ်ဆွေနှစ်ယောက်နှင့်အတူ အရက်သောက်နေပါသည်။

သူ၏ မိတ်ဆွေနှစ်ယောက်မှာ သိုင်းလောက၌ ထင်ရှားကျော်ကြားနေသူများ ဖြစ်ပါသည်။

တစ်ယောက်မှာ သံလက်ဝါးဂိုဏ်းချုပ် ရှာကူဖြစ်ပြီး ကျန်တစ်ယောက်မှာ ခါးခြံဝင်းပိုင်ရှင် ဝူးလောက်ရယ်ဖြစ်လေသည်။



သံလက်ဝါးဂိုဏ်းချုပ်ရှာကူက....

'မိတ်ဆွေကြီးတုဝေယင်းရဲ့ မိုးနဂါးဂိုဏ်းဟာ တောင်ပိုင်းကိုဘောင် ဖြစ်ဇာ္ဝုံ နေပြီဆိုတော့ အတော်ကို ဂုဏ်ယူစရာကောင်းတာပဲ'

ဟု ချီးကျူးပြောဆိုလိုက်လေသည်။

တုဝေယင်း ရယ်မောလိုက်သည်။

'ကျုပ်က တောင်ပိုင်းမှာ မိုးနဂါးခွဲတစ်ခု ဖွင့်လှစ်ဖို့အထိ မရည်ရွယ်ပါဘူး၊ ဟိုဘလောက တောင်ပင်လယ်ကသိုင်းသမားအိုးသုံးယောက် သောင်းကျန်းနေလို့ ကျုပ်သူတွေလွှတ်ပြီး ဆုံးမခိုင်းလိုက်တာပါ'

သူတို့ပြောဆိုနေကြစဉ် အသက်ဆယ့်ရှစ်နှစ်ခန့်ရှိ လူငယ်တစ်ယောက် ရောက်လာလေသည်။

ခါးခြံဝင်းပိုင်ရှင် ဝူးလောက်ရယ်က....

'ဟော....ငါ့မြေးရောက်လာတာနဲ့ အတော်ပဲ'

ဟု ဆီးကြိုယင်း တုဝေယင်းတို့နှင့် မိတ်ဆက်ပေးလိုက်လေသည်။

'ဟောဒါက ကျုပ်ရဲ့ တစ်ဦးတည်းသောမြေး ဝူးသျှံပါဗျာ၊ ခါးခြံဝင်းကနေ ပထမဆုံးအကြိမ်အဖြစ် သိုင်းလောကထဲကို ထွက်လာသူပေါ့၊ ဟဲ....ဟဲ....ဟဲ'

တုဝေယင်းနှင့် ရှာကုတို့ ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်ကြလေသည်။

တုဝေယင်းက....

'ခါးခြံဝင်းက သိုင်းလောကအတွက် မျိုးဆက်သစ် တစ်ယောက် မွေးထုတ်လိုက်ပြီပေါ့ဗျ'

ရှာကုက....

'မိတ်ဆွေကြီးက မြေးကို တော်တော်ချစ်တယ်ထင်တယ် ဟဲ....ဟဲ....ဟဲ'

ဝူးလောက်ရယ်က ရယ်မောလိုက်သည်။

'ဒါပေါ့ဗျာ၊ မြေးဆိုလို့ ဒီတစ်ယောက်ရှိတာ အချစ်ပိုတာပေါ့၊ ကဲ....ကဲ....ငါ့မြေး ဂိုဏ်းချုပ်တွေကို ဂါရဝပြုလိုက်ပါဦး'

ဟု မြေးဖြစ်သူ ဝူးလျှံကို ပြောလိုက်လေသည်။

ဝူးလျှံသည် ယောကျ်ားပီသစွာ ချောမောပြီး သဘောမနော ကောင်းသူဖြစ်လေသည်။

ခါးခြံဝင်းမှ မျိုးဆက်ဖြစ်သည်နှင့်အညီ လိမ္မာယဉ်ကျေးမှုလည်း ရှိပေသည်။



ချက်ချင်းပင် တုဝေယင်းနှင့် ရှာကုတို့အား အရိုအသေပြုလိုက်လေသည်။

တုဝေယင်းက....

'အင်း... ကြုံကြိုက်တုန်း ငါ့တူကြီးကို လက်ဆောင်ပေးရဦးမယ်'

ပြောပြောဆိုဆို အင်္ကျီအိတ်ထဲမှ ကျောက်စိမ်းပြားလေးတစ်ပြားကို ထုတ်ယူကာ ပေးလိုက်လေသည်။

'ဟောဒီ ကျောက်စိမ်းပြားလေးဟာ ဂိုဏ်းချုပ်ရဲ့အမိန့်လိုပဲ ဩဇာတည်တယ်၊ ငါ့တူလေး သိုင်းလောကမှာ ကျက်စားတဲ့အခါ ဘယ်နေရာပဲရောက်ရောက် မိုးနဂါး ဂိုဏ်းသားတွေကိုတွေ့ရင် ထုတ်ပြလိုက်ပါ၊ ငါ့တူလေးကို အကူအညီပေးကြပါလိမ့်မယ်'

ခါးခြံဝင်းပိုင်ရှင် ဝူးလောက်ရယ်က....

'ငါ့မြေး....ဂိုဏ်းချုပ် တုဝေယင်းက ငါ့မြေးကို ချီးမြှင့်မြှောက်စားတာ လက်ခံယူလိုက်ပါ'

ဟု ပြောလေသည်။

'ဟုတ်ကဲ့....ကျေးဇူးတင်ပါတယ် ခင်ဗျာ'

ဝူးလျှံသည် အရိုအသေပေးပြီး ကျောက်စိမ်းပြားလေးကို သက်ခံလိုက်လေသည်၊

တိုစဉ်....

‘ဒူ....’

မောင်းသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

* * *

မောင်းသံထွက်ပေါ်လာချိန်တွင် ထင်စန်းနှင့် ပါစုတို့သည် တုဝေယင်းတို့အနီးသို့ ရောက်နေကြပြီဖြစ်ပါသည်။

ထင်စန်းက အရက်အိုးကို စားပွဲပေါ်ချပေးလိုက်ချိန်တွင် မောင်းသံထွက်ပေါ်လာခြင်းဖြစ်သည်။

‘အမယ်လေး’

ပါစုသည် ရုတ်တရက် ထွက်ပေါ်လာသော မောင်းသံကြောင့် လန့်သွားဟန်ပြုလုပ်လိုက်သည်။

လက်ထဲကိုင်ထားသောလင်ပန်းကိုစောင်းလိုက်ပြီးဟင်းလျာများကို တုဝေယင်းအပေါ် ဖိတ်စဉ်ကျအောင် ပြုလုပ်လိုက်လေသည်။



တုဝေယင်း၊ ရှာကု၊ ဝူးလောက်ရယ်နှင့် ဝူးလျှံတို့သည် တေးသံသာများကြားမှ ထိုးဖောက်ထွက်လာသည့် မောင်းသံကြောင့် ဖြေဖျော်နေသူများဘက်သို့ လှည့်ကြည့်လိုက်ချိန်တွင် ပါစုက အချိန်ကိုက်ပြုလုပ်လိုက်ခြင်းဖြစ်သည်။

‘ဟာ....’

တုဝေယင်း လွှတ်ခနဲအော်လိုက်သည်။

အဝတ်အစားများ ပေကျံသွားခြင်းကြောင့် မျက်နှာပျက်သွားလေသည်။ ပါစုဘက်သို့ ချက်ချင်းလှည့်ကြည့်လာ၏။

ဝူးလောက်ရယ်တို့လည်း တုဝေယင်း၏အဖြစ်ကို တွေ့မြင်သွားကြပြီး လှည့်ကြည့်လာကြလေသည်။

ပါစု ကပျာကယာ ဒူးထောက်ချကာ....

‘ကျွန်....ကျွန်တော်လန့်သွားလို့ခုလိုဖြစ်ရတာပါ၊တောင်း....တောင်းပန်ပါတယ်’

အလွန်ကြောက်လန့်သွားဟန်ဖြင့် တောင်းပန်လိုက်လေသည်။

တုဝေယင်းကသာ မကျေနပ်ဘဲ ကျင်းလိန်မြို့စားကို တိုင်မည်ဆိုလျှင် ပါစု လွယ်မည်မဟုတ်ချေ။

သို့သော် ...

တုဝေယင်းသည်သဘောကောင်းပြီး ညာတာထောက်ထားမှု ရှိသူဖြစ်ရာ....

'အင်း....မောင်းသံကလဲ လန့်စရာပါပဲ'

ဟု ပြောကာ ရယ်မောလိုက်သည်။

ပြီးလျှင်....

ထင်စန်းချပေးသည့် အရက်အိုးထဲမှ အရက်တစ်ခွက် ငှဲ့သောက်လိုက်လေသည်။

ရှာကုက မနေနိုင်ဘဲ....

'မိတ်ဆွေ....အဝတ်အစား သွားလဲလိုက်ရင် ကောင်းမယ်ဝင်စာယ်'

ဟု အကြံပေးလေ၏။

တုဝေယင်း ခေါင်းညိတ်လိုက်၏။

'လဲရမှာပေါ့'

ပြောပြောဆိုဆို ထိုင်ရာမှ ထလိုက်လေသည်။

ထင်စန်းနှင့် ပါစုတို့ ကပျာကယာ နောက်ဆုတ်လိုက်ကြ၏။

ထိုအချိန်တွင်....

တေးသံသာများသည် သာယာငြိမ့်ညောင်းစွာ ဆက်၍ထွက်ပေါ်နေပြီး ကချေသည်လေးများက ဆက်ပြီး ကပြနေသည်။

ထို့ကြောင့်....



မောင်းသံသည် ဖြေဖျော်ပွဲမှ စည်းဝါးအလိုက် ထုခြင်းဖြစ်သည်ဟုသာ ဧည့်ပရိသတ်များ ထင်မှတ်သွားကြလေသည်။

စင်ပေါ်တွင် လေ့ဖုံးရှိမနေတော့ပါ။

တုဝေယင်းက ခန်းမဆောင်ထဲဘွင် ခပ်သွက်သွက်ပင် ထွက်သွားလေတော့သည်။

* * *

တုဝေယင်းသည် သူ့အတွက် ကျင်းလိနိမြို့စားဂေဟာမှ စီစဉ်ပေးထားသော အခန်းတွင်းသို့ ဝင်လိုက်သည်။

ထိုစဉ် ခြေသံများထွက်ပေါ်လာသဖြင့် လှမ်းကြည့်လိုက်ရာ ပါစုနှင့် ထင်စန်းတို့ ဝင်လာကြသည်ကို တွေ့ရလေသည်။

တုဝေယင်း မျက်မှောင်ကြုတ်သွားပြီး....

'ဘာကိစ္စလဲဟေ့'

ဟု မေးလိုက်သည်။

ထင်စန်းက....

'ဟို....ဟို ကျွန်တော့်သူငယ်ချင်းက သူ့ကြောင့် ဆရာကြီးရဲ့ အဝတ်အစားတွေ ပေကျံကုန်လို့ တောင်းပန်ချင်

တာနဲ့ တစ်ယောက်တည်း မလာဝံ့လို့ ကျွန်တော့်ကိုအဖော် ခေါ်လာတာပါ’

ဟု ပြောလိုက်သည်။

ပါစုကလည်း....

‘ဟုတ်....ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော် တောင်းပန်ပါ တယ်၊ ဆရာကြီးကသာ မြို့စားကြီးကို တိုင်ပြောလိုက်ရင် ကျွန်တော် ဒုက္ခရောက်သွားပါလိမ့်မယ်၊ ကျွန်တော့်ကို သနား ပါဗျာ’

ဟု တောင်းပန်လိုက်လေသည်။

တုဝေယင်း သက်ပြင်းချလိုက်သည်။

ပါစုနှင့် ထင်စန်းတို့သည် အပြစ်ပေးခံရမည်ကို အလွန် ကြောက်ရွံ့နေကြသည်ဟု ယုံကြည်သွားလေသည်။

ထို့ကြောင့်....

‘ကိစ္စမရှိပါဘူးကွာ၊ မင်းတို့ဘာမှပူမနေကြနဲ့၊ ဒါအသေး အဖွဲ့ ကိစ္စလေးပါ၊ နောက်ကိုသာ ပေါ့ပေါ့ဆဆ မလုပ်ကြနဲ့ ဟုတ်ပြီလား’

သူက ခွင့်လွှတ်လိုက်ချိန်တွင် ခြေသံများ ထွက်ပေါ်လာပြီး အဘွားအိုတစ်ပိုင်း ကျန်းရှူနှင့် လူမမာဝမ်းလီတို့ ဝင်ရောက် လာကြလေသည်။



တုဝေယင်း အံ့ဩသွားသည်။

‘ဘာကိစ္စလဲဟေ့’

ဟု ချက်ချင်း လှမ်းမေးလိုက်လေသည်။

အဘွားအိုတစ်ပိုင်း ကျန်းရှူနှင့် လူမမာ ဝမ်းလီတို့က ဒူးထောက် ဂါရဝပြုလိုက်ကြပြီး....

‘မြို့စားကြီးက ဆရာကြီးအတွက် ပိုးထည်ဝတ်စုံတစ်စုံပို့ခိုင်း လိုက်ပါတယ်’

ဟု ပြိုင်တူပြောလိုက်ကြ၏။

တုဝေယင်းက....

‘ပိုးထည်ဝတ်စုံ ဟုတ်လား၊ ဒါဆို ကျုပ်ရဲ့အဝတ်အစား တွေ ပေကျံကုန်တယ်ဆိုတာ မြို့စားကြီး သိသွားပြီပေါ့’

‘ဟုတ်ပါတယ်၊ ဆရာကြီးကို မွေးနေ့ပွဲပြီးမှ အေးအေး ဆေးဆေး တောင်းပန်ရဦးမယ်လို့လဲ ပြောပါတယ်’

‘အင်း....မြို့စားကြီးဟာ သူ့ရဲ့ဂေဟာထဲမှာ အပ်ကျတာ တောင် သိနိုင်လောက်တဲ့လူပါလား၊ ချီးကျူးစရာပဲ’

ဟု ရေရွတ်လိုက်လေသည်။

ကျန်းရှူက အသင့်ယူလာသည့် အထုပ်ကိုဖြည်ကာ ပိုးထည်ဝတ်စုံကို လက်နှစ်ဖက်ဖြင့် ရိုရိုသေသေ ပေးလိုက်လေသည်။

တုဝေယင်းက....

'မြို့စားကြီး ပို့လိုက်တာဆိုတော့လဲ လက်မခံရင် မကောင်းပါဘူးလေ'

ဟု ဆိုကာ လှမ်းယူလိုက်၏။

ဤတွင်....

ကျန်းရှူ၊ ပါစု၊ ဝမ်းလီနှင့် ထင်စန်းတို့က ပြိုင်တူလှုပ်ရှားလိုက်ကြလေတော့သည်။

* * *

တုဝေယင်းထွက်သွားသောအခါ ဝူးလျံက....

'ဘိုးဘိုး....မိုးနဂါးဂိုဏ်းချုပ်ကြီးဟာ အတော့်ကိုကြည်ညိုလေးစားဖို့ကောင်းတာပဲနော်'

ဟု အဘိုးဖြစ်သူဝူးလောက်ရယ်အား ပြောလိုက်လေသည်။

ဝူးလောက်ရယ် ရယ်မောလိုက်သည်။



'ဒါပေါ့ကွာ၊ မိုးနဂါးဂိုဏ်းဟာ ဒိုင်းလောကမှာ ထိပ်ဆုံးနေရာရောက်နေတာ သူ့ရဲ့စွမ်းဆောင်ချက်ကြောင့်ပေါ့၊ သူက ငါ့မြေး...ို့ လက်ဆောင်ပစ္စည်းတစ်ခုခု ပြန်ပေးမှ သင့်တော်သိမ့်မယ်၊ မိုးနဂါးဂိုဏ်းချုပ်ဟာ စာပေပညာ ဝါသနာကြီးလွန်းတယ်ကွယ့်၊ ငါ့မြေးရဲ့ကျောက်စိမ်းကလောင်ကို လက်ဆောင်ပေးလိုက်ရင် သင့်မြတ်မယ်'

ဟု ပြောလေသည်။

ဝူးလျံ ဝမ်းသာသွားသည်။

'ကောင်းပါပြီဘိုးဘိုး၊ ကျွန်တော် သွားပေးလိုက်ပါ့မယ်'

'အေး...အေး'

ဝူးလျံသည် အဘိုးဖြစ်သူနှင့် ရှာကုတို့ကို နှုတ်ဆက်ကာ ...ပ်သုက်သုက် ထွက်သွားလေတော့သည်။

* * *

ထင်စန်းသည် တုဝေယင်းတို့စားပွဲပေါ်သို့ အရက်တစ်အိုး ...သွားပို့ခဲ့ပါသည်။

အရက်ထဲ၌ မျက်လုံးပြာဝေသွားစေတတ်သော ဆေး...စ်မျိုးခတ်ထားလေသည်။

အဆိပ်(သို့မဟုတ်) မေ့ဆေးခတ်ထားမည်ဆိုပါက ထိပ်သီး
သိုင်းသမားကြီးများဖြစ်ကြသည့် တုဝေယင်းတို့ ချက်ချင်းရိပ်မိ
သွားကြမည်ဖြစ်သည်။

မျက်လုံးပြာဝေသွားစေသည့်ဆေးမှာ ပရဆေးရွက်အချို့
အရည်ဖြင့် ဖော်စပ်ထားခြင်းဖြစ်သည်။

အရောင်အဆင်း၊ အနံ့အရသာမရှိဘဲ တစ်ဒင်္ဂအားဖြင့်သာ
အစွမ်းထက်လေသည်။

ယခု....

ကျန်းရှူကမ်းပေးလိုက်သော ပိုးထည်ဝတ်စုံကို လှမ်းယူ
လိုက်သည့် တစ်ဒင်္ဂအချိန်လေးတွင် ဆေးအစွမ်းပြလာကာ
တုဝေယင်း မျက်လုံးများပြာဝေသွားလေသည်။

ဤတွင်....

ကျန်းရှူတို့လေးယောက်က လျှပ်တစ်ပြက် လှုပ်ရှားလိုက်
ကြလေသည်။

ကျန်းရှူသည် ဝှက်ထားသောဓားကိုဆွဲထုတ်ကာ တုဝေ
ယင်း၏ ဝမ်းဗိုက်ကိုထိုးသွင်းလိုက်သည်။

ဝမ်းလီက ကြိုးတစ်ချောင်းဖြင့် တုဝေယင်း၏လက်များ
ကို ရစ်ပတ်လိုက်သည်။



ထင်စန်းနှင့် ပါစုဘိုက ဝဲယာတစ်ဖက်တစ်ချက်မှ တိုက်ခိုက်
လိုက်ကြလေသည်။

သူတို့သည် တုဝေယင်းအား သတ်သင်ရှင်းလင်းခြင်း မပြု
နိုင်လျှင် တုဝေယင်းက သူတို့အား ရှင်းပစ်လိမ့်မည်ဖြစ်ကြောင်း
ကောင်းစွာသဘောပေါက်ထားကြသည်။

ထို့ကြောင့်....

လေးယောက်သား မခိုကပ်ဂံ့ဘဲ အစွမ်းကုန် လှုပ်ရှား
တိုက်ခိုက်လိုက်ကြခြင်းဖြစ်လေသည်။

မျက်လုံးပြာဝေသွားပြီး အငိုက်မိသွားသော တုဝေယင်း
ကံဆိုးသွားလေတော့သည်။

လက်ဝှေ့ယမ်းဖို့ ဟန်ပြင်လိုက်စဉ် ဝမ်းလီ၏ကြိုးက သူ၏
လက်များ မလှုပ်နိုင်အောင် ချည်နှောင်ထားလိုက်သည်။

ကျန်းရှူ၏ဓားက သူ၏ဝမ်းဗိုက်ကို ထိုးသွင်းမိလိုက်သော
အခါ အံကြိတ်ကာ ရုန်းထွက်ပြီး နောက်ဆုတ်လိုက်သည်။

ဤတွင်....

ထင်စန်းနှင့်ပါစုဘိုက ဝဲယာတစ်ဖက်တစ်ချက်မှ ဓားဖြင့်
ထိုးသွင်းလာသောအခါ မရှောင်နိုင်တော့ပါ။

'အင့်'

တုဝေယင်း ကြမ်းပြင်ပေါ် ဒူးထောက်ကျတော့၏။

ပါစုတို့က သေချာအောင် ထပ်မံ ထိုးသွင်းလိုက်ကြ
သည်။ တုဝေယင်း အသံမထွက်နိုင်တော့ပါ။

ကြမ်းပြင်ပေါ် မှောက်လျက်လဲကာ အသက်ပျောက်သွ
လေတော့သည်။

ပါစုတို့ ဝမ်းသာသွားကြလေသည်။

မည်သို့မျှဖြစ်နိုင်မည်မထင်ရသော ကိစ္စကြီးတစ်ခုကို
မြောက်အောင် ဆောင်ရွက်နိုင်ခဲ့ကြပြီဖြစ်လေသည်။

ကျင်းလိန်မြို့စားသည် သူ၏ဂေဟာထဲသို့ အနက်ရောင်
လောကသားများ ဝင်ရောက်ဝံ့မည်မဟုတ်ဟု ယုံကြည်
ကြသည်ကတစ်ကြောင်း တုဝေယင်းကိုယ်တိုင်က ရန်သူမျ
ယုံကြည်ထားခြင်းကတစ်ကြောင်း တင်စန်းတို့သည် ကြေး
များ ဖြစ်သော်လည်း အလွန်လျှို့ဝှက်သိပ်သည်းစွာ နေ
များဖြစ်၍ သူတို့အကြောင်းကို မည်သူမျှ မသိနိုင်သ
တစ်ကြောင်း....

စသည့်အကြောင်းကြောင်းကြောင့် တုဝေယင်းလုပ်
လိုက်ရခြင်းဖြစ်လေတော့သည်။

တုဝေယင်း အသက်ပျောက်သွားသည်နှင့် ပါစုတို့
ချက်ချင်း ရှောင်တိမ်းသွားရန် ဟန်ပြင်လိုက်ကြသည်။



ထိုစဉ်....

'ဟာ....'

လွှတ်ခနဲ ရေရွတ်လိုက်သောအသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

အားလုံး လန့်ဖျပ်ပြီးကြည့်လိုက်သောအခါ အခန်းဝ၌ရပ်နေသည့် လူငယ်လေးတစ်ယောက်အားတွေ့မြင်လိုက်ရလေတော့သည်။

* * *

ဝူးလျှံသည် တုဝေယင်းအား ကျောက်စိမ်းကလောင် လက်ဆောင်ပေးရန် လိုက်လာခဲ့လေသည်။

တုဝေယင်း၏အခန်းဝသို့ရောက်သည်နှင့် လူလေးယောက်က တုဝေယင်းအားဝိုင်းပြီး လုပ်ကြံလိုက်ကြသည်ကို တွေ့လိုက်ရလေသည်။

မမျှော်လင့်သောဖြစ်ရပ်ကြောင့် ထိတ်လန့်သွားသည်။ ပါစုတို့ကြေးစားတစ်စုကို မျက်လုံးပြူးကာ ငေးကြည့်နေမိလေသည်။

ပါစု၊ ဝမ်းလီ၊ ကျန်းရှုနှင့် ထင်စန်းတို့လည်း ကြက်သေသေသွားကြသည်။

သို့သော်....

အားလုံး ချက်ချင်းသတိဝင်လာကြသည်။

သူတို့အကြောင်းကို သိသွားပြီဖြစ်ရာ တိုက်ခိုက်သိုးဖောက်ပြီး ကိုယ်လွတ်ရုန်းပြေးကြရတော့မည်ဖြစ်သည်။

သိုင်းလောကသားများ စုရုံးရောက်ရှိနေသည့် ကျင်းလိန်မြို့စားဂေဟာမှ ထွက်ပြေးလွတ်မြောက်နိုင်ပါတော့မည်လော။

ထိုစဉ်....

'အင့်'

ဝူးလျံထံမှ ညည်းညူသံထွက်ပေါ်လာသည်။

သူ၏နှုတ်ခမ်းထောင့်မှ သွေးများယိုစီးကျလာသည်။

ခန္ဓာကိုယ်ယိမ်းယိုင်သွားကာ ကြမ်းပြင်ပေါ် တအိအိပြိုလဲကျသွားလေသည်။ ပါစုံတို့အားလုံး အံ့ဩသွားကြရပြန်သည်။

ဝူးလျံမည်သို့ဖြစ်သွားပါသနည်း။

အခန်းဝ၌ လူတစ်ယောက်ပေါ်လာသည်။

လွှေဖုံးဖြစ်လေသည်။



လွှေဖုံးက....

'ဘာလုပ်နေကြတာလဲ'

ဟု လှမ်းပြောလိုက်၏။

အားလုံး သတိဝင်လာကြသည်။

ချက်ချင်းပင် အခန်းအပြင်ဘက် ပြေးထွက်လိုက်ကြလေသည်။

ထို့နောက်....

* * *

တုဝေယင်းလုပ်ကြံခံရသည့်သတင်းမှာ တစ်ခဏအတွင်းပင် ပျံ့နှံ့သွားလေသည်။

ကျင်းလိန်မြို့စားသည် ဂေဟာတစ်ခုလုံးကိုပိတ်ဆို့ထားရန် အမိန့်များပေးလိုက်သည်။

လူသတ်သမားသည် အဝေးသို့ထွက်ပြေးနိုင်လိမ့်မည်မဟုတ်ဟု ယုံကြည်ထားကြသည်။

သို့သော်...

ကျင်းလိန်မြို့စားအမိန့်မထုတ်မီ လက်မတင်လေးတွင် မိုးနဂါးဂိုဏ်းမှ ဒုဂိုဏ်းချုပ် ယင်းဟုန်၏မြင်းလှည်းထွက်ခွာသွားခဲ့လေသည်။

မိုးနဂါးဂိုဏ်း၏ ဒုဂိုဏ်းချုပ်တစ်ယောက်အား မည်သူမျှ သက်သေမကောင်းဖြစ်ကြမည်မဟုတ်ပါ။

ထို့ကြောင့်....

မြင်းလှည်းထဲ၌ ပုန်းအောင်းလိုက်ပါသွားကြသော ကြေးစားငါးယောက်မှာ လွတ်မြောက်သွားကြလေတော့သည်။

## သန္နိဋ္ဌာန်

မိုးနဂါးဂိုဏ်းချုပ် တုဝေယင်း လုပ်ကြံခံရသည့် သတင်းသည် ကျောင်းလိန်မြို့စားဂေဟာမှနေ၍ သိုင်းလောကတစ်ခုလုံးသို့ ပျံ့နှံ့သွားလေသည်။

သိုင်းလောကကြီးတစ်ခုလုံး အုန်းအုန်းကျွက်ကျွက်ဖြစ်သွားသည်။ လူသတ်သမားအား ဖော်ထုတ်ပေးရန် တောင်းဆိုကြလေသည်။

အင်္ကတာဝန်ရှိသူမှာ ကျောင်းလိန်မြို့စားဖြစ်နေသည်။

ကျောင်းလိန်မြို့စားသည် တရားခံကို ဖော်ထုတ်ဖမ်းဆီးမည်ဟု ကြေညာချက်ထုတ်ပြန်သည်။

သို့သော် ...

တရားခံ မည်သူမည်ဝါဟု မသိကြရပါ။

ထို့ကြောင့်....

တရားခံအား ဖမ်းဆီးပေးနိုင်သူ သို့မဟုတ် သတင်းပေးနိုင်သူအား ဆုငွေချီးမြှင့်မည်ဟု ကြေညာလိုက်ရသည်။

တရားခံဖော်ထုတ်ဖို့ ကျင်းလိန်မြို့စားက ဦးဆောင်ကာ လှုပ်ရှားနေချိန်တွင်....

တုဝေယင်းနှင့်အတူ အသက်ခံရသည့် သခင်လေးဝူးလျှံနှင့် ပတ်သက်၍မူ မားခြံဝင်းသည် ငြိမ်ချက်သားကောင်းနေသည်မှာ ထူးဆန်းလှပေတော့သည်။

* * *

မားခြံဝင်း ...

မားခြံဝင်းသည် ဧကပေါင်းနှစ်ဆယ်ကျော် ကျယ်ဝန်းပြီး ခြံဝင်းအတွင်း၌ အဆောက်အအုံကြီးများ ဆယ့်လေးငါးလုံးမျှဖြင့် ဖွဲ့စည်းထားသော ခြံဝင်းဖြစ်သည်။

မားခြံဝင်း၌ လူပေါင်းသုံးရာကျော်မျှ မှီတင်းနေထိုင်ကြသည်။

ခြံဝင်းပိုင်ရှင်မှာ ဝူးလောက်ရယ်ဖြစ်သည်။



ယနေ့....

ဝူးလောက်ရယ်သည် အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ကာ အလွန် တည်ငြိမ်ရင့်ကျက်သည့် အသွင်ဖြင့် ကျောမှီမြင့်သော ထိုင်ခုံကြီး၌ ထိုင်နေ၏။

သူ၏ရှေ့တွင် လူခုနစ်ယောက် စီတန်းကာရပ်နေကြသည်။

ဝဲဘက်အစွန်ဆုံးမှလူသည် အသက်လေးဆယ်ကျော်ခန့်ရှိပြီး အလွန် ပူဆွေးသောကရောက်နေဟန်ရှိသည်။

ထိုလူမှာ မားခြံဝင်းပိုင်ရှင် ဝူးလောက်ရယ်၏ အရိုက်အရာကို ဆက်ခံမည့် ဝူးလောက်ရယ်၏သား ဝူးဟန်ဖြစ်သည်။

ဝူးလောက်ရယ်တွင် ဝူးဟန်တစ်ယောက်သာ သားသမီးရှိသလို ဝူးဟန်သည်လည်း ဝူးလျှံတစ်ယောက်ကိုသာ သားသမီးအဖြစ် ရရှိထားလေသည်။

ယခု....

သားအချစ်မြေးအနှစ်ဆိုသလို ဝူးလျှံသည် လုပ်ကြံခံရပြီ ဖြစ်လေသည်။

မားခြံဝင်းအတွက် မည်သို့မျှ အစားထိုးမရနိုင်သော ဆုံးရှုံးမှုကြီး ဖြစ်ပေသည်။

မားခြံဝင်းသည် ဝူးလျှံ လုပ်ကြံခံလိုက်ရသည့် အတွက် ခေါင်းငုံ့ခံနေကြမည်မဟုတ်ပါ။

ဦးလောက်ရယ်က...

'ငါတို့အကျက် အစားဆိုးလို့မရအောင် ဆုံးရှုံးလိုက်ရပြီ၊ ဒါကြောင့် ဝမ်းနည်းကြေကွဲနေကြမယ့်အစား လူသတ်သမားကို မဖြစ်မနေ ဖော်ထုတ်ဖို့ တာဝန်ရှိနေပြီ၊ အားလုံးသဘောပေါက်ကြရဲ့လား'

ဟု ပြောလိုက်သည်။

လူခုနစ်ယောက်က ပြိုင်တူခေါင်းညိတ်လိုက်သည်။

ထိုလူခုနစ်ယောက်တွင် ဦးဟန်ကိုဖယ်ထားလိုက်ပါက ကျန်ခြောက်ယောက်မှာ ဓားဒုံ့ဝင်းမှ ထိပ်တန်းခေါင်းဆောင်များဖြစ်ကြသည်။

ဦးလောက်ရယ်က....

'ကျင်းလိန့်မြို့စားက လူသတ်တရားခံကို ဖော်ထုတ်ဖို့ သူ့ရဲ့အရှိန်အဝါကို အသုံးပြုပြီး ကြိုးစားလိမ့်မယ်၊ သူဟာ ဘယ်လိုပေါက်ရောက်တယ်ဆိုတာ အားလုံးအသိပဲ၊ သူကို့ တရားခံကိုမိသွားပြီဆိုရင် ငါတို့ ဘာမှ တတ်နိုင်ကြမှာမဟုတ်ဘူးဆိုတာနားလည်ထားရမယ်'

ဦးလောက်ရယ်သည် အံဘင်းတင်းကြိတ်လိုက်ပြီး ပြတ်သားသော လေသံဖြင့်....

'တရားခံဟာ ငါတို့လက်ထဲ ရောက်လာရမယ်၊ တခြားဘယ်သူ့လက်ထဲမှ ရောက်မသွားစေရဘူး'



ဟု ပြောချလိုက်သည်။

ဦးဟန်က....

'စိတ်ချပါဖေဖေ၊ တရားခံကိုမမိဘဲ ကျွန်တော် အိမ်ပြန်မလာပါဘူး'

ဟု ကတိပေးလိုက်သည်။

'ဦးဟန်၊ မင်းတစ်ယောက်တည်း လုပ်ရှားမှာကို ငါခွင့်မပြုနိုင်ဘူး'

'ဖေဖေ ကျွန်တော့်သား....'

'နေဦး ငါပြောမယ်'

ဦးဟန် မဘာဘ်သာဘဲ ငြိမ်နေလိုက်ရလေသည်။

ဦးလောက်ရယ်က...

'ဦးလျှံဟာ ဓားဒုံ့ဝင်းရဲ့ အသည်းနှလုံးပါ၊ ဓားဒုံ့ဝင်းက လူတွေအားလုံးနဲ့ဆိုင်တယ်၊ အားလုံး စုပေါင်းပြီး တက်ညီလက်ညီ ဆောင်ရွက်ကြရလိမ့်မယ်၊ တို့ဟာ အပိုင်းသုံးပိုင်းခွဲပြီး ဆောင်ရွက်ကြရလိမ့်မယ်'

သူက အသေးအနက်သားပြီး ပြောနေခြင်းဖြစ်၍ အားလုံးမှာ ဂရုစိုက် နားထောင်နေလိုက်ကြရသည်။

ဦးလောက်ရယ်က....

'တို့လူတွေကို အုပ်စုသုံးစုခွဲလိုက်မယ်၊ တစ်စုက မိုးနဂါးဂိုဏ်းရဲ့ လှုပ်ရှားမှုကို စောင့်ကြည့် စုံစမ်းရမယ်၊ တုဝေယင်းလုပ်ကြံခံလိုက်ရတာဟာ မိုးနဂါးရဲ့တိုက်ထဲမှာ မကျေနပ်တဲ့ လူတွေ ရှိကောင်းရှိနေလို့လဲ ဖြစ်နိုင်တယ်'

မိုးနဂါးဂိုဏ်းအား စောင့်ကြည့်စုံစမ်းရန် တော်ရုံတန်ရုံ သတိပြုကြလိမ့်မည် မဟုတ်ချေ။

ဦးလောက်ရယ်သာ အတွေ့အကြုံ ရင့်ကျက်သူဖြစ်၍ လစ်ဟင်းသည်မရှိဘဲ ထောင့်စေ့အောင် တွေးတောထားခြင်း ဖြစ်သည်။

ဦးလောက်ရယ်က ဆက်ပြောသည်။

'ဒုတိယအစုက ကျင်းလိန်မြို့စားရဲ့လှုပ်ရှားမှုကို စောင့်ကြည့်ရမယ်'

မှန်ပေသည်။

ကျင်းလိန်မြို့စားသည် တရားခံများအား ဖော်ထုတ်ဖို့ အပြင်းအထန် ကြိုးစားမည် ဖြစ်ပေသည်။

ထို့ကြောင့်....

ကျင်းလိန်မြို့စားအား စောင့်ကြည့်နေခြင်းဖြင့် တရားခံနှင့် ပတ်သက်ပြီး မည်မျှစုံစမ်းသိရှိထားသည်ကို သိနိုင်မည် ဖြစ်လေသည်။

ဦးလောက်ရယ်က....



'တတိယအစုကတော့ အနက်ရောင် သိုင်းလောကထဲဝင်ပြီး စုံစမ်းရမယ်'

ဟု ပြောလေသည်။

အဖွဲ့သုံးဖွဲ့စလုံးသည် အရေးပါသော တာဝန်များကို ထမ်းဆောင်ကြရမည် ဖြစ်ပါသည်။

ဦးလောက်ရယ်က....

'တို့အားလုံး စည်းစည်းလုံးလုံးနဲ့ အချိတ်အဆက်မိမိ ကြိုးစားကြမယ်ဆိုရင် တရားခံ ဘယ်ပြေးနိုင်မလဲ'

'ဖေဖေပြောတာ မှန်ပါတယ်'

ဦးဟန် လက်ခံလိုက်ရလေတော့သည်။

ဦးလောက်ရယ်က....

'ငါတစ်ယောက်လုံး ရှိပါလျက်နဲ့ ငါ့မြေးလုပ်ကြံခံလိုက်ရတာ ငါ့မှာ တာဝန်မကင်းဘူး၊ ဒါကြောင့် ရန်သူနဲ့ အနီးစပ်ဆုံးဖြစ်တဲ့ အနက်ရောင် သိုင်းလောကထဲဆင်းပြီး စုံစမ်းဖို့ ငါကိုယ်တိုင် တာဝန်ယူမယ်၊ ဦးဟန် မင်းက ကျင်းလိန်မြို့စားရဲ့ လှုပ်ရှားမှုကို စောင့်ကြည့်ဖို့ တာဝန်ယူပါ၊ မင်းရဲ့သားဦးလျှံရဲ့ အဖြစ်ဆိုးကြောင့် တရားခံကို ဖော်ထုတ်ဖို့ မင်းက လက်တွဲဆောင်ရွက်မယ်ဆိုရင် ကျင်းလိန်မြို့စားက လိုလိုလားလား လက်ခံမှာပဲ'

ရွှေဘာဆက်လုပ်ရမည် ဆိုသည်ကို ဦးဟန် ကောင်းစွာ သဘောပေါက်လိုက်သည်။

'စိတ်ချပါဖေဖေ တကယ်တမ်း တရားခံကို ဖော်ထုတ်နိုင်ပြီ ဆိုရင် သူတို့ထက်ဦးပြီး ကျွန်တော်ဘို့သက်သေ ရောက်လာ အောင် ကျွန်တော် တာဝန်ယူပါ့မယ်'

ဟု ကတိပြုလိုက်သည်။

ဦးလောက်ရယ်က....

'ဝူကြွား မင်းက မိုးနဂါးဂိုဏ်းကို စောင့်ကြည့်ဖို့ တာဝန် ယူပါ'

ဓားခြံဝင်း၏ ထိပ်တန်းခေါင်းဆောင် ခြောက်ယောက် အနက် သိုင်းလောက၏ အတွေ့အကြုံအရှိဆုံး ဝါအရင့်ဆုံး ဓားခြံဝင်း၏ အိမ်ထိန်းကြီးဝူကြွားကို တာဝန်ပေးလိုက်လေ သည်။

ဝူကြွားက ဦးညွှတ်လိုက်သည်။

'စိတ်ချပါသခင်ကြီး၊ မိုးနဂါးဂိုဏ်းကသူတွေရဲ့ ဇာစ်မြစ်ကို လိုက်ပြီး စုံစမ်းလိုက်ပါ့မယ်'

ဦးလောက်ရယ်က....

'ကျန်တဲ့လူတွေကလဲ ကိုယ်ကျရာ တာဝန်အသီးသီးကို ထမ်း ဆောင်ရလိမ့်မယ်၊ ကုန်ကုန်ပြောရရင် တို့ဓားခြံဝင်းက ထမင်း



ချက်ကအစ မြင်းလှည်းမောင်းကအစ လူသတ်သမားကို စုံစမ်း ဖော်ထုတ်တဲ့နေရာမှာ ပါဝင်ဆောင်ရွက်ကြရလိမ့်မယ်'

ဟု ပြောလေသည်။

ဓားခြံဝင်းမှ လူတစ်ယောက်မကျန် ရှိသမျှလူအားလုံး သည် လူသတ်တရားခံကို ရှာဖွေဖော်ထုတ်ကြမည်ဖြစ်သည်။

ဦးလောက်ရယ်က လက်သီးကျစ်ကျစ်ပါအောင် ဆုပ်လိုက် ပြီး....

'ကဲ....လူသတ်သမား ဘယ်ပြေးမလဲ၊ ပြောကြစမ်းပါဦး' ဟု မေးလိုက်လေတော့သည်။

* * *

မိုးနဂါးဂိုဏ်းချုပ်တုဝေယင်း လုပ်ကြံခံရပြီး တစ်လအတွင်း မှာပင် ကျင်းလိန်မြို့စား၏ ဆုငွေကြော်ငြာသည် အနယ်နယ် အရပ်ရပ်သို့ ပျံ့နှံ့သွားလေသည်။

ဒုတိယလ၏ လဆန်းတစ်ရက်တွင်....

ဆုငွေတစ်သိန်း....

မိုးနဂါးဂိုဏ်းချုပ် တုဝေယင်းအား လုပ်ကြံသွား သည့် တရားခံများအား ဖော်ထုတ် ဖမ်းဆီးပေးနိုင်သူ၊ သတင်းပေးနိုင်သူအား ဆုငွေတစ်သိန်း ချီးမြှင့်မည်။

ပုံ

ကျင်းလိန်မြို့စား

ဟူသော ကြော်ငြာအသစ်တွက်ပေါ်လာသည်။

လဆန်းငါးရက်တွင်....

ဆုငွေ တစ်သိန်းငါးသောင်း....

မိုးနဂါးဂိုဏ်းချုပ် တုဝေယင်းအား လုပ်ကြံသွားသည့် တရားခံများအား ဖော်ထုတ် ဖမ်းဆီးပေးနိုင်သူ သတင်းပေးနိုင်သူအား ဆုငွေ တစ်သိန်း ငါးသောင်း ချီးမြှင့်မည်။

ပုံ
ကျင်းလိန်မြို့စား

ဟု ကြော်ငြာထားသည်။

ဆုငွေပမာဏကို တိုးမြှင့်လိုက်ခြင်းဖြစ်သည်။

နောက်ထပ် ဆယ့်ငါးရက်အကြာတွင် ဆုငွေကို နှစ်သိန်းအထိ တိုးမြှင့်လိုက်သည်။

ထိုမှတစ်ဖန်....

နှစ်သိန်းငါးသောင်း....

သုံးသိန်း....

လေးသိန်းစသည်ဖြင့် ဆုငွေပမာဏ ပို၍များပြားလာကာ နောက်ဆုံး 'ဆုငွေဆယ်သိန်း' အထိ ဖြစ်လာသည်။

ဆုငွေ မက်မောသူများ၊ သိုင်းလောကသားများသည် လူသတ်တရားခံအား မြေလှန်ရှာဖွေကြလေတော့သည်။



ထို့အပြင်....

ကျင်းလိန်မြို့စားသည် နေပြည်တော်မှ အာဏာပိုင်များကိုလည်း အကူအညီတောင်းထားရာ ဘုရင့်အဆောက်တော်များကိုယ်တိုင် သိုင်းလောကသို့ဆင်းလာပြီး စုံစမ်းကြတော့သည်။

ကြေးစားလူသတ်သမားများ ထွက်ပြေး လွတ်မြောက်နိုင်ကြပါမည်လော။

လူငယ်စာပေ
ဖုန်း ၂၁၃၄၄

မျက်လုံးပြူး မျက်ဆန်ပြာ

---

အစ်ကိုကြီးက ဗျပ်စောင်းကိုပိုက်ကာ သံစဉ် ရှာဖွေလို
သည်။

သို့သော် စိတ်မပါသဖြင့် ဗျပ်စောင်းကို ပြန်ချထားလို
သည်။

ယခုတလော သူ၏စိတ်များ ယောက်ယက်ခတ်ကာ ဂ
မငြိမ် ဖြစ်နေခဲ့ပါသည်။

ထိုစဉ်....

ခြေသံများထွက်ပေါ်လာပြီး အမျိုးသမီးက အခန်းတွ
သို့ လှမ်းဝင်လာလေသည်။



အစ်ကိုကြီးက....

'ဘယ်လိုလဲ'

ဟု မေးလိုက်သည်။

အမျိုးသမီးက....

'ဆုငွေဆယ်သိန်းဖြစ်သွားပြီ'

ဟု ပြောလေသည်။

အစ်ကိုကြီး သက်ပြင်းချလိုက်သည်။

ကြက်နာကြီး လည်လိမ်ထားသလို ဖြစ်နေခြင်းတည်း။

အမျိုးသမီးက....

'နေပြည်တော်ကလူတွေလဲ သိုင်းလောကထဲ ဆင်းလာနေကြပြီ'

'ကျင်းလိန်မြို့စားက အကူအညီခေါ်လိုက်တာဖြစ်မှာပေါ့'

'ဟုတ်တယ်'

'ယင်းဟုန်ဆီကကော ဘာကြားသလဲ'

အမျိုးသမီး ခေါင်းခါယမ်းလိုက်သည်။

'ဘာမှအဆက်အသွယ်လုပ်လို့မရဘူး၊ သူက တမင်ရှောင်နေတာ သေချာတယ်'

'တောက်....'

အစ်ကိုကြီးက တက်ခေါက်လိုက်လေသည်။

'ယင်းဟုန်က သစ္စာဖောက်မယ်ဆိုရင် ကျုပ်ကလဲ သူ့ကို ချမ်းသာပေးမှာမဟုတ်ဘူး'

အမျိုးသမီးက....

'ကျွန်မတို့ရဲ့ငွေထက်တောင် ဆုငွေကများနေသေးတယ်၊ ကျွန်မတို့လုပ်ရတာ မတန်သလိုဖြစ်သွားတယ်'

ဟု ညည်းလိုက်လေသည်။

အစ်ကိုကြီးက....

'တို့လူတွေကော'

'အားလုံး ခြေရာဖျောက်ခိုင်းထားလိုက်တယ်'

'ကောင်းတယ်၊ တကယ်လို့ လိုအပ်လာရင် ယင်းဟုန်ကို ရှင်းခိုင်းရမယ်၊ ဒါမှ ငါတို့အသိုက်အမြုံ မပျက်စီးမှာ'

အမျိုးသမီးက....

'အစ်ကိုကြီး ကျွန်မတို့ကော ခြေရာဖျောက်နေလိုက်ကြရင် ကောင်းမယ်ထင်တယ်'

အစ်ကိုကြီးက....

'ခုတော့ မလိုသေးပါဘူး၊ လောလောဆယ် အားလုံးနဲ့ အဆက်အသွယ်ဖြတ်ထားလိုက်ပြီး ယင်းဟုန်ကိုသာ မျက်ခြည်မပြတ် စောင့်ကြည့်ဖို့လိုမယ်'



'ဒိတ်ချ အစ်ကိုကြီး ကျွန်မတာဝန်ယူလိုက်ပါ့မယ်'

အစ်ကိုကြီးက ဗျပ်စောင်းကို ကောက်ကိုင်လိုက်သည်။

သို့သော် ချက်ချင်းပြန်ချထားလိုက်ပြီး....

'ငါ့ကို အရက်ပြင်းပြင်းတစ်အိုးလောက် ပေးစမ်းပါ'

ဟု ပြောလိုက်လေသည်။

* * *

နေအတော်မြင့်သွားပြီဖြစ်သည်။

ဈေးထဲ၌ လူရှင်းသွား၏။

ထင်စန်းသည် ပဲပြားဘောင်းကိုသမ်းကာ ဈေးမှ ထွက်လာခဲ့လေသည်။

လမ်းဆုံလမ်းခွတစ်နေရာသို့ရောက်လျှင် လူအများ စုရုံးစုရုံးဖြစ်နေသည်ကို တွေ့ရလေသည်။

ထင်စန်း စိတ်ဝင်စားသွားသည်။

'ဘာတွေဖြစ်နေတာပါလိမ့်'

ချက်ချင်းပင် လှမ်းသွားလိုက်ပြီး မသိမသာ အကဲခတ်ကြည့်လိုက်လေသည်။

ထိုအခါ...

လမ်းဘေးရှိ ညောင်ပင်ကြီးတစ်ပင်တွင် ကြော်ငြာစာရွက် တစ်ရွက် ကပ်ထားသည်ကို တွေ့ရလေသည်။

လူအများသည် စိတ်ဝင်စားစွာဖြင့် ကြော်ငြာကို ဖတ်ကြည့် နေကြခြင်းဖြစ်လေသည်။ ထင်စန်းလည်း ဖတ်ကြည့်လိုက်သည်။

ကြော်ငြာတွင်....

ဆုငွေဆယ်သိန်း....

မိုးနဂါးဂိုဏ်းချုပ်အား လုပ်ကြံသွားသည့် တရားခံ အား ဖော်ထုတ်ဖမ်းဆီးပေးနိုင်သူ၊ သတင်းပေးနိုင်သူ အား ဆုငွေဆယ်သိန်းချီးမြှင့်မည်။

ပုံ
ကျင်းလိန်မြို့စား

ဟု ရေးထားလေသည်။

'ဟိုက်....'

ထင်စန်း လွှတ်ခနဲ ရေရွတ်မိလိုက်လေသည်။

ကျင်းလိန်မြို့စားဂေဟာမှ သူတို့ ထွက်လာခဲ့ကြသည်မှာ အတော်ကြာပြီဖြစ်သည်။

ထုံးစံအတိုင်း အလုပ်ကြီးလုပ်ပြီးပြီမို့ ခြေရာဖျောက်ကာ နေခဲ့ခြင်းဖြစ်သည်။

ယခင်က နေထိုင်ခဲ့သောအိမ်လေး၌ နေ၍မဖြစ်တော့ပါ



အဘွားအိုတစ်ပိုင်း ကျန်းရှုက ကျားကြီး ကျားလေး ညီနောင်အား ဆုံးမလိုက်ပြီးနောက်ပိုင်း သူလည်း ထိုအသိုက် အမြုံလေးကို စွန့်ကာထွက်လာခဲ့ခြင်းဖြစ်သည်။

ထို့နောက်တွင် သိုင်းလောကနှင့် အဆက်အသွယ် ပြတ်နေ ခဲ့လေသည်။

ယခုမှ....

ကျင်းမြို့စား၏ကြော်ငြာကိုတွေ့ကာ ထိတ်လန့်တုန်လှုပ်သွား ခြင်းဖြစ်ပေတော့သည်။

'ဒုက္ခပဲ ဆုငွေဆယ်သိန်းတောင် ထုတ်ထားပါလား၊ သိုင်း လောကသားတွေက ငါတို့ကို သဲကြီးမဲကြီး လိုက်ရှာနေကြ တော့မှာပဲ၊ အစ်ကိုကြီးကော ဒီသတင်းကို သိပြီးပြီလား။ တခြားလူတွေကော'

ထင်စန်း ဗျာများသွားသည်။

ပဲပြားတောင်းကိုထမ်းကာ ခပ်သုတ်သုတ်ထွက်လာခဲ့သည်။ သူ၏နဖူးပေါ်၌ ချွေးများစို့နေသည်။

မထင်မရှား ဇာတ်မြုပ်နေသော်သည်း လုံခြုံမှုမရှိတော့ဟု ခံစားနေရလေတော့သည်။

* * *

အသွားအိုတစ်ပိုင်း ကျန်းရှုသည် လောင်းကစားဝိုင်းမှ ခေါင်းငိုက်စိုက်ချကာ ထွက်လာခဲ့လေသည်။

ယခု ...

သူ၏လက်ထဲ၌ ငွေဘယ်ပြားတစ်ချပ်မှ မရှိတော့ပါ။

မိုးနဂါးဂိုဏ်းချုပ်အား လုပ်ကြံခဲ့စဉ်က ရခဲ့သောငွေအားလုံး ရှုံးသွားပြီဖြစ်သည်။

ကျန်းရှု ခေါင်းကုတ်လိုက်သည်။

'ယင်စန်းဆီက သွားချေးလို့လဲ ရမှာမဟုတ်ဘူး၊ တခြားလူတွေကလဲ ငါ့ကိုကြည်ဖြူကြတာမဟုတ်ဘူး၊ ဘယ်လိုလုပ်ရပါ့မလဲ'

ထိုသို့တွေးရင်း ချက်တရက်အကြံတစ်ခု ရလာလေသည်။

'ဟုတ်ပြီ...ဒီအတိုင်းပဲကောင်းတယ်'

ကျန်းရှုသည် ချက်ချင်းပင် လောင်းကစားဂေဟာထဲသို့ ပြန်ဝင်သွားလေသည်။

လောင်းကစားဂေဟာပိုင်ရှင်၏အခန်းဆီသို့ တန်းတန်းမတ်မတ် လျှောက်သွားလိုက်သည်။

ပိုင်ရှင်၏ အခန်းရှေ့တွင် လူသန်ကြီးနှစ်ယောက် စောင့်ကြပ်နေကြလေသည်။

ကျန်းရှုလှမ်းလာသည်ကိုမြင်လျှင်ထိုလူသန်ကြီးနှစ်ယောက်သည် ထိုင်ရာမှထလာကြပြီး....



'ဘာကိစ္စလဲဟေ့'

အသံဝါကြီးဖြင့် အောင်ငေါက် မေးမြန်းလာကြလေသည်။

ကျန်းရှုက....

'ပိုင်ရှင်နဲ့ တွေ့ချင်လို့ဗျ'

ဟု ပြောလိုက်သည်။

ကျန်းရှုမှာ မကြာခဏလာရောက် လောင်းကစားလေ့ရှိခြင်းကြောင့် လူသန်ကြီးနှစ်ယောက် မျက်မှန်းတန်းမိနေကြပါသည်။

ထို့ကြောင့် တစ်ယောက်က....

'ဘာလဲ...လောင်းကစားဝိုင်းမှာ မကျေနပ်စရာ ပေါ်လာလို့လား'

ဟု မေးလေသည်။

ကျန်းရှုက....

'မဟုတ်ဘူးဗျ'

'ဒါဆို ဘာကိစ္စလဲ'

'သူနဲ့တွေ့မှ ပြောလို့ဖြစ်မယ်'

'ကောင်းပြီလေ....ဆရာ့ကို မေးကြည့်လိုက်မယ်'

လူသန်ကြီးတစ်ယောက်သည် အခန်းတွင်းသို့ ဝင်သွားပြီး ချက်ချင်း ပြန်ထွက်လာပါသည်။

ကျန်းရှူကို လက်ယပ်ခေါ်ကာ....

'ဝင်ခဲ့'

ဟု ပြောလိုက်သည်။

ကျန်းရှူ ခပ်သွက်သွက် လှမ်းသွားလိုက်၏။

အခန်းတွင်းသို့ရောက်လျှင် ပိုင်ရှင်က အသင့်စောင့်ကြို့နေသည်ကို တွေ့ရလေသည်။

ပိုင်ရှင်သည် ကျန်းရှူအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး....

'ဘာကိစ္စလဲ'

ဟု မေးလေသည်။

လူသန်ကြီးနှစ်ယောက်က ကျန်းရှူ၏ ဝဲယာ တစ်ဖက်တစ်ချက်၌ အသင့်ရပ်နေကြသည်။

အကယ်၍....

ကျန်းရှူက အန္တရာယ်ပေးလျှင် ချက်ချင်း ဆိုးမရှဲနိဖြစ်လေသည်။

ကျန်းရှူက...



'ကျုပ် လောင်းကစားဝိုင်းမှာရှုံးလို့ ငွေကုန်သွားပြီ၊ ဒါပေမယ့်ဘာပြီး လောင်းကစားချင်သေးတယ်၊ ဒါကြောင့် ကျုပ်ကိုငွေချေးဖို့ မေတ္တာရပ်ခံပါတယ်ဗျာ'

ဟု ပြောလိုက်လေသည်။

ပိုင်ရှင်မှာ နှာခေါင်းရှုံ့လိုက်သည်။

'ဘယ်လောင်းကစားသမားကိုမှ ငွေထုတ်ချေးဖူးတာ ထုံးစံမရှိဘူး၊ မင်းဘာသာ တခြားမှာသွားရှာ၊ ငါ့ကိုလာပြီး မနှောင့်ယှက်နဲ့'

စကားဆုံးလျှင် အခန်းတွင်းမှ ဆွဲထုတ်သွားကြဟူသော သဘောဖြင့် လူသန်ကြီးနှစ်ယောက်လည်း ချက်ချင်းလှုပ်ရှားလာကြပါသည်။

ကျန်းရှူက....

'ကျုပ်က အပေါင်ပေးပြီး ချေးမှာပါဗျာ'

'ဘာကွ'

'ကျုပ်အသက်ကို အပေါင်ထားမယ်လေ'

'ငါက ဘာလုပ်ရမှာလဲ'

လူသန်ကြီးနှစ်ယောက်က....

'ဟေ့ ကောင်လာမရှုပ်နဲ့ ထွက်သွားစမ်း'

ဟု အော်ငေါက်ကာ ဟင်းကျန်းရှူအား ဖမ်းဆီးချုပ် နှောင်ရန် ဟန်ပြင်လိုက်ကြ၏။

ကျန်းရှူ၏လက်နှစ်ဖက် လျင်မြန်စွာ လှုပ်ရှားသွားလေ သည်။

'ဝုန်း'

'အား'

လူသန်ကြီးနှစ်ယောက်သည် စူးရှစွာအော်ဟစ်ကာ အဝေး သို့ လွင့်စဉ်သွားကြပြီး ကြမ်းပြင်ပေါ် စန့်စန့်ကြီး လဲကျသွား ကြ၏။

ထို့နောက် တုတ်တုတ်မျှ မလှုပ်ကြတော့ချေ။

'ဟင်....'

ပိုင်ရှင် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ထိုင်ရာမှ ငေါက်ခနဲ ထရပ်လိုက်လေသည်။

ကျန်းရှူအား မျက်လုံးပြူး၍ကြည့်ကာ....

'မင်း....မင်း'

စကား ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေ၏။

ကျန်းရှူ ပြုံးလိုက်သည်။

'ကျုပ်အသက်ဟာ ဘယ်လောက် အသုံးဝင်တယ်ဆိုတာ ခင်ဗျားသိလောက်ပြီ ထင်ပါတယ်၊ တကယ်လို့သာ ကျုပ်



အသက်ကို အပေါင်ခံထားလိုက်မယ်ဆိုရင် ခင်ဗျားအတွက် ဘယ်လောက်အကျိုးများမလဲဆိုတာ တွေးကြည့်ပါ'

ပိုင်ရှင် သက်ပြင်းချလိုက်သည်။

'မင်းကငါ့အတွက် အကျိုးဆောင်ပေးနိုင်တယ် ဆိုပါတော့'

'ဟုတ်တယ်၊ အနည်းဆုံးတော့ ခင်ဗျားကို ဒုက္ခပေးမယ့် လူကို ဆုံးမပေးနိုင်ပါတယ်ဗျာ'

လူသန်ကြီးနှစ်ယောက်၏ အခြေအနေကိုကြည့်ရုံဖြင့် ကျန်း ရှူ၏အရည်အချင်းကို ပိုင်ရှင်နားလည်သွားသည်။

ထို့ကြောင့်....

'ကောင်းပြီ၊ မင်းဘယ်လောက်ယူမလဲ'

ဟု မေးလိုက်၏။

ကျန်းရှူက....

'မများပါဘူး၊ ငါးသောင်းထဲပါ'

'ငါးသောင်းဟုတ်လား'

'ဟုတ်တယ်၊ ကျုပ်ကပြန်မဆပ်ဘဲ နေမှာမဟုတ်ဘူးဆိုတာ ခင်ဗျားယုံကြည် ထားရလိမ့်မယ်'

ပိုင်ရှင်သည် ကျန်းရှူအား စိုက်ကြည့်လိုက်ပြီး....

'ကောင်းပြီ ငါထုတ်ပေးမယ်'

ဟု ပြောလေသည်။

ကျန်းရှု ကျေနပ်သွားသည်။

ပိုင်ရှင်ပေးသော ငွေငါးသောင်းကိုယူကာ လောင်းကစား ဝိုင်းဆီသို့ ခြေဦးလှည့်လိုက်လေသည်။

သူ၏စိတ်ထဲမှ....

‘ငါဟာ အနည်းဆုံး ငွေဆယ်သိန်းတန်တယ်ဆိုတာ သူမသိ သေးလို့ ဒီလောက် အာပေါက်အောင် ပြောနေရတာပဲ’

ဟု ရေရွတ်သွားလေသည်။

ကျင်းလိန်မြို့စား၏ ဆုငွေထုတ်ထားသည့်ကြော်ငြာကို သူ တွေ့ရှိဖတ်ရှုထားပြီးခဲ့ပြီ ဖြစ်ပါသည်။

*　　*　　*

လှေဖုံးသည် စားသောက်ဆိုင်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် ပန်းရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် မိန်းကလေးတစ်ယောက် အား သတိပြုမိလိုက်လေသည်။

လှေဖုံးစိတ်ထဲ လှုပ်ရှားသွားသည်။

‘အတော်လှတဲ့ မိန်းကလေးပဲ’

ဟု ရေရွတ်မိလိုက်လေသည်။



ထိုမိန်းကလေးမှာ စားပွဲတစ်လုံး၌ တစ်ယောက်တည်း ထိုင် နေခြင်း ဖြစ်လေသည်။

လှေဖုံးကရှည်ရှည်ဝေးဝေးစဉ်းစားမနေဘဲ ထိုမိန်းကလေး ထံသို့ လှမ်းသွားလိုက်၏။

မိန်းကလေးအား ပြုံးပြရင်း ထိုင်ခုံတစ်လုံးဆွဲကာ ထိုင်ချ လိုက်လေသည်။ မိန်းကလေး ကြောင်အမ်းအမ်းဖြစ်သွားသည်။

လှေဖုံးကို နားမလည်နိုင်သလို ကြည့်လိုက်၏။

လှေဖုံးကပြုံးပြနေသဖြင့် ချက်ချင်းမျက်နှာလွှဲသွားလိုက်လေ သည်။ အခြားသူငါ စားသောက်နိုင်သည့်နေရာဖြစ်၍ လှေဖုံး ထိုင်သည်ကို ဘာမှမပြောသာပေ။

စားပွဲပေါ်၌ စားသောက်ဖွယ်ရာ ဘာမှမရှိသေးသည်ကို အခွင့်ကောင်းယူကာ လှေဖုံးက...

‘ညီမ ဘာမှမမှာရသေးဘူးဆိုရင်ဒီ အစ်ကိုမှာပေးမယ်လေ၊ ဆိုင်က ဘဲပေါင်းဟင်းက အတော်ကောင်းတာ’

ဟု ပြောပြီး အရောတဝင် ပြုံးလိုက်လေသည်။

မိန်းကလေးက....

‘မလိုပါဘူးရှင်၊ ကျွန်မဘို့ မှာပြီးပါပြီ’

‘ကြော်...မှာပြီးပြီကိုး၊ ညီမမှာ အဖော်ပါလာသေးတယ် ထင်လား၊ ဒါဆို ညီမရဲ့အဖော်ဟာလဲ ညီမလို ချောမော

လုပ်ကဲ့ သူတစ်ယောက် ဖြစ်ရမယ်လို့ အစ်ကိုပြောဝံ့ပါတယ်၊ ဟဲ....ဟဲ....ဟဲ'

လေ့ဖိုး၏အမူအရာနှင့် ပြောစကားကို မိန်းကလေး ဘဝင်မကျ ဖြစ်သွားလေတော့သည်။

ထို့ကြောင့် ဘာမှမပြောတော့ဘဲ မျက်နှာလွှဲထားလိုက်၏၊

လေ့ဖိုးက....

'ကျုပ်က လေ့ဖိုးပါ၊ ညီမနာမည်ကိုတော့ မသိရဘူးလား၊ ကျုပ်က ခင်တတ်မင်တတ်ပါတယ်၊ ဟဲ....ဟဲ'

အလိုက်ကန်းဆိုးမသိ ပြောပြန်သည်။

ထိုစဉ်....

ခြေသံများနှင့်အတူ လူရွယ်တစ်ယောက် ရောက်ရှိလာလေသည်။

ထိုလူရွယ်ကိုမြင်လျှင် မိန်းကလေး ဝမ်းသာသွား၏။ လူရွယ်မှာလည်း လေ့ဖိုးက မိန်းကလေးအား ရိသဲ့သဲ့လုပ်နေသည်ကို ရိပ်မိသွား၏။

မိန်းကလေးက....

'အစ်ကို ဘာဖြစ်လို့ ဒီလောက်တောင် ကြာနေရတာလဲ'

ဟု ဆီးကြိုအပြစ်တင်လိုက်သည်။



လူရွယ်က....

'မိတ်ဆွေတစ်ယောက်နဲ့ တွေ့နေလို့ပါညီမရယ်၊ ဒါထက် စားသောက်စရာတော့ မရသေးဘူးဆိုရင် တခြားဆိုင်မှာ ပြောင်းပြီး စားကြတာပေါ့'

'ကောင်းတယ်အစ်ကို'

'ဒါဖြင့် လာ'

လူရွယ်သည် မိန်းကလေး၏လက်ကိုဆွဲကာ ခေါ်သွားလေသည်။

လေ့ဖိုး မကျေမနပ်ဖြင့် ကျန်ရစ်ခဲ့လေတော့သည်။

* * *

လေပြည်လေညင်း ဝှေ့ယမ်းတိုက်ခတ်သောအခါ သစ်ရွက်လေးများ တဖြုတ်ဖြုတ်ကြွေကျလာလေသည်။

တောလမ်းလေးအတိုင်း လူရွယ်တစ်ယောက်နှင့်မိန်းကလေး တစ်ယောက်တို့ လက်တွဲကာ လျှောက်လှမ်းလာကြသည်။

နှစ်ယောက်သား အပြုံးကိုယ်စီဖြင့် ပျော်ရွှင်ကြည်နူးနေကြပုံရှိလေသည်။

တစ်နေရာသို့အရောက်တွင် လူရွယ်၏ခြေလှမ်း ရပ်တန့်လိုက်....ပြီး

'ညီမ စားသောက်ဆိုင်မှာတွေ့ခဲ့တဲ့လူဟာ ဘယ်သူလဲ သလား'

ဟု မေးလိုက်သည်။

မိန်းကလေး ခေါင်းခါယမ်းလိုက်သည်။

'မသိဘူး အစ်ကို'

'ဟင်....ဒါဆို သူက ညီမထိုင်တဲ့စားပွဲမှရွေးပြီး လာထိုင်တ ဘာသဘောလဲ၊ တခြားထိုင်စရာနေရာလွတ်တွေ အများကြ ရှိနေတာပဲမဟုတ်လား'

မိန်းကလေးက....

'အဲဒါပြောတာပေါ့၊ ဘယ်လိုလူမှန်းမသိဘူး၊ လူကိုပြ ကြည့်လိုက်တာလဲ မျက်လုံးကျတ်ထွက်မတတ်ဘဲ သိပ်ကိုမုန် ကောင်းတယ်'

လူရှယ်က....

'သူက ညီမကိုနှောင့်ယှက်နေတာ အစ်ကိုသိတယ်၊ မနည်း စိတ်ထိန်းထားရတာ၊ နို့မဟုတ်လို့ကတော့ ပွဲကြီးပွဲကောင်း

မိန်းကလေးက....

'အစ်ကိုဆိုးမရင်လဲ ခံရမှာပေါ့၊ ပြီးတာပြီးပါစေတေ အစ်ကိုရယ်နော်'

'အင်းလေ....ထပ်ပြီးမနှောင့်ယှက်ဘူးဆိုရင် ပြီးတာပါ



'အစ်ကိုကလဲ ကျွန်မတို့ ဒီမြို့မှာ ဘယ်လောက်ကြာကြာ နေမှာမို့လဲ၊ မနက်ဖြန်ဆိုပဲ ခရီးဆက်ကြတော့မှာ မဟုတ်လား၊ အဲဒီလူကြီးနဲ့ထပ်တွေ့စရာအကြောင်း မရှိတော့ပါဘူး၊ ကဲ....သွားကြရအောင်ပါ'

'ကောင်းပြီလေ'

နှစ်ယောက်သား ရှေ့ဆက် လျှောက် လှမ်းသွား ကြ ရန် ဟန်ပြင်လိုက်ကြလေသည်။

ထိုစဉ်....

'ဟား....ဟား....ဟား'

ကျယ်လောင်သောရယ်မောသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လူရှယ်နှင့် မိန်းကလေးတို့ လှမ်းကြည့်လိုက်ကြသောအခါ သစ်ပင်တစ်ပင်နောက်ကွယ်မှ လေ့ဖုံး ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

*　　　*　　　*

လူရှယ်နှင့် မိန်းကလေးတို့ မကျေမနပ်ဖြစ်သွားကြ၏။

လူရှယ်က....

'ခင်ဗျားက ဘာသဘောလဲ'

ဟု လှမ်းပြောလိုက်သည်။

သူ၏လက်တစ်ဖက်သည် ခါး၌ချိတ်ထားသော ဓားတ
လက်ဆီသို့ ရောက်ရှိသွားလေသည်။

'ဟား....ဟား....ဟား'

လွှေဖုံးက ရယ်မောလိုက်သည်။

လူရှယ်က....

'ခင်ဗျားက ကျုပ်တို့ကိုနှောင့်ယှက်မယ်ဆိုရင်တော့ ကျုပ်
က ဘယ်နည်းနဲ့မှ သည်းခံနိုင်မှာမဟုတ်ဘူး'

ဟု ပြောလိုက်သည်။

လွှေဖုံးက....

'နှောင့်ယှက်ဖို့မဟုတ်ပါဘူးကွာ၊ ကူညီမလို့ပါ'

'ဘာဗျ'

'ဩော် ...ဟိုညီမလေးကို အင်မတန်ကြင်နာ ယုယတတ်တဲ့
လူတစ်ယောက်လက်ထဲကို ထည့်ပေးပြီး ကူညီမလို့ပါကွာ'

'ခင်....ခင်ဗျား'

လူရှယ် ဒေါသထွက်သွားလေသည်။

လွှေဖုံးက....



'ဒီမှာ ငါ့ညီ ...ဒီမိန်းကလေးဟာ မင်းနဲ့မတန်ဘူးကွ၊ ငါနဲ့ပဲ
တန်တယ်ဆိုတာ သဘောပေါက်ထားစမ်းပါကွာ'

'တောက်....'

လူရှယ်သည် ဒေါသမထိန်းနိုင်တော့ဘဲ ဓားဆွဲထုတ်ကာ
လွှေဖုံးထံ ပြေးဝင်တိုက်ခိုက်လိုက်လေတော့သည်။

လွှေဖုံးက အသာအယာပင် ရှောင်တိမ်းလိုက်ပါသည်။

တစ်ဆက်တည်းပင် ခြေတစ်ဖက်ဆန့်ထုတ်ကာ လူရှယ်ကို
ကန်ကျောက်လိုက်သည်။

'ဖြောင်း....'

'အား....'

ချက်ကောင်းထိသွားသဖြင့် လူရှယ်မှာ စူးရှစွာ အော်ဟစ်
ကာ လဲကျသွားလေတော့သည်။

'အစ်ကို....'

မိန်းကလေး ထိတ်လန့်သွားသည်။

သူမသည် ချက်ချင်းပင် ဓားတစ်လက်ဆွဲထုတ်ကာ....

'ယား....'

ဩသံပေးပြီး လွှေဖုံးကို ပြေးဝင် တိုက်ခိုက်လိုက်၏။

လွှေဖုံးက....

'ဟဲ....ဟဲ....ငါ့ညီမက ဒေါသထွက်နေလဲ လှနေတာပါပဲ လား'

ဟု ပြောကာ မိန်းကလေး၏ ခါးကိုင်ထားသော လက်ကို လှမ်းဆွဲပြီး လိမ်လိုက်ရာ....

'ခြွမ်း....'

မိန်းကလေး၏ လက်ထဲမှဓား မြေပေါ် လွတ်ကျသွားတော့သည်။ လေ့ဖုံးသည် မိန်းကလေးအား သွေးကြောထိုးပိတ်လိုက်ပြီး....

'ဟဲ....ဟဲ....မင်းလို အချောအလှလေးဟာ ကျုပ်နဲ့ပဲ ထိုက်တန်ပါတယ်'

ဟု အားရကျေနပ်စွာ ပြောလိုက်သည်။

မိန်းကလေးကို ပခုံးပေါ် ထမ်းလိုက်ပြီး လျင်မြန်စွာ ပြေးလွှားသွားလေတော့သည်။

မိန်းကလေးကို အာရုံရောက်နေသဖြင့် သူ၏ အိတ်ထဲမှ စက္ကူခေါက်လေးတစ်ခု ထွက်ကျသွားသည်ကို သူ သတိမပြုမိခဲ့ချေ။

လေ့ဖုံး မြင်ကွင်းမှကွယ်ပျောက်သွားသောအခါ လဲကျနေခဲ့သော လူရှယ် သတိရလာသည်။

'ညီမ....ညီမ'



ထိတ်လန့်တကြား တကြော်ကြော် အော်ခေါ်လိုက်၏။

တုံ့ပြန်သံမကြားရသလို မိန်းကလေး၏ အရိပ်အယောင်ကိုပင် မတွေ့ရတော့ချေ။

လေ့ဖုံးက ဖမ်းဆီး ခေါ်ဆောင်သွားပြီ ဖြစ်ကြောင်း နားလည်လိုက်လေသည်။

'တောက်....မင်းကိုငါ မြေလှန်ရှာမယ်ကွ'

လူရှယ် ဒေါသတကြီး ကြုံးဝါးလိုက်လေသည်။

ထိုစဉ်....

မြေပေါ်ကျနေသော စာရွက်ခေါက်လေးကို တွေ့မြင်သွားလေသည်။

လူရှယ်က ချက်ချင်းပင်ကောက်ယူယာ ဖတ်ကြည့်လိုက်၏။

ထိုအခါ....

ဆုငွေဆယ်သိန်း....

မိုးနဂါးဂိုဏ်းချုပ် တုဝေယင်းအား လုပ်ကြံသတ်သွားသည့် တရားခံအား ဖမ်းဆီးပေးနိုင်သူ၊ သတင်းပေးနိုင်သူအား ဆုငွေဆယ်သိန်း ချီးမြှင့်မည်။

ပုံ
ကျင်းလိန်မြို့စား

ဟု ရေးထားသော ကြော်ငြာဖြစ်နေသည်ကိုတွေ့ရ၏။

လူရှင် ...

'လက်စသတ်တော့ မင်းဟာ သိုင်းလောကသား တစ်ယောက်ကိုး၊ သိကြသေးတာပေါ့လေ'

ဟု ကြုံးဝါးလိုက်လေသည်။

လေဖုံးသည် သူတို့အား ဆုငွေထုတ်ထားသည်ကို သိရှိထားပြီ ဖြစ်လေသည်။

❋ ❋ ❋

'အဟွပ်....အဟွပ်....အဟွပ်'

ဝမ်းလီသည် ခါးကုန်းသွားသည်အထိ ချောင်းတဟွပ်ဟွပ် ဆိုးလိုက်သည်။

သူ၏မျက်နှာနီမြန်းနေသလို မျက်လုံးသူငယ်အိမ်မှ သွေးကြောများသကာ နီရဲနေသည်။

ဝမ်းလီသည် ချောင်းဆိုးလိုက်ရသဖြင့် မောဟိုက်သွားသည်ကို အတန်ကြာအမောဖြေပြီးမှ အရက်တစ်ခွက် ငှဲ့သောက်လိုက်လေသည်။

ယခု....

ဝမ်းလီအရက်သောက်နေသည်မှာ နေ့ဝက်ခန့် အချိန်ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။



အရက်အိုးအလွတ်များသည် သူ၏ခြေရင်း၌ စုပုံနေသည်။ ဝမ်းလီက ဆက်၍သောက်နေဆဲ ...

ထိုစဉ် ...

ဆိုင်ထဲသို့ လူငယ်တစ်ယောက် ဝင်ရောက်လာသည်။

ထိုလူငယ်သည် ဆိုင်လုလင်တစ်ယောက်အား ဟင်းတစ်မျိုး မှာကြားလိုက်သည်။

နေ့လယ်စာ စားသောက်ရန် ဟင်းလာဝယ်ခြင်း ဖြစ်လေသည်။ ထိုလုလင်သည် ဟိုဟိုသည်သည်ကြည့်ရင်း ဝမ်းလီကို တွေ့မြင်သွားသောအခါ အံ့သြသွားပုံရလေသည်။

ချက်ချင်းပင် ခပ်သွက်သွက်လှမ်းလာပြီး....

'အစ်ကိုကြီး သမားတော်ကြီးဆီကိုမလာဘဲ ဒီမှာ အရက်လာသောက်နေတာကိုး'

ဟု ပြောလေသည်။

ထိုလူငယ်မှာ ဝမ်းလီ ဆေးကုသခံယူနေသည့် သမားတော်ကြီး၏ တပည့်ဖြစ်ပါသည်။

ဝမ်းလီနှင့် ခင်မင်ရင်းနှီးနေပြီဖြစ်လေသည်။

လူငယ်၏စကားကြောင့် ဝမ်းလီ ပြုံးလိုက်သည်။

'ငါ့ရောဂါပျောက်ပြီကွ ညီလေးရ၊ ဒါကြောင့် ဆေးကုခံစရာ မလိုတော့ဘူး'

‘ဟင်…ဟုတ်ရဲ့လား အစ်ကိုကြီးရဲ့’

‘တကယ်ပါကွာ’

လူငယ် ခေါင်းခါယမ်းလိုက်သည်။

‘မဖြစ်နိုင်တာဘဲ၊ ဆရာက အနည်းဆုံး နှစ်နှစ်လောက် အနားယူပြီး ဆေးကုသမှုခံယူမှ ပျောက်ကင်းမယ်လို့ ပြောတာပဲ မဟုတ်လား’

ဝမ်းသီက….

‘ငါ ဆေးကုဖို့ မလိုတော့ပါဘူးကွာ’

ဟု ပြောလေသည်။

သူ၏အသံ တစ်ချိုးကြီးဖြစ်နေပါသည်။

လူငယ်က အားမလိုအားမရဖြစ်သွားပုံရှိလေသည်။

‘ဟင်းတော့ရပြီ’

ဆိုင်သုလင်တစ်ယောက် ရောက်ရှိလာပြီး ပြောလိုက်ခြင်းကြောင့် လူငယ်က နှုတ်ဆက်လိုက်သည်။

‘အစ်ကိုကြီး…ကျွန်တော်သွားတော့မယ်’

‘အေး…အေး’

လူငယ် ထွက်သွားလေသည်။

ဝမ်းလီက အရက်ကို ဆက်၍သောက်နေလိုက်၏။



သူသည် ရောဂါဝေဒနာကုသရန် ငွေရရှိခဲ့ပြီဖြစ်သလို ကုသပေးမည့် သမားတော်လည်း ရှိနေပြီဖြစ်ပါသည်။

အဘယ့်ကြောင့်….

သူ၏ရောဂါဝေဒနာနှင့် မတည့်သည့်အရက်ကို ဆက်၍သောက်နေရပါသနည်း။

အကယ်၍….

စားသောက်ဆိုင်အပြင်ဘက်သို့ ထွက်လိုက်မည်ဆိုလျှင် မည်သည့်နေရာကိုကြည့်ကြည့် ကျင်းလိန်မြို့စား၏ ဆုငွေကြော်ငြာမှာ တစ်မြို့လုံးအနှံ့ ကပ်ထားသည်ကို တွေ့မြင်ရမည် ဖြစ်လေသည်။

ဝမ်းလီသည် ထိုကြော်ငြာများကို တွေ့ပြီးသည့်နောက်ပိုင်း ဆ[illegible] အရက်သောက်[illegible] လေသည်။

* * *

‘ခွပ်…ခွပ်…ခွပ်…ခွပ်’

မြင်းခွာသံ မြင်းလှည်းဘီးလှိမ့်သံများ ထွက်ပေါ်လာလေသည်။

မြင်းလှည်းတစ်စီးသည် ကြီးကျယ်ခန့်နားလှသည့် အထည်အလိပ်ဆိုင်ကြီးရှေ့သို့ ရောက်ရှိလာလေသည်။

မြင်းလှည်းရပ်သွားလျှင် သူဌေးသားပါစု ဆင်းလာသည်။

ဆိုင်ရှင်က ပျာပျာသလဲ ထွက်၍ကြိုဆိုလိုက်သည်။

'သူဌေးလေး ရောက်လာတာနဲ့ အခုတော့ပဲ၊ ပိုးထည်အသစ်တွေ ရောက်နေတယ်'

ဈေးသည်ပီပီ အရောင်းအဝယ်စကား ဆိုလိုက်လေသည်။

ပါစုက လက်ကာပြလိုက်သည်။

'ကျုပ်က ပိုးထည်ဝယ်ဖို့ လာတာမဟုတ်ပါဘူးဗျာ'

'ဒါဆို ချည်ချောထည်တွေကိုကြည့်မလား၊ အကောင်းဆုံး အဆင်တွေ....'

ဆိုင်ရှင်၏စကားမဆုံးမီ ပါစုက ကြားဖြတ်ပြောလိုက်လေသည်။

'ကျုပ်က ဆိုင်လုလင်ဝတ်တဲ့ ဝတ်စုံကြမ်းဆယ်ထည်လောက် လိုချင်တယ်၊ ကျုပ်တပည့်တစ်ယောက်ကို ခေါ်ပြီး ခရီးထွက်စရာ ရှိလို့'

'ဩော်....ဩော်...သူဌေးလေးစိတ်တိုင်းကျ ဖြစ်ရပါစေမယ်'

ဆိုင်ရှင်သည် ပါစုဝယ်နေကျ ဆိုင်လုလင်အဝတ်အစားဆယ်စုံကို ချက်ချင်းထုပ်ပိုးပေးလိုက်လေသည်။

ပါစုက ကျသင့်ငွေပေးချေပြီး ဆိုင်ရှင်ကို နှုတ်ဆက်ကာ မြင်းလှည်းဖြင့် ပြန်လည်ထွက်ခွာသွားလေသည်။



ဆိုင်ရှင်က....

'သူဌေးလေးဟာ အဝတ်အထည်ကောင်း ကြိုက်ပါတယ်၊ ဒါကြောင့် ခုတလော ဆိုင်လုလင် အဝတ်အစားတွေချည်း ဝယ်နေသလဲ မပြောတတ်ဘူး'

ဟု ညည်းညူလိုက်လေသည်။

ပါစုက ထိုသို့ဝယ်ယူခြင်းမှာ အကြောင်းရှိပါသည်။

ကျင်းလိန်မြို့စား၏ ကြော်ငြာကို သူတွေ့ခဲ့ပြီးပြီဖြစ်သည်။

ဆိုင်းလောကသားများသည် သူတို့အား မြေလှန်ရှာဖွေကြတော့မည်ဖြစ်ကြောင်း နားလည်မိသည်။

အကယ်၍....

တစ်စုံတစ်ခုသော အမှားအယွင်း ပေါ်ပေါက်လာသည်နှင့် တိုက်ပွဲပေါင်းများစွာနှင့် ရင်ဆိုင်ရတော့မည်ဖြစ်သည်။

ထိခိုက်ဒဏ်ရာရမည် သို့မဟုတ် သေဆုံးသွားမည်၊ ဘာမဆို ဖြစ်လာနိုင်ကြောင်း တွေးမိသည်။

တိုက်ပွဲဆင်နွှဲရင်း အဝတ်အစား စုတ်စုတ်ပြတ်ပြတ် ဖြစ်သွားမည်ကိုသာ သူက ပို၍စိုးရိမ်ပူပန်ပါသည်။

ထို့ကြောင့်....

အဝတ်တစ်စုံ စုတ်ပြဲသွားသည်နှင့် နောက်တစ်စုံ လဲလှယ်နိုင်ရန် ကြိုတင်ဝယ်ယူထားခြင်း ဖြစ်လေသည်။

*          *          *

အခန်းတွင်း၌ တိတ်ဆိတ်နေသည်။

အစ်ကိုကြီးသည် ပြတင်းပေါက်အနီး၌ရပ်ကာ အပြင်ဘက်သို့ ငေးမျှော်ကြည့်နေ၏။

သူ၏မျက်နှာ မသာမယာဖြစ်နေခဲ့သည်မှာ ကြာခဲ့ပြီ။

မိုးနဂါးဂိုဏ်းချုပ်အား လုပ်ကြံပြီး ဒုဂိုဏ်းချုပ်ယင်းဟုန် က ဂိုဏ်းချုပ်ရာထူးဆက်ခံပြီးသည့်နောက်ပိုင်း အေးအေးချမ်း ချမ်း ဖြစ်သွားမည်ဟု ယုံကြည်ခဲ့သည်။

သူလက်ခံဆောင်ရွက်ခဲ့သော လုပ်ကြံမှုတိုင်းသည် အောင် မြင်မှု ရခဲ့ပြီးသည့်နောက်ပိုင်း အန္တရာယ်ကင်းရှင်းခဲ့သည်ချည်း သာ ဖြစ်လေသည်။

ယခုတစ်ကြိမ်၌မူ....

အေးအေးဆေးဆေး ဖြစ်မသွားဘဲ သိုင်းလောက၌ ဖွ လော ရိုက်သွားခဲ့ခြင်းကြောင့် အခြေအနေမကောင်းကြော ထင်ရှားနေပေတော့သည်။

ဒုဂိုဏ်းချုပ် ယင်းဟုန်သည် လုံးဝအဆက်အသွယ်ဖြတ်ထာ လိုက်သည်။

ထိုအချက်ကို အစ်ကိုကြီး ဘဝင်မကျနိုင်ပါ။

အစ်ကိုကြီး ဟိုဟိုသည်သည် တွေးတောစဉ်းစားနေစဉ်မှ ပင် ခြေသံများ ထွက်ပေါ်လာပြီး အမျိုးသမီးဝင်ရောက်လ လေသည်။



အစ်ကိုကြီးက လှည့်မကြည့်ဘဲ....

'ခိုဖြူဘာပြောသလဲ'

ဟု မေးလိုက်သည်။

အမျိုးသမီးက....

'ဟိုးလေးတကျော့ဖြစ်နေတော့ ခိုဖြူလဲသွေးပျက်နေတယ်၊ ခြေရာဖျောက်နေတော့မယ်လို့ ပြောတယ်'

'အေး...သူက အရေးအကြီးဆုံးပဲ၊ တို့အကြောင်း ဖော် ပြနိုင်တာ သူပဲရှိတယ်'

အမျိုးသမီးက....

'ခိုဖြူက သူ့ကို ကျွန်မတို့ နှုတ်ပိတ်ပစ်မှာစိုးရိမ်လို့ အတွေ့ တောင် မခံဘူး၊ သူ့တပည့်တစ်ယောက်နဲ့ပဲ တွေ့ခဲ့ရတာ'

'ထားပါတော့လေ၊ ဒုဂိုဏ်းချုပ် ယင်းဟုန်ကော'

'သူက ဘာမှမသိသလို ဟန်ဆောင်နေတယ်၊ ဘာမှလဲ အဆက်အသွယ်မလုပ်ဘူး'

အစ်ကိုကြီးက....

'သူကတော့ တို့အကြောင်း ဖော်ထုတ်လိုက်ရင် သူလဲဒုက္ခ ရောက်မယ်ဆိုတာ သိထားမှာပါ'

'ဟုတ်တယ်၊ ဒါကြောင့် အဆက်အသွယ်မလုပ်ဘဲ ကင်း ကင်းနေတာ ကျွန်မတော့ ပိုကြိုက်တယ်'

အစ်ကိုကြီးက အမျိုးသမီးအား လှည့်ကြည့်လိုက်လေသည်

အမျိုးသမီးက....

'ကျွန်မ ထူးခြားတာတစ်ခု သိလာခဲ့တယ်'

ဟု ပြောလေသည်။

အမျိုးသမီးအား အပြစ်တင်ဖို့ ဟန်ပြင်နေသည့် အစ်ကိုကြီး ချက်ချင်း စိတ်ပြောင်းသွားသည်။

'ဘာများလဲ ပြောစမ်းပါဦး'

ဟု မေးလိုက်လေသည်။

အမျိုးသမီးက....

'ခေါင်းခြံဝင်းကလူတွေ တက်တက်ကြွကြွ ပါဝင်လှုပ်ရှား ကြတယ်၊ တချို့က ကျင်းလိန်မှုစားအိမ်ကို သွားကြတယ်၊ တချို့ က မိုးနဂါးဂိုဏ်းကို သွားကြတယ်၊ ခေါင်းခြံဝင်းပိုင်ရှင် လောက်ရယ် ကိုယ်တိုင် သိုင်းလောကထဲဆင်းပြီး လှုပ်ရှား တာပါပဲ'

အစ်ကိုကြီး မျက်မှောင်ကြုတ်သွားသည်။

'ဦးလောက်ရယ်ဟာ မိုးနဂါးဂိုဏ်းချုပ်နဲ့ ဒီလောက် ခင်မင်ကြတာ မဟုတ်ပါဘူး၊ ခေါင်းခြံဝင်းတစ်ခုလုံး ပါ လှုပ်ရှားနေကြတာ ထူးဆန်းတယ်'

အမျိုးသမီးက...



'တုဝေယင်း လုပ်ကြံခံရတဲ့အချိန်မှာ လူငယ်တစ်ယောက်လဲ အသက်ခံလိုက်ရတယ်လို့ ပြောနေကြတယ်၊ အဲဒီလူငယ်ဟာ ခေါင်းခြံဝင်းက အရေးပါတဲ့လူ ဖြစ်နိုင်တယ်'

အစ်ကိုကြီး မျက်နှာကွက်ခနဲ ပျက်သွားလေသည်။

တုဝေယင်းအား လုပ်ကြံရန် အကွက်ချ စီစဉ်ပေးပြီး သူက ခရီးထွက်ကာ ရှောင်နေခဲ့သည်။

တုဝေယင်း သေဆုံးသွားပြီးသောအခါ အလုပ်ကိစ္စပြီးဆုံး ပြီဟု သဘောပိုက်ကာ ပြန်လာခဲ့သည်။

ထို့နောက်...

သိုင်းလောကနှင့်ပတ်သက်၍ လျစ်လျူရှုကာ အေးအေးပင် နေခဲ့သည်။ ဤသည်မှာ သူ၏အကျင့် ဖြစ်လေသည်။

ခါတိုင်း ပြဿနာမဖြစ်သော်လည်း ယခု ပြဿနာပေါ်လာ ချေပြီ။ သိုင်းလောကအား လျစ်လျူရှုထားမိခဲ့သည့်အဖြစ်ကို နောင်တရလိုက်သည်။

ထို့အပြင်...

'သူတို့က ငါ့ကို ဘာမှမပြောကြပါလား'

ဟု ရေရွတ်လိုက်သည်။

သူ၏ ကြေးစားငါးယောက်က တုဝေယင်းအား လုပ်ကြံမှု အောင်မြင်ခဲ့ကြောင်းသာ ပြောပြီး လူငယ်တစ်ယောက် သေ ဆုံးသွားသည့်အဖြစ်ကို မပြောကြချေ။

အမှန်တော့ ထင်စန်းတို့သည် မလိုအပ်ဟုထင်ကာ မပြ
နေခဲ့ကြခြင်း ဖြစ်လေသည်။

အမျိုးသမီးက....

'သူတို့ကို အပြစ်တင်နေမယ့်အစား ရန်သူကို ကျွန်မ
ရောက်လာအောင် လမ်းညွှန်ပေးနိုင်တဲ့ ခိုဖြူကို နှုတ်ပိတ်
တာ ကောင်းမယ်၊ ခိုဖြူမရှိတော့ရင် ဘယ်သူမှ ကျွန်
အကြောင်း ပြောပြနိုင်တော့မှာ မဟုတ်ဘူး'

ဟု အကြံပေးလေသည်။

အစ်ကိုကြီးက....

'ကျုပ်လဲ ဒါကိုပဲစဉ်းစားနေတာ၊ ခိုဖြူဟာ ကျုပ်အ
တန်ဖိုးမဖြတ်နိုင်တဲ့ လူတစ်ယောက်ပဲ၊ ဒါပေမယ့် ခုချိ
တော့ အန္တရာယ်ပေးနိုင်တဲ့လူ ဖြစ်နေပြီ'

အမျိုးသမီးက....

'ဒါဆို ဘယ်သူ့ကို တာဝန်ပေးလိုက်ရမလဲ'

ဟု မေးသည်။

အစ်ကိုကြီးက အနည်းငယ်စဉ်းစားလိုက်ပြီး....

'ငါ့လူတွေက ခုချိန်မှာ လှုပ်ရှားချင်ကြမှာ မဟုတ်ပ
ဒါကြောင့် ညီမပဲတာဝန်ယူလိုက်ပါ'

ဟု ပြောလေသည်။



အမျိုးသမီးခေါင်းညိတ်လိုက်သည်။

'ကောင်းပါပြီရှင်'

သူမသည် အစ်ကိုကြီးအား ပြုံးပြလိုက်ပြီး အခန်းတွင်းမှ
ထွက်သွားလေတော့သည်။

## သဲလွန်စ

---

ကျင်းလိန်မြို့စားဂေဟာ....

ကျင်းလိန်မြို့စားဂေဟာ၏ အထူးဆောင်ထဲ၌ လူတစ်စုရှိနေပါသည်။

ထိုလူစုသည် ဝတ်ကောင်းစားလှ ဝတ်ဆင်ထားကြပြီး လက်နက်ကိုယ်စီဆောင်ထားကြသူများဖြစ်လေသည်။

ကျင်းလိန်မြို့စား ဖိတ်ကြားထားသော ဧည့်သည်များနှင့် သိုင်းလောကမိတ်ဆွေများ ဖြစ်လေသည်။

ကျင်းလိန်မြို့စားသည် တုဝေယင်းလုပ်ကြံခံရသည့်အချိန်မှစပြီး မအားမလပ်နိုင်အောင် အလုပ်ရှုပ်ခဲ့လေသည်။



တရားခံအစစ်အမှန် ပေါ်ပေါက်ရန် ကြိုးစားနေခဲ့ခြင်းဖြစ်လေသည်။

ယနေ့လည်း မိတ်ဆွေများနှင့်တိုင်ပင်ဆွေးနွေးခြင်းဖြစ်လေသည်။

ထိုစဉ်....

အစောင့်တစ်ယောက်သည် မြို့စားကြီးအနီးသို့ချဉ်းကပ်လာပြီး တစ်စုံတစ်ခု တီးတိုးပြောလိုက်သည်။

မြို့စားကြီးက ချက်ချင်းပင်ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ....ကောင်းပြီ၊ ကောင်းကောင်းမွန်မွန်ကြိုဆိုပြီးခေါ်လာခဲ့ပါ'

ဟု ပြောလိုက်လေသည်။

အစောင့်ပြန်ထွက်သွားပြီး မကြာမီလူတစ်ယောက်ကိုကြိုဆိုခေါ်ဆောင်လာလေသည်။

ထိုလူမှာ ဓားဒွိဝင်းမှ ဝူးဟန်ဖြစ်ပါသည်။

ဝူးဟန်သည် ဖခင်၏အရှိန်အဝါကြောင့် ကျော်ကြားနေသူမဟုတ်ပါ၊ သူကိုယ်တိုင်လည်း ထိပ်သီးဓားသမားတစ်ယောက်ဟူသော ပင်ကိုအရည်အချင်းဖြင့် ကျော်ကြားနေသူဖြစ်လေသည်။

ဝူးဟန်ရောက်လာလျှင် ကျင်းလိန်မြို့စားကိုယ်တိုင် ဆီးကြိုလိုက်လေသည်။

'ဗြော်...ဓားခြံဝင်းက သခင်လေကိုး ကြွပါဗျား၊ ကြွပါ

ဦးဟန်က....

'မြို့စားကြီးကို ဂါရဝပြုပါတယ်ဗျာ'

ကျင်းလိန်မြို့စားက....

'ထိုင်ပါဗျာ....ထိုင်ပါ၊'

နေရာထိုင်ခင်းပေးလိုက်သည်။

ဦးဟန် ထိုင်ချလိုက်ပြီး....

'ကျုပ်အခုလိုလာခဲ့ရတာဟာ မြို့စားကြီးကတရားခံတွေကို ဖော်ထုတ်ဖို့ အပြင်းအထန်ကြိုးစားနေတယ်ဆိုတာ ကြားသိရလို့ အထူးပဲဝမ်းသာပါတယ်၊ ဂိုဏ်းချုပ်တုဝေယင်းနဲ့အတူ ကျုပ်ရဲ့သားလဲ လူသတ်သမားတွေရဲ့လက်ချက်မိသွားခဲ့တာ အားလုံးအသိပါပဲ၊ ကျုပ်တို့ဓားခြံဝင်းကလဲ လူသတ်သမားတွေကို မြေလှန်ဖော်ထုတ်မှာပါ၊ ကျုပ်တို့က မြို့စားကြီးနဲ့ ပူးပေါင်းဆောင်ရွက်ဖို့စီစဉ်ထားပါတယ်'

ဟု ပြောလိုက်လေသည်။

ထိုစကားကြားလျှင် ကျင်းလိန်မြို့စား ဝမ်းသာသွားလေတော့သည်။

အမှန်တော့...



တုဝေယင်းနှင့်အတူ ဦးလျှံ လုပ်ကြံခံရသောအခါ ဦးလောက်ရယ်က ဦးလျှံအလောင်းကို သယ်ဆောင်လာကာ ဓားခြံဝင်းသို့ ပြန်သွားလေသည်။

ထို့နောက်....

ကျင်းလိန်မြို့စားနှင့်အဆက်အသွယ်မလုပ်ဘဲနေခဲ့လေသည်။ ကျင်းလိန်မြို့စားသည် မိမိအပေါ် ဦးလောက်ရယ် စိတ်ခုသွားပြီဟု ရိပ်မိခဲ့သည်။

ယခု....

ဦးဟန်ရောက်လာပြီး ပူးပေါင်းဆောင်ရွက်မည်ဟုပြောလာသောအခါ ဝမ်းသာသွားခြင်းဖြစ်ပေတော့သည်။

'ဟာ...မိတ်ဆွေတို့ ပူးပေါင်း ဆောင်ရွက်မယ်ဆိုရင် သိပ်ကောင်းတာပေါ့ဗျာ၊ လူသတ်တရားခံတွေနဲ့ပတ်သက်ပြီး ကျုပ်တို့ သဲလွန်စအချို့ ရထားပါပြီ'

ဟု ပြောလေသည်။

ဦးဟန် စိတ်လှုပ်ရှားသွားသည်။

သူတို့ဓားခြံဝင်းသည် အင်အားသုံးကာ လူသတ်တရားခံကို ရှာဖွေနေကြပါသော်လည်း ခုအထက်တိုင် သဲလွန်စ တစ်စုံတစ်ခု မရနိုင်ခဲ့သေးပါချေ။

ကျင်းလိန်မြို့စားသည် မည်သို့သောသဲလွန်စ ရရှိထားပါသနည်း။

ဦးဟန်က...

'ဘယ်လို သဲလွန်စများသဲဗျာ၊ ပြောပြပါဦး'

ဟု မေးလိုက်လေသည်။

ကျင်းလိန်မြို့စားက....

'တုဝေယင်းလုပ်ကြံခံရတဲ့အချိန်က ထူးခြားမှုနှစ်ခုဖြစ်ပေါ်ခဲ့တာကို တွေ့ထားပါပြီ၊ ပထမတစ်ချက်ကတော့ မွေးနေ့ပွဲမှာ ကပြဖျော်ဖြေခဲ့တဲ့ ကချေသည်တွေပါပဲ'

ဦးဟန်က....

'မောင်းထုသံတစ်ချက် မဆီမဆိုင် ထွက်ပေါ်လာခဲ့တယ်လို့ ဖေဖေကပြောပါတယ်၊ အဲဒါများလားဗျာ'

ဟု မေးလိုက်သည်။

ကျင်းလိန်မြို့စားက....

'ဟုတ်တယ်...မောင်းသံဟာ လုပ်ကြံမယ့်သူတွေကို အချက်ပေးလိုက်သလို ဖြစ်မယ်လို့ ကျုပ်တို့ ယူဆထားကြတယ်၊ ဒါကို အထောက်အကူပြုတဲ့ နောက်တစ်ချက်က မောင်းသံကြောင့် အားလုံး ကချေသည်တွေဆီကို အာရုံ ရောက်သွားတဲ့အခါ အိမ်ဖော်လုလင်နှစ်ယောက် ရောက်လာတာပါပဲ'

ဦးဟန် စိတ်ဝင်စားသွားလေသည်။



သူ၏ဖခင် ဦးလောက်ရယ်သည် တုဝေယင်းနှင့် တစ်စားပွဲတည်း ထိုင်ကာ စားသောက်ခဲ့ကြပုံကို ပြောပြခဲ့ပါသည်။

ဆိုင်လုလင်နှစ်ယောက်ရောက်လာပြီး အရက်တစ်အိုးချပေးပုံ၊ စားသောက်ဖွယ်ရာများ ယူလာသည့် ဆိုင်လုလင်သည် မောင်းသံကြောင့် လန့်ဖျပ်ကာ လင်ပန်းလွှတ်ကျပုံကို သိထားလေသည်။

ကျင်းလိန်မြို့စားက....

'အိမ်ဖော်လုလင်တစ်ယောက်က မောင်းသံကြောင့် လန့်ပြီး လဲကျသွားတော့ ဟင်းလျာတွေဖိတ်ကျကုန်တယ်၊ တုဝေယင်းရဲ့ အဝတ်အစားတွေ ပေကျံကုန်တယ်၊ တုဝေယင်းက အရက်တစ်ခွက်သောက်ပြီး အဝတ်အစားသွားလဲတယ်၊ အဲဒီအချိန်မှာပဲ လုပ်ကြံခံလိုက်ရတာပါ'

ဦးဟန်က....

'အဲဒီအိမ်ဖော်နှစ်ယောက်က တုဝေယင်းကို လုပ်ကြံရာမှာ ပါဝင်တဲ့လူမို့ သံသယဖြစ်စရာရှိတယ်ပေါ့ ဟုတ်လား မြို့စားမင်း'

ကျင်းလိန်မြို့စားက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်....အဲဒီ အိမ်ဖော်နှစ်ယောက်ဟာ ကျုပ်ရဲ့လူတွေ မဟုတ်ပါဘူး၊ ဧည့်သည်တွေကို ဧည့်ခံဖို့ လိုအပ်နေတာကြောင့် မြို့ထဲက ဆိုင်တွေက ခေါ်ယူအင်အားဖြည့်ထားတဲ့ လူတွေထဲမှာ ပါဝင်လာကြတာပါ'

ဦးဟန်က....

'သူတို့နှစ်ယောက်အကြောင်း စုံစမ်းလို့ရပြီလား'

'စုံစမ်းနေတုန်းပါပဲ၊ ဆိုင်ရှင်တွေကိုမေးကြည့်တော့ မကြာသေးခင်ကမှ အလုပ်ဝင်ပြီး အခု အလုပ်ပြန်ထွက်သွားသူတချို့ ရှိတယ်ဆိုတာ သိရပါတယ်'

အခြေအနေကို ဦးဟန် သဘောပေါက်လိုက်လေသည်။

လူသတ်သမားများသည် ကျင်းလိန်မြို့စား ဂေဟာအတွင်းသို့ ဝင်ရောက်နိုင်စေရန် စားသောက်ဆိုင်များ၌ ဆိုင်လုလင်များအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ကြခြင်းဖြစ်ပေသည်။

ယခုအချိန်ဆိုလျှင် ခြေရာဖျောက်သွားလောက်ကြပြီဖြစ်ပေမည်။

ကျင်းလိန်မြို့စားက....

'ဆိုင်ရှင်တွေက ဆိုင်အလုပ်သမား လိုအပ်တဲ့ အခါတိုင်း တွေ့တဲ့လူကို ခေါ်လေ့မရှိကြပါဘူး၊ ကိုယ့်ဆိုင်မှာ အလုပ်လုပ်မယ့် လူအတွက် ထောက်ခံချက်ပေးနိုင်တဲ့လူရှိမှ လက်ခံကြတာပါ၊ ဒါကြောင့် သူတို့ခြေရာဖျောက်သွားကြပေမယ့် အချိန်ယူပြီး စုံစမ်းလိုက်ရင် ထောက်ခံပြီး အလုပ်သွင်းပေးတဲ့လူ ပေါ်လာမှာပါ၊ အဲဒီသူကတစ်ဆင့် ဆက်ပြီး စုံစမ်းသွားလို့ ရနိုင်ပါတယ်'

ဟု ရှင်းပြသည်။



ဦးဟန် ရင်ထိတ်သွားသည်။

ကျင်းလိန်မြို့စားကိုလည်း လေးစားစွာ ကြည့်လိုက်မိလေသည်။

ကျင်းလိန်မြို့စားသည် အသေးအဖွဲကိစ္စများကိုပင် မကျန်အောင် ဂရုစိုက်လေ့လာနိုင်ခဲ့သည် မဟုတ်ပါလား။

ဤအတိုင်းဆိုလျှင် လူသတ်သမားများအား မကြာမီဖော်ထုတ်နိုင်တော့မည်ဟု ယုံကြည်ရပေသည်။

ကျင်းလိန်မြို့စားက...

'ကျုပ်တို့သိထားတာ နောက်တစ်ချက်ရှိပါသေးတယ်'

'ဘာများလဲဗျာ'

ဦးဟန် အလောတကြီးမေးလိုက်သည်။

ကျင်းလိန်မြို့စားက....

'တုဝေယင်းအသတ်ခံရပုံကို စစ်ဆေးကြည့်တဲ့အခါ လူနှစ်ယောက်ထက်မကဘဲ လူတစ်စုက ဝိုင်းဝန်းလုပ်ကြံသွားတယ်လို့ ဖော်ထုတ်နိုင်ခဲ့ပါတယ်'

ဦးဟန် ကျဲမြီးတိုသွားသည်။

လူသတ်သမားများ အစုအဝေးဖြင့် မြို့စားဂေဟာသို့ ရောက်လာသည်ကိုပင် မသိရကောင်းလားဟု စိတ်ထဲမှ အပြစ်တင်လိုက်မိလေသည်။

ကျောင်းလိန်မြို့စားက....

'လူတစ်စုက တုဝေယင်းကို ဝိုင်းပြီးလုပ်ကြံလိုက်တဲ့အချိန်မှာ မိတ်ဆွေကြီးရဲ့သားဟာ ကျောက်စိမ်းကလောင်ကို လက်ဆောင် ပေးဖို့ တုဝေယင်းရဲ့အခန်းကို ရောက်လာပါတယ်၊ တုဝေယင်းရဲ့အဖြစ်ကြောင့် အံ့သြနေချိန်မှာ အခန်းအပြင်ဘက်မှာ ပုန်းနေဘဲ့ လူသတ်သမားတစ်ယောက်က အလစ်လုပ်ကြံလိုက်တာလို့ ယူဆရပါတယ်'

ဦးဟန်က....

'လူသတ်မှုဖြစ်မွားတာကို ဘယ်သူမှမသိကြဘူးလား'

ဟု မေးလိုက်သည်။

ကျောင်းလိန်မြို့စားက....

'ကျုပ်လူတွေက အချိန်ပိုင်းလေးအတွင်းမှာပဲ သိလိုက်ကြပါတယ်၊ ဒါကြောင့် ဂေဟာကိုပိတ်ဆို့ပြီး လူသတ်သမားကို ရှာဖွေခဲ့ကြပါတယ်'

'ဒါပေမယ့် လူသတ်သမားလွတ်မြောက်သွားတယ် မဟုတ်လားဗျ'

'ဟုတ်ပါတယ်၊ ကျုပ်တို့ ဂေဟာကို မပိတ်ဆို့နိုင်ခင်လေးမှာပဲ ထွက်သွားနိုင်ခဲ့ပုံရပါတယ်'

ဦးဟန်က....



'ဘယ်သူတွေထွက်သွားကြတယ်ဆိုတာတော့ သိကြမှာပေါ့'

ဟု ပြောလိုက်သည်။

ကျောင်းလိန်မြို့စားက....

'ထွက်သွားတဲ့လူတွေကို ကျုပ်တို့စစ်ဆေးနေပါတယ်၊ မှိုးနဂါးဂိုဏ်းက ဒုဂိုဏ်းချုပ်ယင်းဟုန်လဲ ထွက်သွားသူတွေထဲမှာ ပါဝင်ပေမယ့် သူ့ကိုတော့ သံသယရှိတဲ့စာရင်းထဲက ဖျက်ထားလိုက်ပါတယ်'

ဟု ဆိုကာ အခြား ထွက်သွားသူများ၏ အမည်များကို ပြောပြလေသည်။ ဦးဟန် စိတ်မဝင်စားတော့ပါ။

ဒုဂိုဏ်းချုပ်ယင်းဟုန်ကိုသာ သူက စိတ်ဝင်စားသွားပြီ မဟုတ်ပါလား။

'အင်း....ဝူကြွားဆီကိုသတင်းပို့ရမယ်'

ဟု စိတ်ထဲတွေးလိုက်လေသည်။

ကျောင်းလိန်မြို့စားက လူသတ်တရားခံများအား အမြန်ဆုံး ဖော်ထုတ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက် နေပုံများကို ပြောပြ၏။

ဦးဟန်က နားထောင်နေလိုက်သည်။

ခေါ်ရာ မြို့ဝင်းသည် လူသတ်တရားခံများအား မိအောင်ဖမ်းပြီး ကိုယ့်ဘာသာ စီရင်ဖို့ ဆုံးဖြတ်သားကြောင်း ကျင်းလိုနိုင်မှုစားတို့ မရိပ်မိခြင်းကြောင့် ကံကောင်းသည်ဟုလည်း ထင်မှတ်နေလေတော့သည်။

## ညို့ဝှက်ချက်

လမ်းကြားလေးထဲ၌ အရက်ဆိုင်လေးတစ်ဆိုင်ရှိသည်။

ယနေ့...

ထိုအရက်ဆိုင်လေးသို့ အမျိုးသမီးတစ်ယောက် ရောက်ရှိလာလေသည်။

ဆိုင်ဖွင့်ကာစဖြစ်ပြီး နံနက်စောစောမို့ အရက်သောက်နေသူ တစ်ယောက်တလေမျှပင် မရှိချေ။

ဆိုင်လုလင်တစ်ယောက်က တံမြက်စည်းလှည်းနေသည်။

အမျိုးသမီး ဆိုင်ထဲဝင်လာသည်နှင့် ဆိုင်လုလင်က...

'အစ်မကြီး အရက်ဝယ်မလို့လား'

မေးရင်း လှမ်းလာသည်။

ဆိုင်လုလင် အနီးသို့ ရောက်လာလျှင် အမျိုးသမီးက လက်တစ်ဖက် ဆန့်ထုတ်လိုက်ရာ....

'အင့်'

ဆိုင်လုလင်သည် သွေးကြောပိတ်ခံလိုက်ရပြီး ပျော့ခွေသွား လေတော့သည်။ အမျိုးသမီးက ဆိုင်အနောက်ဘက်သို့ ခပ်သွက်သွက် လှမ်းသွားလိုက်လေသည်။

ဆိုင်အနောက်ဘက်တွင် ပန်းကန်များ ဆေးကြောနေသော အလုပ်သမားတစ်ယောက် ရှိနေပါသည်။

အမျိုးသမီး၏ခြေသံကြောင့် လှည့်ကြည့်လာရာ အမျိုးသမီးက လျင်မြန်စွာ ချဉ်းကပ်သွားလိုက်ပြီး သွေးကြော ထိုးပိတ်လိုက်လေသည်။

ဆိုင်လုလင် မလှုပ်မယှက်ဖြစ်သွားတော့သည်။

အမျိုးသမီးက ဆိုင်အနောက်ဘက်တံခါးကို ဖွင့်လိုက်သည်။

ထိုအခါ....

စကြံလမ်းလေးတစ်ခုရှိနေပြီး အဆောင်တစ်ခုသို့ ဆက်သွယ်ထားသည်ကို တွေ့ရလေသည်။

အမျိုးသမီးက စကြံလမ်းအတိုင်း ခပ်သွက်သွက်လှမ်းသွားလိုက်လေသည်။ အဆောင်တံခါးပိတ်ထားပါသည်။



အမျိုးသမီးက တံခါးခေါက်လိုက်သည်။

'ဒေါက်....ဒေါက်'

တံခါးခေါက်သံ ထွက်ပေါ်လာပြီး မရှေးမနှောင်းတွင် တံခါးပွင့်သွားလေသည်။

မျက်လုံးပြူးပြူး အသက်လေးဆယ်ခန့်ရှိသူတစ်ယောက်ကို တွေ့ရပါသည်။

ထိုလူသည် အမျိုးသမီးကိုမြင်လျှင်....

'ဩော်....အစ်မကြီးပါလား'

ဟု ရင်းနှီးကျွမ်းဝင်သည့်အသံဖြင့် နှုတ်ဆက်လိုက်လေသည်။

အမျိုးသမီးက....

'ဟုတ်တယ်၊ ရှင့်ရဲ့ဆရာကော'

ဟု ပြန်မေးလိုက်၏။

ထိုလူက....

'ဆရာ ကျန်းမာရေးအခြေအနေမကောင်းလို့ အနားယူဖို့ ခရီးထွက်သွားပါတယ်'

အမျိုးသမီး မျက်မှောင်ကြုတ်သွားသည်။

'ခရီးထွက်သွားတယ် ဟုတ်လား'

'ဟုတ်ပါတယ် အစ်မကြီး'

'မနေ့က ကျွန်မလာတုန်းကတောင် တွေ့ခဲ့ရသေးတာပဲ'

'ညက ခရီးထွက်သွားပါတယ်'

'ဩော်…'

'အစ်မကြီး ပြောစရာရှိရင် ကျုပ်ကိုမှာထားခဲ့ပါ၊ ကျ
ပြောပြလိုက်ပါ့မယ်'

အမျိုးသမီး ပြုံးလိုက်သည်။

'သူနဲ့တွေ့မှ ပြောလို့ဖြစ်မယ့်ကိစ္စပဲ'

'ဒါဆိုရင်တော့ ဆရာပြန်ရောက်လာအောင် စောင့်ပါဗျ

'ကောင်းပြီလေ၊ ရှင့်ရဲ့ဆရာ ဘယ်တော့ပြန်ရောက်လာမ

ထိုလူ ခေါင်းခါယမ်းလိုက်သည်။

'ဒါတော့ ကျုပ်လဲ မပြောတတ်ဘူး အစ်မကြီး'

အမျိုးသမီး သက်ပြင်းချလိုက်သည်။

'ထားပါတော့လေ၊ နောက်သုံးလေးရက်လောက်ကြာ
ကျွန်မ တစ်ခေါက်လာခဲ့ဦးမယ်'

'ဟုတ်ကဲ့ အစ်မကြီး'

'ကျွန်မသွားမယ်'

'ဟုတ်ကဲ့'

အမျိုးသမီးက လှည့်ထွက်သွားရန် ဟန်ပြင်လိုက်လေသ



ထိုလူကလည်း တံခါးပြန်ပိတ်ရန်ဟန်ပြင်လိုက်သည်။

ထိုစဉ်…

အမျိုးသမီးသည် ချာခနဲလှည့်ကာ ထိုလူ၏ရင်ဝကို လက်ဝါးဖြင့် ရိုက်ချလိုက်လေတော့သည်။

သူမ၏ လှုပ်ရှားမှုမှာ လျှပ်ပြက်သလို လျင်မြန်လွန်းလှပေသည်။ အငိုက်မိသွားသော ထိုလူမှာ ရှောင်တိမ်းဖို့ အချိန်မရှိလိုက်တော့ပါ။

'ဖုတ်'

'အ…နိ'

မသဲမကွဲ ညည်းညူရင်း ကြမ်းပြင်ပေါ် လဲကျသွားလေတော့သည်။

* * *

အမျိုးသမီးက အခန်းတွင်းသို့ လှမ်းဝင်လိုက်လေသည်။

ထိုစဉ်….

'ရှေ့ဆက်တိုးဖို့ မစဉ်းစားပါနဲ့'

စကားသံနှင့်အတူ လူသုံးယောက် ရုတ်ခြည်း ထွက်ပေါ်လာကြလေသည်။ ထိုလူသုံးယောက်သည် အမျိုးသမီးအား ဝိုင်းရံထားလိုက်ကြလေသည်။

အမျိုးသမီး ပြုံးပြလိုက်သည်။

'မင်းတို့သုံးယောက် ရှိနေမှတော့ မင်းတို့ဆရာ ခရီးထွက်သွားတယ်ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး'

ဟု ပြောလိုက်သည်။

ထိုလူသုံးယောက်အနက် တစ်ယောက်က....

'အစ်မကြီး၊ ခင်ဗျား လာမယ်ဆိုတာ ဆရာသိနေတယ်၊ အေးအေးဆေးဆေး ပြန်သွားရင်ကောင်းမယ်'

ဟု ပြော၏။

အမျိုးသမီးက....

'ငါက သူနဲ့တွေ့ဖို့လာတာ သူက ဘာကြောင့် လက်ခံမတွေ့ချင်ရတာလဲ'

'အစ်မကြီးကဆိုင်လုလင်ကိုသွေးကြောပိတ်လိုက်ကတည်းက မရှိးသားဘူးဆိုတာ ဆရာက သိနေလို့ပါ'

'ဟား....ဟား....ဟား'

အမျိုးသမီး သဘောကျစွာ ရယ်မောလိုက်လေသည်။

ထိုလူသုံးယောက်က ဓားကိုယ်စီ ဆွဲထုတ်လိုက်ကြသည်။



တစ်ယောက်က....

'အစ်မကြီး အေးအေးဆေးဆေး ပြန်သွားတာ ကောင်းပါလိမ့်မယ်'

ဟု ထပ်ပြောလေသည်။

အမျိုးသမီးက....

'ငါ မပြန်ဘူးဆိုရင်ကော'

'ကျုပ်တို့က ဟန့်တားရမှာပါပဲ'

'ကောင်းပြီ၊ မင်းတို့ တားနိုင်ရင် တားကြပေတော့'

စကားဆုံးလျှင် အမျိုးသမီးသည် ရှေ့သို့ လှမ်းသွားလိုက်လေသည်။

ထိုလူသုံးယောက်သည် ချက်ချင်းပင်....

'ယား'

ဩသံပေးကာ တိုက်ခိုက်လိုက်ကြလေသည်။

အမျိုးသမီးက လျင်မြန်စွာ ရှောင်တိမ်းလိုက်ပြီး လက်ဝှေ့ယမ်းလိုက်သည်။

ဤတွင်....

'ဝုန်း'

'အား'

'အမယ်လေး'

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာလေသည်။

ထိုလူသုံးယောက်သည် လူတခြားမားတခြားဖြစ်ကာ အလေးသို့ လွင့်စဉ် လဲကျသွားတော့၏။

အမျိုးသမီးက ထိုလူသုံးယောက်အား ဂရုမစိုက်တော့ဘဲ အတွင်းဘက်အခန်းဆီသို့ လှမ်းသွားလိုက်သည်။

'ဝုန်း'

တံခါးကို ခြေထောက်ဖြင့် ကန်ကျောက်ဖွင့်လိုက်၏။

အတွင်းဘက် အခန်းထဲ၌ စားပွဲတစ်လုံးရှိနေပြီး လူတစ်ယောက် ထိုင်နေသည်ကို တွေ့ရ၏။

ထိုလူမှာ ခိုဖြူဖြစ်လေသည်။

* * *

ခိုဖြူက အေးအေးဆေးဆေးထိုင်နေ၏။



အမျိုးသမီး လှမ်းဝင်လာသည်ကိုတွေ့သျှင် ပြုံးရွှင်သော မျက်နှာထားဖြင့် ဖိတ်မန္တကပြုလိုက်လေသည်။

'အစ်ကိုကြီးက တစ်ယောက်ယောက် လွှတ်လိုက်မယ်ထင်နေတာ၊ ခုတော့ အစ်မကြီးကိုယ်တိုင်လာတာကိုး၊ ကဲ....ကြွပါ၊ ထိုင်ပါဦး၊ အေးအေးဆေးဆေးပေါ့ဗျာ'

အမျိုးသမီးက....

'ကျွန်မ ထိုင်ဖို့လာတာမဟုတ်ဘူးဆိုတာ ရှင်သိမှာပါ'

ဟု ခပ်ပြတ်ပြတ်ပြောလိုက်သည်။

ခိုဖြူ ရယ်မောလိုက်သည်။

'သိပါတယ်ဗျာ၊ ဒါပေမယ့် အရေးကြီးတာ ပြောစရာရှိသေးလို့ ထိုင်ပါဦး'

အမျိုးသမီးသည် အစ်ကိုကြီး၏အမိန့်အတိုင်း ခိုဖြူအား နှုတ်ပိတ်ပစ်ရန် လာခဲ့ခြင်းဖြစ်လေသည်။

ထိုအချက်ကို ခိုဖြူ ကောင်းစွာ သဘောပေါက်နေလိမ့်မည်ဟုလည်း ယုံကြည်ထား၏။

ခိုဖြူသည် ကြောက်ရွံ့ခြင်းမရှိဘဲ အေးအေးဆေးဆေးဖြစ်နေခြင်းကြောင့် အံ့သြသွားရပါသည်။

'ထိုင်ပါဦးဗျာ'

ခိုဖြူ ထပ်ပြောလာသည်။

အမျိုးသမီးက ခိုဖြူတွင် အကြောင်းတစ်ခုခုရှိနေမည်ဟု တွေးမိကာ....

'ကောင်းပြီလေ'

ထိုင်ခုံဆွဲပြီး ထိုင်ချလိုက်သည်။

ခိုဖြူကို စိုက်ကြည့်ရင်း....

'ကျွန်မ ဘာကြောင့်လာခဲ့ဘယ်ဆိုတာ ရှင်သိမှာပေါ့'

ဟု ပြောလိုက်သည်။

ခိုဖြူ ခေါင်းညိတ်လိုက်သည်။

'သိပါတယ်၊ ကျောင်းလိန်မြို့စားဂေဟာမှာ ဖြစ်ပွားခဲ့တဲ့ လုပ်ကြံမှုကြောင့် သိုင်းလောကတစ်ခုလုံးက လူသတ်တရားခံကို လိုက်ရှာနေကြတယ်ဆိုတာ ကျုပ်သိပြီးပါပြီ၊ အစ်ကိုကြီးအနေနဲ့ စိတ်ပူပြီး ကျုပ်ကိုနှုတ်ပိတ်ပစ်ဖို့ စီစဉ်မယ်ဆိုတာလဲ ရိပ်မိပါတယ်'

အမျိုးသမီး ပြုံးလိုက်သည်။

'ဒါနဲ့တောင် ရှင်က အေးအေးဆေးဆေး နေနိုင်တာ ချီးကျူးစရာကောင်းနေပြီ'

ခိုဖြူက....

'ကျုပ်က အစ်ကိုကြီးနဲ့ နှစ်ပေါင်းများစွာ အလုပ်တွဲလုပ်ခဲ့ကြတာပါ၊ ဒါကြောင့် အစ်ကိုကြီးရဲ့သဘောထားကို သိထားပြီးပါပြီ၊ ကျုပ်က သူ့ကိုဒုက္ခပေးမယ့်လူ မဟုတ်ဘူးဆိုတာ သူမသိတာဟာ ဝမ်းနည်းစရာကောင်းပါတယ်ဗျာ'



အမျိုးသမီးက....

'အစ်ကိုကြီးက အတော်စိတ်ပူနေတာရှင့်'

'ဘာမှမပူပါနဲ့လို့ ပြောလိုက်ပါဗျာ၊ ကျုပ်ဘက်က သတင်းမပေါက်ကြားစေပါဘူး၊ ကျုပ်က ကြေးစားလောကရဲ့စည်းကမ်းကို ကောင်းကောင်းသိထားပါတယ်ဗျာ'

အမျိုးသမီးက....

'ရှင်က ပါးစပ်နဲ့ပြောနေတာကို အစ်ကိုကြီးက အားရမှာ မဟုတ်ဘူးရှင့်'

ခိုဖြူက....

'ကျုပ်ပြောတဲ့စကားဟာ ကျုပ်ရဲ့အသက်လို အရေးပါပါတယ်ဗျာ'

အမျိုးသမီးက....

'အစ်ကိုကြီးကတော့ ရှင့်ရဲ့အသက်ကိုပဲလိုချင်တယ်'

ခိုဖြူ ခေါင်းခါယမ်းလိုက်သည်။

'ဒါဆို ဝမ်းနည်းစရာတွေ ဖြစ်ကုန်ပါလိမ့်မယ်ဗျာ'

အမျိုးသမီးက....

'ရှင်က အစ်ကိုကြီးကိုသစ္စာဖောက်ဖို့ စိတ်ကူးထားပြီးပြီ မဟုတ်လား'

ခိုဖြူ ရယ်မောလိုက်သည်။

'ပါးကိုက်မှ နားကိုက်မယ်ဆိုတဲ့ သဘောပါဗျာ'

'အစ်ကိုကြီးက ခွင့်ပြုမှာမဟုတ်ဘူးရှင့်'

'ကျုပ်က သူ့ကိုမယှဉ်နိုင်ဘူးဆိုတာ သိပါတယ်၊ သူက ကျုပ်ကိုသတ်ပစ်ချင်တယ်ဆိုရင် ကျုပ် အချိန်မရွေးသေသွားနိုင်တယ်ဆိုတာ သိပါတယ်၊ ဒီလိုပါပဲ ကျုပ်ကလဲ အစ်ကိုကြီးကို ပြန်ပြီးဒုက္ခပေးနိုင်ပါတယ်'

အမျိုးသမီး ရယ်မောလိုက်သည်။

'ရှင်က ရယ်စရာပြောနေတာပဲ'

'ကျုပ်တကယ်ပြောတာပါ'

အမျိုးသမီး ခေါင်းညိတ်လိုက်သည်။

'ကဲ...ဘယ်လိုဒုက္ခပေးမလဲဆိုတာ ပြောစမ်းပါဦးရှင်'

ခိုဖြူက....

'ကျုပ်က တုဒဂယဉ်းကို လုပ်ကြံတဲ့ ကြေးစားအဖွဲ့ခေါင်းဆောင်ဟာ အစ်ကိုကြီးဖြစ်တယ်ဆိုတဲ့ အကြောင်း သက်သေအထောက်အထားတွေနဲ့ စာတစ်စောင်ရေးပြီး မိတ်ဆွေတစ်ယောက်ဆီမှာ အပ်ထားပါတယ်၊ တကယ်လို့ ကျုပ်သေသွားပြီ



ဆိုတာနဲ့ ကျုပ်ရဲ့မိတ်ဆွေဟာ အဲဒီစာကို ကျင်းလိန်မြို့စားဆီကို အရောက်ပို့ပေးပါလိမ့်မယ်'

'ဟင်'

အမျိုးသမီးထိတ်သန့်သွားလေသည်။

ခိုဖြူက တည်ကြည်သောမျက်နှာထားဖြင့်....

'အစ်ကိုကြီးကို ကျုပ်အတွက် စိတ်ချပြီးနေပါလို့ပြောပြပါဗျာ'

ဟု ပြောလေသည်။

အမျိုးသမီး သက်ပြင်းချလိုက်သည်။

* * *

'အင်း...ရှင်ဟာ အစ်ကိုကြီးအပေါ် သစ္စာရှိမဲ့လူ လို့ကျွန်မ အစကတည်းက ယုံကြည်ထားပါတယ်၊ အစ်ကိုကြီးကိုလဲ ပြောပြလိုက်ပါ့မယ်'

'ကျေးဇူးပါပဲဗျာ'

'ကဲ...ကျွန်မကိုခွင့်ပြုပါဦး'

အမျိုးသမီးသည် ခိုဖြူအား နှုတ်ဆက်ကာ ထွက်သွားလေသည်။

ခိုဖြူ ပခုံးတွန့်လိုက်သည်။

အစ်ကိုကြီးသည် ဘယ်သောအခါမှ သူ့အား ရန်ရှာခံ့တော့မည် မဟုတ်ဟု ယုံကြည်လိုက်လေတော့သည်။

●

ဒေါ်သမုန်တိုင်း

---

စန်းတုံးနယ်....

လိန်ကူးမြို့သည် သိုင်းလောကသားများ ကျင်လည်ကျက်စားရာ အရပ်ဒေသတစ်ခုဖြစ်လေသည်။

လိန်ကူးမြို့၏ တောင်ဘက်တွင် အပေါင်ဆိုင်တစ်ခုရှိလေသည်။

အပေါင်ဆိုင်ပိုင်ရှင်မှာ မုပင်းဆိုသူဖြစ်လေသည်။

ယနေ့....

မုပင်း၏အပေါင်ဆိုင်သို့ အဘိုးအိုတစ်ယောက်ရောက်ရှိလာလေသည်။

ထိုအဘိုးအိုသည် ဝတ်ကောင်းစားလှ ဝတ် ဆင် ထား၍ တည်ကြည်ခံ့ညားသောရုပ်သွင်ရှိလေသည်။

ဆိုင်ရှင်မုပင်းသည် ဖောက်သည်ကောင်းတစ်ယောက်ရတော့မည်ဟု အသိဝင်လာပြီး ပျာပျာသလဲကြိုဆို နှုတ်ဆက်လိုက်လေသည်။

'ကြွပါခင်ဗျာ၊ ကြွပါ၊ လူကြီးမင်းကို ကျွန်တော်ဘာကူညီရမလဲပြောပါ'

အဘိုးအိုက....

'မင်းက ဆိုင်ရှင်မုပင်းလား'

ဟု မေးသည်။

မုပင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ခင်ဗျာ'

'ကောင်းတယ်၊ ငါကမင်းကို တွေ့ချင်လို့လာခဲ့တာပဲ'

'ဟုတ်ကဲ့၊ ဘာကိစ္စလဲဆိုတာ အမိန့်ရှိပါဗျာ'

အဘိုးအိုသည် ဆိုင်ထဲတစ်ချက်ဝေ့ကြည့်လိုက်ပြီး....

'မင်းရဲ့ဆိုင်မှာ ခိုးရာပါပစ္စည်းတွေလက်ခံတယ်ဆိုတာ ငါသိထားတယ်'

'ဗျာ'



'မင်းငြင်းရင် ဒုက္ခရောက်သွားလိမ့်မယ်'

'ကျုပ်....ကျုပ်'

မုပင်း ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

အဘိုးအိုက လက်ဝှေ့ယမ်းလိုက်၏။

မုပင်းရှေ့သို့ အဝတ် အိတ်လေးတစ်လုံး ရောက်ရှိလာလေသည်။

အဘိုးအိုက....

'ငါက မင်းကိုဒုက္ခပေးမှာမဟုတ်ဘူး၊ မင်းက ငါ့ကိုကူညီရင် အဲဒါမင်းအတွက်ပဲ'

မုပင်းက အဝတ်အိတ်လေးကို ဖွင့်ကြည့်လိုက်လျှင် ရွှေတုံးလေးများ ပါရှိနေသည်ကို တွေ့ရလေသည်။

အဘိုးအိုက....

'မင်းရဲ့ဆိုင်ကို မြေအောက်လောကသားတွေလာသော့ရှိကြတယ် မဟုတ်လား'

'ဟုတ်....ဟုတ်ပါတယ်ဗျာ'

'အေး....ငါက စီးပွားပြိုင်ဘက်တစ်ယောက်ကို အပျောက်ရှင်းပစ်ချင်တယ်၊ ဒါကြောင့် ငါ့အတွက် အလုပ်လုပ်ပေးဖို့ ကြေးစားတစ်ယောက်လိုချင်တယ်၊ မင်းရှာပေးပါ'

'ကျုပ်....'

'မပင်း....မင်းတတ်နိုင်ပါတယ်၊ ငါ့ကိုစွအောင်မြင်ရင် မင်းကို ထိုက်ထိုက်တန်တန် ချီးမြှင့်မှာပါ'

မပင်း ဝမ်းသာသွားလေသည်။

'ကောင်းပါပြီဗျာ....ကျုပ် ဆက်သွယ်ပေးပါ့မယ်၊ နှစ်ရက်အချိန်ပေးပါ'

အဘိုးအိုက အနည်းငယ် စဉ်းစားလိုက်ပြီး....

'ကျုပ်က ရွှေမြင်းပျံ့တည်းခိုခန်းမှာ ရှိနေမယ်၊ အမြန်ဆုံးရှာပြီး စေလွှတ်လိုက်ပါ'

'စိတ်ချပါဗျာ'

အဘိုးအိုက မပင်းအားစိုက်ကြည့်ကာ ဆိုင်ထဲမှ ပြန်ထွက်သွားလေသည်။

ထိုအခါမှ မပင်း သက်ပြင်းချကာ....

'ငါ့အတွက် ငွေတွင်းတစ်ခုတွေ့တာပဲ'

ဟု ကျေနပ်စွာ ရေရွတ်လိုက်၏။

အကယ်၍ ...

သူ့ထံ ရောက်လာသော အဘိုးအိုမှာ ဓားခြံဝင်းပိုင်ရှင် ဦးလောက်ရယ်ဖြစ်သည်ကိုသာ သိနိုင်ခဲ့ပါမူ....



မပင်း ဝမ်းသာနိုင်မည် မထင်ချေ။

* * *

ရွှေမြင်းပျံတည်းခိုခန်း....

အပေါင်ဆိုင်ပိုင်ရှင် မပင်းနှင့်တွေ့ဆုံပြီး နောက်တစ်နေ့တွင် ရွှေမြင်းပျံတည်းခိုခန်းသို့ လူတစ်ယောက် ရောက်လာလေသည်။

ထိုလူကို ဆိုင်လုလင်များက ဦးလောက်ရယ်ထံလိုက်ပို့ပေးလိုက်ကြလေသည်။

ဆိုင်လုလင်များ ထွက်သွားသောအခါ ဦးလောက်ရယ်က ထိုလူကို ခြေဆုံးခေါင်းဆုံး စိုက်ကြည့်လိုက်သည်။

ထိုလူမှာ အသက် သုံးဆယ်ကျော်ခန့် ရှိသော လူရွယ်တစ်ယောက် ဖြစ်ပေသည်။

သွေးအေးအေးဖြင့် ရက်စက် ကြမ်းကြုတ်မည့်အသွင်ရှိသူလည်း ဖြစ်၏။

ဦးလောက်ရယ်က....

'မင်းကို မပင်းလွှတ်လိုက်တာလား'

ဟု မေးသည်။

ထိုလူက....

‘ဟုတ်ပါတယ်’

‘မင်းက ကြေးစားလုပ်ငန်းကို ကျွမ်းကျင်ရဲ့လားကွ’

‘ကျုပ် ဒီအလုပ်လုပ်လာတာ ရှစ်နှစ်ရှိပါပြီဗျာ’

‘ကောင်းပြီ….ငါက မင်းကိုအလုပ်အပ်ချင်တယ်၊ ငါ့အတွက် လုပ်ပေးနိုင်မလား’

ထိုလူက….

‘ခင်ဗျား ငွေဘယ်လောက်ပေးနိုင်သလဲ၊ အနည်းအများပေါ် မူတည်ပါတယ်’

ဦးလောက်ရယ် ခေါင်းညိတ်လိုက်သည်။

‘ကျုပ်က တစ်သိန်းပေးမယ်ဆိုရင်ကော’

ထိုလူ အံ့ဩသွားဟန်ရှိလေသည်။

‘တစ်သိန်း ဟုတ်လား’

‘ဟုတ်တယ်လေ….နည်းလို့လား’

ထိုလူ ခေါင်းခါယမ်းလိုက်သည်။

‘မနည်းပါဘူး….ဒါထက် ပစ်မှတ်ဟာ ဘယ်သူလဲဆိုတာ ပြောပါ’

ဦးလောက်ရယ် ပြုံးလိုက်သည်။

‘ဓားခြံဝင်းပိုင်ရှင် ဦးလောက်ရယ်’



ထိုလူ မျက်နှာပျက်သွားသည်။

‘ဘယ်လိုလဲကွ’

ဦးလောက်ရယ်က မေးလိုက်သည်။

ထိုလူ ခေါင်းခါယမ်းလိုက်သည်။

‘ဝမ်းနည်းပါတယ်ဗျာ၊ ဖြစ်နိုင်မှာမဟုတ်ပါဘူး’

ဦးလောက်ရယ်က….

‘မင်းက သူ့ကို မသုတ်သင်နိုင်ဘူး ဟုတ်လား’

‘ဟုတ်ပါတယ်၊ ကျုပ်ရဲ့ပညာနဲ့ သူ့အနားကပ်ဖို့တောင် မလွယ်ပါဘူး’

ဦးလောက်ရယ် ခေါင်းကုတ်ကာ….

‘ခက်တာပဲကွာ၊ ဦးလောက်ရယ်ကြောင့် ငါ့ရဲ့ စီးပွားရေး လုပ်ငန်းတွေ ပျက်စီးဆုံးရှုံးရတာ၊ ငါက သူ့ကိုသုတ်သင်ပစ်ရမှ ကျေနပ်နိုင်မှာကွ’

ဟု ညည်းညူလိုက်သည်။

ထိုလူက….

‘တခြားတစ်ယောက်ယောက်ဆို ကျုပ် တတ်နိုင်ပါတယ်၊ ဦးလောက်ရယ်ကိုတော့ ဘယ်နည်းနဲ့မှ မတတ်နိုင်လို့ ခင်ဗျားရဲ့ အလုပ်ကို လက်မခံပါရစေနဲ့ဗျာ’

ဦးလောက်ရယ် သက်ပြင်းချလိုက်သည်။

'ကောင်းပြီလေ၊ တို့နှစ်ယောက် အလုပ်မဖြစ်ကြပေမယ့် မင်းအတွက် မနစ်နာစေရပါဘူး'

ပြောပြောဆိုဆို ရွှေတုံးလေးတစ်တုံး ပေးလိုက်သည်။

ထိုလူက....

'ကိစ္စမရှိပါဘူးဗျာ၊ အလုပ်မလုပ်ရဘဲ ငွေမယူချင်ပါဘူး'

'မဟုတ်ဘူးလေ၊ မင်းက ငါ့ကိုသာသွေးခုနေဘာ့ အချိန်ကုန်တာပေါ့၊ အဲဒီအတွက်ပေးတာပါ'

'ကျုပ်က'

'ယူသာယူလိုက်စမ်းပါ'

ဦးလောက်ရယ်က အတင်းထိုးပေးလိုက်သဖြင့် ထိုသူသက်ခံလိုက်လေသည်။

'ကျေးဇူးပါပဲဗျာ'

ဦးလောက်ရယ်ကို နှုတ်ဆက်ကာ ထွက်သွားရန် ဟန်ပြင်လိုက်၏။

'ခဏနေပါဦးကွ'

ဦးလောက်ရယ်က ဟန့်တားလိုက်၏။

ထိုလူပြန်လှည့်ကြည့်လာသည်။



ဦးလောက်ရယ်က....

'မင်းကို ငါ့အကူအညီတစ်ခုတောင်းချင်တယ်'

ထိုလူခေါင်းညိတ်လိုက်သည်။

'ပြောပါဗျာ'

ဦးလောက်ရယ်က....

'ကျုပ်ခွဲရန်သူကို သုတ်သင် ရှင်းလင်းပစ်နိုင်လောက်တဲ့ လူတွေ မရှိတော့ဘူးလားဆိုတာ သိချင်လို့ပါ'

ထိုလူ တွေဝေသွားလေသည်။

အမှန်တော့....

ဦးလောက်ရယ်သည် တုဝေယင်းအား လုပ်ကြံသွားသည့် ကြေးစားများအားဖော်ထုတ်ရန် အနက်ရောင်သိုင်းလောကသို့ ထိုးဖောက်ဝင်ရောက်လာခြင်းဖြစ်လေသည်။

သူ့အား လုပ်ကြံရန်ကြိုးစားဝံ့သူများသာလျှင် ကျင်းလိန်မြို့စား၏ စံအိမ်သဲသို့ထိုးဖောက်ဝင်ရောက်ကာ တုဝေယင်းအား လုပ်ကြံဝံ့မည်ဟု ယူဆပြီး ကိုယ့်ကိုယ့်ကို တည်ကြက်လုပ်ကာ မေးလိုက်ခြင်းဖြစ်သည်။

ထိုလူသည် အတန်ကြာ စဉ်းစားလိုက်ပြီးမှ....

'ဒီလူးသုံးဖော်ဆိုရင် လုပ်ခံ့ကြမလားမသိဘူး'

ဟု ပြောလေသည်။

ဝူးလောက်ရယ် စိတ်ဝင်စားသွားသည်။

'သူတို့က ကြေးစားတွေပဲလား'

ဟု မေးလိုက်သည်။

ထိုလူက....

'ဟုတ်တယ်၊ ကျုပ်ထက်ပိုပြီး ကျော်ကြားတာပေါ့၊ ကျုပ်ရဲ့ ပညာဟာ သူတို့ခြေဖျားတောင် မီတာမဟုတ်ဘူး'

ဝူးလောက်ရယ်က....

'ဒါဆို ကျုပ်က သူတို့ကိုငှားရမ်းချင်တယ်၊ ဘယ်လို ဆက်သွယ်ရမလဲဆိုတာ သိရင်ပြောပြပါလား'

ထိုလူ ခေါင်းညိတ်လိုက်သည်။

'သူတို့ဟာ ဒီကနေ ဆယ့်ငါးမိုင်လောက်ဝေးတဲ့ တောအုပ်တစ်ခုထဲက ဘုံကျောင်းပျက်မှာ မကြာခဏစုဝေးလေ့ရှိကြပါတယ်၊ အဲဒီမှာ သွားစောင့်နေရင်တော့ တွေ့နိုင်ပါတယ်'

ဘုံကျောင်းပျက်သို့ မည်သို့သွားရမည်ကို ပြောပြလိုက်လေသည်။

ဝူးလောက်ရယ် ဝမ်းသာသွားသည်။



'ကျေးဇူးပါပဲကွယ်၊ သူတို့နဲ့ ဆက်သွယ်ပြီး ကျုပ်လုပ်ငန်း အောင်မြင်သွားတဲ့အခါ မင်းအတွက် ဆုငွေထပ်ပြီး ချီးမြှင့်ပါမယ်'

ဟု ပြောလိုက်သည်။

ထိုလူလည်း ဝမ်းသာအားရ ဖြစ်သွားလေတော့သည်။

* * *

ည...

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေသည်။

လရောင်အောက်တွင် ဝန်းကျင်တစ်ခုလုံး သာယာလှပနေလေသည်။

တောအုပ်ထဲ၌ ဘုံကျောင်းပျက်တစ်ခု ရှိနေသည်။

ယနေ့ည....

ထိုဘုံကျောင်းပျက်တွင် အတိုးအိုတစ်ယောက် ရောက်ရှိနေလေသည်။

ထိုအသိုးအိုမှာ ဝူးလောက်ရယ် ဖြစ်ပါသည်။

ဝူးလောက်ရယ်သည် ဘုံကျောင်းပျက်ထဲ၌ မီးပုံတစ်ခုဖိုကာ အေးအေးဆေးဆေးပင် ထိုင်နေ၏။

အပေါင်းသိုင်းပိုင်းရှင် မုပင်း ဆက်သွယ်ပေးခဲ့သော ကြေးစား၏ ပြောပြချက်အရ ဘီလူးသုံးဖော်ဆိုသည့် ကြေးစားများသည် ဓေသူများမဟုတ်ကြောင်း ရိပ်မိထားလေသည်။

ဘီလူးသုံးဖော်ကို မတွေ့မချင်း သူက စောင့်ဆိုင်းနေမည်သာ ဖြစ်လေသည်။ အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

တရွေ့ရွေ့ ညဉ့်နက်လာသည်။

ဝူးလောက်ရယ်က စိတ်ရှည်လက်ရှည် စောင့်ဆိုင်းနေဆဲ...

ညဉ့်သန်းခေါင်အချိန်သို့ ရောက်ရှိလာသောအခါ...

'ဘုံကျောင်းပျက်ထဲမှာ မီးရောင်ရှိနေပါသားကွ'

'တစ်ယောက်ယောက်တော့ ရောက်နေပြီ'

'ဘယ်သူလဲဆိုတာ သိရအောင် ဝင်ကြည့်ကြတာပေါ့'

အပြင်ဘက်မှ ကျယ်လောင်သောစကားသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဝူးလောက်ရယ် ဝမ်းသာသွားသည်။

ဘီလူးသုံးဖော် ရောက်လာကြပြီ မဟုတ်ပါလား။



ခြေသံများ ထွက်ပေါ်လာပြီး လူသုံးယောက်သည် ဘုံကျောင်းပျက်ထဲ ဝင်လာကြလေသည်။

ထိုလူသုံးယောက်သည် ဝူးလောက်ရယ်ကိုမြင်သျှင်....

'အသိုးကြီးတစ်ယောက်ပါလားဟေ့'

'ဟုတ်တယ်၊ တို့နေရာကို တစ်ယောက်တည်း လာခဲ့တာ နည်းတဲ့သတ္တိမဟုတ်ဘူး'

'ဟေ့....အသိုးကြီး ခင်ဗျားဘာလာလုပ်တာလဲ သေချင်ပြီထင်တယ်'

စသည်ဖြင့် တစ်ယောက်တစ်ပေါက် အော်ပြောလိုက်ကြလေသည်။

ဝူးလောက်ရယ်က....

'မင်းတို့က ဘီလူးသုံးဖော်လား'

ဟု ပြန်မေးလိုက်သည်။

ထိုလူသုံးယောက်မှာ ရုပ်ရည် ကြမ်းတမ်းခက်ထန်ပြီး ဓားတစ်လက်စီ ကျောပိုးထားကြလေသည်။

ရက်စက်ကြမ်းကြုတ်မည့်သူများ ဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပါသည်။

ထိုလူသုံးယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြပြီး....

'ခင်ဗျားက ကျုပ်တို့ကို သိနေတယ် ဟုတ်လား'

ဟု တစ်ယောက်က မေးလေသည်။

ဦးလောက်ရယ်က....

'ဟုတ်တယ်၊ ကျုပ်က မင်းတို့ကို အလုပ်အပ်ချင်လို့ လာပြီး စောင့်နေတာ'

'အလုပ်အပ်ချင်လို့ ဟုတ်လား'

'ဟုတ်တယ်၊ ကျုပ်အတွက် အလုပ်တစ်ခု လုပ်ပေးမယ် ဆိုရင် မင်းတို့အတွက် ထိုက်ထိုက်တန်တန်ရမယ်'

ထိုလူသုံးယောက် စိတ်ဝင်စားသွားကြလေသည်။

တစ်ယောက်က....

'ကျုပ်တို့က ဘာလုပ်ပေးရမလဲ'

'လူတစ်ယောက်ကို သုတ်သင်ပေးရမယ်'

ဦးလောက်ရယ်၏ စကားအဆုံးတွင်....

'ဟား....ဟား....ဟား'

ထိုလူသုံးယောက် ဟားတိုက် ရယ်မောလိုက်ကြလေသည်။

ဦးလောက်ရယ်က....

'မင်းတို့တစ်သက်မှာ မရဘူးတဲ့ငွေကြေးမျိုး ရစေရမယ်'



ဟု ထပ်ပြောလိုက်သည်။

ထိုလူသုံးယောက် ဆက်ပြီးမရယ်နိုင်ကြတော့ပေ။

တစ်ယောက်က....

'ကဲ....ကျုပ်တို့က ဘယ်သူ့ကို လုပ်ကြံပေးရမလဲ၊ ငွေ ဘယ်လောက် ရမလဲ ပြောပါ'

ဟု မေးသည်။

ဦးလောက်ရယ်က ...

'သုံးသိန်းရမယ်'

'ဘာဗျ'

'တစ်ယောက်တစ်သိန်းစီရမယ်'

ထိုသူသုံးယောက်သည် ဦးလောက်ရယ်အား အထင်မသေး ဝံ့တော့သည့်အပြင် လေးလေးစားစား ဖြစ်လာကြလေတော့သည်။

တစ်ယောက်က ...

'ဘယ်သူ့ကို သုတ်သင်ပေးရမယ်ဆိုတာ ပြောပါဦး'

ဟု မေးသည်။

ဦးလောက်ရယ်က....

'မားခြံဝင်းပိုင်ရှင် ဦးလောက်ရယ်ကို သုတ်သင်ပေးရမှာ'

ဟု ပြောလိုက်သည်။

သူ၏စကားအဆုံးတွင်....

'ဟင်....'

'ဟာ....'

ထိုလူသုံးယောက် အထိတ်တလန့် ဖြစ်သွားကြလေတော့သည်။

ဦးလောက်ရယ်က....

'မင်းတို့ အောင်မြင်အောင် ဆောင်ရွက်နိုင်တယ်ဆိုတာ ကျုပ်သိပြီးပြီ'

ဟု ပြောလိုက်၏။

တစ်ယောက်က....

'ခင်ဗျားကို ဘယ်သူပြောတာလဲ'

'အပေါင်ဆိုင်ပိုင်ရှင် မုပင်း'

'ထွီ'

ထိုလူသည် တံတွေးထွေးချလိုက်ပြီး စက်ဆုပ်သောလေသံဖြင့်....

'အလကားလူ၊ တမင်သက်သက် ကျုပ်တို့ကို ချောက်ချ လိုက်တာ၊ ကျုပ်တို့ဘီလူးသုံးဖော်က ဦးလောက်ရယ်ကို လုပ် ကြံဖို့ မပြောနဲ့ ခေါးခြံဝင်းနားတောင် ကပ်နိုင်မှာမဟုတ်ဘူး



ဟုပြောလေသည်။

အခြားနှစ်ယောက်ကလည်း....

'ဟုတ်တယ်ဗျ၊ ခေါးခြံဝင်းကို သွားပြီးရန်စလို့က ကိုယ့်သေတွင်း ကိုယ်တူးတာနဲ့ အတူတူပဲဖြစ်မှာပေါ့'

'ကျုပ်တို့ လက်မခံနိုင်ပါဘူးဗျာ'

ဦးလောက်ရယ် စိတ်ဓာတ်ကျသွားလေသည်။

'မင်းတို့ မလုပ်နိုင်ကြဘူးပေါ့'

'ဟုတ်တယ်'

ဦးလောက်ရယ်က....

'ဒုက္ခပါပဲကွာ၊ ကျုပ်က ဦးလောက်ရယ်ကို မရှင်းရရင် မကျေနပ်ဘူး၊ မင်းတို့ ကျုပ်ကို မကူညီနိုင်ကြဘူးလား'

ဘီလူးသုံးဖော် ခေါသထွက်သွားလေသည်။

'အဘိုးကြီး ကိုယ့်ဘာသာ သေတွင်းတူးချင်တာ ကျုပ်တို့ကို လာဆွဲမထည့်နဲ့'

ဟု အော်ငေါက်လိုက်ကြသည်။

ဦးလောက်ရယ်က....

'ထားပါတော့ဒလ၊ မင်းတို့မှ ကူညီနိုင်ရင် တခြားကူညီမယ့်လူ မရှိတော့ဘူးလား၊ ငါ့ကိုလမ်းညွှန်ပေးပါလား၊ မင်းတို့အတွက် မနစ်နာစေရပါဘူး'

ထိုစကားကြားလျှင် ဘီလူးသုံးဖော် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြလေသည်။

ဦးလောက်ရယ်က....

'ငါ့ကို လမ်းညွှန်ပေးရင် မင်းတို့အတွက် ငွေတစ်သောင်းစီ ပေးပါ့မယ်၊ ဘယ်လိုလဲ'

ဘီလူးသုံးဖော် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

'ခင်ဗျား တကယ်ပြောတာလား'

'တကယ်ပါကွာ'

'ဒါဆို ဓားသမားဆီကိုသွားပါ၊ သူဟာ ထိတ်ထိတ်ကြ ကြေးစားတစ်ယောက်ပဲ၊ ခင်ဗျားကို ကူညီနိုင်မယ် ထင်ပါတယ်'

ဦးလောက်ရယ်က....

'ဓားသမား ဟုတ်လား'

'ဟုတ်တယ်လေ'



'သူ့ကို ဘယ်လိုရှာရမလဲ'

ဘီလူးသုံးဖော်က....

'သူက လုယန်မြို့ရဲ့ မြောက်ဘက်က ဝင်ဝေမြို့မှာနေတယ်၊ ာ ကြေးစားလူသတ်သမားတစ်ယောက် ဖြစ်တယ်ဆိုတာ မြအောက်လောကသားတွေကလွဲပြီး ဘယ်သူမှ သိကြတာ တ်ဘူး၊ သူ့ကို ဆက်သွယ်ချင်ရင် ဝမ်ဝေမြို့ကို ရောက်တဲ့ ါ မြို့အဝင် ဘုံကျောင်းရှေ့က သူတောင်းစားရဲ့ခွက်ထဲကို င်းဆီပန်းတစ်ပွင့် ထည့်လိုက်ပါ၊ သူကလာပြီး ဆက်သွယ်ပါ မ့်မယ်'

ဟု ပြောပြကြလေသည်။

ဦးလောက်ရယ်က....

'ကျေးဇူးပဲ၊ ငါ့ကတိအတိုင်း မင်းတို့ကို ငွေသုံးသောင်း ပေးပါ့မယ်'

ပြောပြောဆိုဆို အသင့်ယူလာသည့် ရွှေတုံးလေးများ ထုတ် းလိုက်လေသည်။

ဘီလူးသုံးဖော်က ငွေသုံးသောင်းနှင့် ညီမျှသော ရွှေတုံး းများကို လက်မခံပါ။

'ကျုပ်တို့ မယူပါရစေနဲ့ဗျာ'

ဦးလောက်ရယ် အံ့သြသွားသည်။

'ဘာဖြစ်လို့လဲ'

ငွေရမည်ဆိုလျှင် လူတစ်ယောက်အား သုတ်သင်ရှင်း... ပစ်ဖို့ပင် ဝန်မလေးသည့်ကြေးစားများသည် ငွေကိုလက်မ... အဘယ့်ကြောင့် ငြင်းဆန်နေကြပါသနည်း။

ဘီလူးသုံးဖော်အနက် တစ်ယောက်က....

'ဦးလောက်ရယ်ကို သုတ်သင်ဖို့ ကြိုးစားနေကတည်း... ခင်ဗျားဟာ ခေတ္တလူတစ်ယောက်မဟုတ်ဘူးဆိုတာ သိထား... ပါဗျာ'

ဟု ပြောလေသည်။

ဦးလောက်ရယ် ဘာမှမပြောတော့ပါ။

ထိုင်ရာမှထကာ ဘုံကျောင်းအပြင်ဘက် ထွက်သွား... သည်။ ဘီလူးသုံးဖော်သည် သူ၏နောက်ကျောကို ငေး... ကြည့်ရင်း ကျန်ရစ်ခဲ့ကြလေတော့သည်။

* * *

ဝမ်ဝေမြို့....



...ဝမ်ဝေမြို့သည် လုယန်မြို့နှင့် မနီးမဝေးတွင် တည်ရှိပြီး ...ည်ကားသိုက်မြိုက်သော မြို့တစ်မြို့ဖြစ်လေသည်။

...ဝမ်ဝေမြို့သို့ ဦးလောက်ရယ်ရောက်ရှိလာသောအခါ ဘီလူး ...းဖော် ပြောပြလိုက်သည့်အတိုင်း နှင်းဆီပန်းတစ်ပွင့်ကို ဝယ် ...ယူကာ မြို့အဝင်ဘုံကျောင်းကို အလျင်ဦးစွာသွားလေသည်။

ဘုံကျောင်းရှေ့သို့ရောက်လျှင် တောင်းရမ်းစားသောက်သူ ...လေးငါးယောက်မျှရှိနေသည်ကို တွေ့လိုက်ရသည်။

ဦးလောက်ရယ် အခက်ကြုံသွားသည်။

...မည်သူသည် ဓားသမား၏အဆက်အသွယ်ဖြစ်မည်ကို မသိ ...နိုင်ပါတော့ချေ။

'သနားသဖြင့် ပေးကမ်းစွန့်ကြဲကြပါခင်ဗျာ'

တောင်းရမ်းသံများ တစာစာထွက်ပေါ်လာ၏။

ဦးလောက်ရယ်က နှင်းဆီပန်းကိုကိုင်ကာ ငိုင်နေစဉ်အဘိုးအို ...တစ်ယောက်သည် တုန်တုန်ယင်ယင်ဖြင့် အနီးသို့ ချဉ်းကပ် ...လာပြီး....

'နှင်းဆီပန်းလေး ကျုပ်ကိုစွန့်ကြဲပါလား'

ဟု တောင်းရမ်းလာလေသည်။

ဦးလောက်ရယ်က ရှည်ရှည်ဝေးဝေး စဉ်းစားခြင်းမပြုဘဲ ...နှင်းဆီပန်းကို ခွက်ထဲထည့်ပေးလိုက်လေသည်။

အဘိုးအိုက လှည့်ထွက်သွားလေသည်။

ဦးလောက်ရယ်က ဟိုဟိုသည်သည်ကြည့်လိုက်၏။

ရုတ်တရက် သူ၏ဦးခေါင်းထဲ အတွေးတစ်ခုဝင်ရောက်လာလေသည်။

'ဟုတ်ပြီ၊ ဟိုအဘိုးကြီးဟာ ခေါသမားရဲ့ အဆက်အသွယ်ဖြစ်လိမ့်မယ်'

လှမ်းကြည့်လိုက်သောအခါ ထိုအဘိုးအိုသည် ဘုံကျောင်းရှေ့သွားပြီး လမ်းကြားတစ်ခုအတွင်းသို့ ဝင်ရောက်သွားသည်ကို တွေ့ရလေသည်။

ဦးလောက်ရယ်က ချက်ချင်း ပြေးလိုက်သွားလိုက်သည်။

အဘိုးအိုက ဟောင်းနွမ်းအိုမင်းနေပြီဖြစ်သော အိမ်တစ်လုံးသို့ ဝင်သွားပြန်သည်။

ဦးလောက်ရယ် လိုက်သွားလေသည်။

အိမ်ထဲရောက်သွားလျှင် အဘိုးအိုက....

'ထိုင်ပါ'

ဦးလောက်ရယ်လိုက်လာမည်ကို သိနေသည့်အလား စောင့်ဆိုင်းနေပြီး နေရာထိုင်ခင်းပေးလေသည်။

ဦးလောက်ရယ်က ထိုင်ခုံတွင်ထိုင်ချလိုက်သည်။



အဘိုးအိုက အရက်တစ်အိုးထုတ်ကာ ညှော်ခံလေသည်။

ယခု....

အဘိုးအိုသည် တုန်တုန်ချည့်ချည့်မဟုတ်တော့ပါ။

လူငယ်လူရွယ်တစ်ယောက်ပမာ သန်မာဖျတ်လတ်နေသည်ကို တွေ့ရလေသည်။

အဘိုးအိုက....

'သောက်ပါ'

အရက်တစ်ခွက်ငှဲ့ပြီးပေး၏။

ဦးလောက်ရယ်က သောက်ချလိုက်သည်။

အဘိုးအိုက....

'ကိစ္စ'

စကားစလာသည်။

ဦးလောက်ရယ်က....

'ခေါသမားအတွက် ငွေငါးသိန်းရနိုင်တဲ့ ကိစ္စပါ'

အဘိုးအို၏ မျက်လုံးများ စူးရှ တောက်ပြောင်လာလေသည်။

ဦးလောက်ရယ်ကို စိုက်ကြည့်ရင်း....

'ပစ်မှတ်က'

ဟု မေးလာပြန်သည်။

ဝူးလောက်ရယ် နားလည်လိုက်ပါပြီ။

ထိုအဘိုးအိုသည် ဓားသမားဆိုသည့်ကြေးစား ဖြစ်နေသည် မဟုတ်ပါလား။

'ဓားခြံဝင်းပိုင်ရှင် ဝူးလောက်ရယ်'

'ဟင်'

အဘိုးအို (ဝါ) ဓားသမား မျက်နှာပျက်သွားလေသည်။

ဝူးလောက်ရယ်က....

'ဘယ်လိုသဘောရသလဲ'

ဟု မေးလိုက်သည်။

ဓားသမားက....

'မဖြစ်နိုင်ဘူး'

'ဘာကြောင့်လဲ'

'ကျုပ်က သူ့ကို ယှဉ်နိုင်မှာ မဟုတ်လို့ပါ'

ဝူးလောက်ရယ် သက်ပြင်းချလိုက်သည်။



'ကျုပ်က ကြေးစားအတော်များများ တွေ့ခဲ့ပြီးပြီ၊ ဘယ်သူမှ လက်မခံကြဘူး၊ မင်းကိုအားကိုးပြီးလာတာ မင်းကလဲ လက်မခံနိုင်ဘူးဆိုတော့'

ဓားသမားက....

'ကျုပ်က လက်ခံပြီး ငွေယူမယ်ဆိုရင် ရပါတယ်၊ ဒါပေမယ့် လုပ်ငန်း အောင်မြင်မှာမှ မဟုတ်တာ၊ ကျုပ်ဟာ ကြေးစား တစ်ယောက်ပါ၊ လူလိမ်လူကောက်တစ်ယောက် မဟုတ်ပါဘူးဗျာ'

ဝူးလောက်ရယ်က....

'ဓားခြံဝင်းကကျော်ကြားနေပေမယ့် မြေအောက်လောကမှာ သူတို့ကို ယှဉ်ဂံ့တဲ့လူရှိမယ်လို့ ကျုပ် ယုံကြည်ထားပါတယ်၊ အဲဒီလူတွေကို တွေ့အောင်ရှာရတော့မှာပေါ့လေ'

ဓားသမားက....

'ဒါတော့ ဟုတ်တယ်ဗျ၊ဟိုတလောကပဲ မိုးနဂါးဂိုဏ်းချုပ် တုဝေယင်းနဲ့ ဓားခြံဝင်းကသခင်လေးဝူးလျံတို့ လုပ်ကြံခံလိုက်ရတာကြောင့် သိုင်းလောကတစ်ခုလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသေးတာပဲ'

ဟု ပြောလေသည်။

ဝူးလောက်ရယ်ရင်ထဲ တစ်ချက်လှုပ်ရှားသွားသည်။

ဓားသမားကို အကဲခတ်ကြည့်ရင်း....

'အဲဒီလူတွေနဲ့ ဆက်သွယ်လို့ရရင် သိပ်ကောင်းမယ်၊ သူတို့က ဦးလောက်ရယ်ကို သုတ်သင်နိုင်မှာပဲ'

ဟု သွေးတိုးစမ်းလိုက်သည်။

ရှတ်တရက်....

ဓားသမား၏ခန္ဓာကိုယ် တုန်ခါသွားပြီး ထိုင်ရာမှ ငေါက်ခနဲ ထ,ရပ်လိုက်လေသည်။

ဦးလောက်ရယ်အား စိုက်ကြည့်ရင်း....

'ကံကောင်းလို့ ကျုပ်က ထောင်ချောက်ထဲ မဝင်မိတာပါလား'

ဟု ရေရွတ်လိုက်လေသည်။

ဦးလောက်ရယ်က....

'မင်း ဘာပြောတာလဲ'

'ကျုပ် ဘာပြောတယ်ဆိုတာ ခင်ဗျားသိပါတယ်'

ဦးလောက်ရယ် ခေါင်းခါယမ်းလိုက်သည်။

'ငါတော့ နားမလည်နိုင်တော့ဘူးကွ'

ဓားသမားက....

'တုဝေယင်းနဲ့ ဦးလျှံတို့ လုပ်ကြံခံရတာကြောင့် အဖြူရောင် သိုင်းလောကသားတွေကော ကျင်းလိန့်မြို့စား အကူအညီ



ခေါ်ထားတဲ့ နေပြည်တော်က အာဏာသားတွေကော သိုင်းလောကမှာ ခြေချင်းလိမ်အောင် တရားခံကို လိုက်ရှာနေကြတယ်၊ တချို့ကလဲ ကိုယ့်နည်းကိုယ့်ဟန်နဲ့ မြေအောက်လောကထဲကို ထိုးဖောက် ဝင်လာပြီး စုံစမ်းနေကြတယ်၊ ဒါတွေကို ကျုပ်သိထားပါတယ်ဗျာ'

ဦးလောက်ရယ်က....

'လက်စသတ်တော့ ငါဟာ တရားခံတွေကို လိုက်ရှာနေတဲ့ လူတစ်ယောက်လို့ မင်းထင်နေတာကိုး'

ဓားသမား ခေါင်းခါယမ်းလိုက်သည်။

'ထင်တာမဟုတ်ဘူး....တိတိကျကျ ပြောတာပါ၊ ကုန်ကုန်ပြောရရင် ခင်ဗျားဟာ ဓားဖြုံဝင်းက လူတစ်ယောက်ဖြစ်မယ်လို့တောင် လောင်းရဲသေးတယ်'

ဦးလောက်ရယ်က သက်ပြင်းချလိုက်သည်။

'မင်းမဆိုးဘူး....မင်းပြောတာ မှန်တယ်၊ မင်းဟာ ဉာဏ်ကောင်းတဲ့အပြင် သိုင်းပညာတော်မယ်ဆိုတာလဲ ငါရိပ်မိတယ် ကဲ....ဘာကြောင့် တုဝေယင်းတို့ကို လုပ်ကြံခဲ့ရတာလဲ ပြောပါ'

ဟု မေးလိုက်သည်။

'ဟား... ဟား....ဟား'

ဓားသမား ရယ်မောလိုက်လေသည်။

ဦးလောက်ရယ်က....

'ငါ့စကားမှာ ရယ်စရာမပါဘူးကွ'

'ခင်ဗျားအတွက် ရယ်စရာ မဟုတ်ပေမယ့် ကျုပ်အတွက် ရယ်စရာကောင်းနေလို့ပေါ့ဗျာ'

'ကဲ....ပြောစမ်းပါဦး'

'ကျုပ်က တုဝေယင်းကို လုပ်ကြံနိုင်တဲ့အဆင့် မရှိလို့ပါပဲ'

ဦးလောက်ရယ် သက်ပြင်းချလိုက်လေသည်။

'မင်း တကယ်ပဲ သေချာလို့လား'

ဓားသမားက....

'ခင်ဗျားမယုံရင် သက်သေပြဖို့ တခုပဲရှိတယ်'

'ပြောပါ'

'ဒီနှစ်ဦးမှာ သိုင်းရာဇာလုံထောက်ကိုလုပ်ကြံဖို့ ကျုပ်ကို လူတစ်ယောက်က လာငှားတယ်'

ဦးလောက်ရယ် ခေါင်းညိတ်လိုက်သည်။

'လုံထောက်ဟာ သူ့ရဲ့မိတ်ဆွေ တုဖုံးရဲ့စားသောက်ဆိုင်မှာ အသတ်ခံလိုက်ရတယ်ဆိုတဲ့သတင်း ငါကြားပြီးပါပြီ'

ဓားသမားက....



'အဲဒါ ကျုပ်လက်ချက်မဟုတ်ဘူး'

ဦးလောက်ရယ် မျက်မှောင်ကြုတ်သွားသည်။

'မင်းကို လာငှားတုန်းက လက်မခံလိုက်ဘူးပေါ့၊ ဟုတ်သလား'

ဓားသမား ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျုပ်က လုံထောက်ကိုလုပ်ကြံဖို့ မတတ်နိုင်ပါဘူး၊ ဒါကြောင့် လက်မခံဘဲနေလိုက်တာပါ'

ဦးလောက်ရယ်က ဓားသမားကိုစိုက်ကြည့်လိုက်သည်။

ယခု....

ဓားသမား၏ဆိုလိုချက်ကို သဘောပေါက်လာပြီ ဖြစ်ပါသည်။

'မင်းက လက်မခံပေမယ့် လက်ခံတဲ့လူ ရှိနေခဲ့တယ် ဆိုပါတော့'

ဟု ပြောလိုက်သည်။

ဓားသမားက....

'ရှိလို့ပဲ လုံထောက်လုပ်ကြံခံလိုက်ရတာပေါ့ဗျာ'

'ကောင်းပြီ၊ လုံထောက်ကိုလုပ်ကြံလိုက်တာ ဘယ်သူဆိုတာ ပြောပါ'

ဓားသမားက....

'လုံလောက်ကိုလုပ်ကြံတဲ့လူဟာ တုဝေယင်းကိုလုပ်ကြံနိုင်တဲ့ အရည်အချင်းရှိတယ်ဆိုတာ ခင်ဗျား လက်ခံမှုဖြစ်မယ်'

ဦးလောက်ရယ် ခေါင်းညိတ်လိုက်သည်။

'ငါလက်ခံပါတယ်'

ဓားသမားက....

'သိုင်းလောကမှာ ကြေးစားတွေ အတော်များများရှိကြပါတယ်၊ ဒါပေမယ့် ကြေးစားလို့ မထင်ရအောင် လူအများနဲ့ ရောနှောနေနိုင်တဲ့ ကြေးစားတွေ အများကြီး ရှိပါသေးတယ်ဗျာ'

ဦးလောက်ရယ်က....

'မင်းက ငါ့ကိုပြောပြမယ်ထင်တယ်'

'ဘယ်သူဘယ်ဝါတွေဆိုတာ ကျုပ်လဲမသိဘူး၊ ဒါပေမယ့် အဆက်အသွယ်တော့ရှိပါတယ်'

ဦးလောက်ရယ် ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

ဓားသမားက...



'သိုင်းလောကမှာ ခိုဖြူဆိုတဲ့လူတစ်ယောက်ရှိတယ်၊ သူဟာ အလုပ်ကြီးတွေကို လက်ခံလုပ်တယ်၊ သူ့ဆီကို အရောက်သွားနိုင်လိမ့်မယ်'

ဦးလောက်ရယ် ရင်တထိတ်ထိတ်ခုန်လာလေသည်။

'ခိုဖြူက ဘယ်မှာနေတာလဲ'

ဟု အလောတကြီးမေးလိုက်လေသည်။

ဓားသမားက....

'ဘယ်မှာနေလဲမသိဘူး၊ ဒါပေမယ့် လုယန်မြို့ကိုသွားပါ၊ အဲဒီမှာ စုံစမ်းကြည့်ပါ'

ဟု ပြောလေသည်။

ဦးလောက်ရယ် ထိုင်ရာမှထလိုက်သည်။

ထို့နောက်....

'ကြေးစားဘဝကို စွန့်လွှတ်လိုက်တာ အကောင်းဆုံး ဖြစ်လိမ့်မယ်'

ဟု ပြောလိုက်လေသည်။

ဓားသမားက ဘာမှမပြောချေ။

ဦးလောက်ရယ်က အိမ်ထဲမှထွက်သွားလေတော့သည်။

## သံသယ

မိုးနဂါးဂိုဏ်း....

မိုးနဂါးဂိုဏ်းသည် မိုးနဂါးတောင်ပေါ်တွင် တည်ရှိလေ
သည်။

ယနေ့တွင်....

မိုးနဂါးဂိုဏ်း၌ ဂိုဏ်းချုပ်အသစ်တင်မြှောက်ပွဲ ကျင်းပ
လျက်ရှိလေသည်။

သိုင်းလောကမှ ဧည့်သည်များ စုရုံးရောက်ရှိလာကြသဖြင့် စည်ကားသိုက်မြိုက်နေတော့သည်။

ဧည့်သည်တော်များနှင့်အတူ စားခြံဝင်းမှ ဝူကြွားရောက် ရှိနေပါသည်။



မိုးနဂါးဂိုဏ်း၏ ဧည့်ခန်းဆောင်ထဲ၌ ရောက်ရှိလာသော ဧည့်ပရိသတ်များကို မိုးနဂါးဂိုဏ်းသားများက ဧည့်ခံကျွေးမွေးနေကြလေသည်။

ဝူကြွားသည် သိုင်းလောကမှမိတ်ဆွေများနှင့်အတူ စားပွဲတစ်လုံး၌ ဝိုင်းဖွဲ့ထိုင်ကာ စကားစမြည်ပြောနေသည်။

ထိုအချိန်တွင်....

‘တင်းတောင်....တင်းတောင်’

ချိုလွင်သာယာသော ခေါင်းလောင်းသံများ ထွက်ပေါ်လာလေသည်။

အားလုံး လှမ်းကြည့်လိုက်ကြသောအခါ မိုးနဂါးဂိုဏ်းမှ နာယကကြီးများခြံရံ၍ ဒုဂိုဏ်းချုပ် ယင်းဟုန်ထွက်လာသည်ကို တွေ့ရ၏။

ဂိုဏ်းချုပ် တုဝေယင်းလုပ်ကြံခံရပြီးနောက် ယင်းဟုန်သည် ဂိုဏ်းချုပ်ရာထူးကို ဆက်ခံမည်ဖြစ်လေသည်။

ယင်းဟုန်၏ဂိုဏ်းချုပ်ရာထူးဆက်ခံပွဲကို တက်ရောက်လာကြသောအခါ ဧည့်ပရိသတ်များသည် တစ်ပြိုင်နက် ကောင်းချီးသြဘာပေးလိုက်ကြလေသည်။

‘ဂိုဏ်းချုပ်ကြီးယင်းဟုန် သက်တော်ရာကျော် ရှည်ပါစေ’

'မိုးနဂါးဂိုဏ်းဖွဲ့ရန်သူများ ကျဆုံးပါစေ'

ဩဘာသံများ ကျက်ကျက်ညံသွားလေသည်။

ဝူကြွားသည် ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

'အင်း....ဒုဂိုဏ်းချုပ်ယင်းဟုန်ဟာ မိုးနဂါးဂိုဏ်းရဲ့ ဂိုဏ်းချုပ်ရာထူးနဲ့ ထိုက်တန်တဲ့သူပါပဲ'

ဟု ချီးကျူးလိုက်လေသည်။

ဤတွင်....

'ဘယ်ကလာထိုက်တန်မှာလဲဗျ'

ဝဲဘက်၌ထိုင်နေသူက ပြောလိုက်လေသည်။

ထိုလူမှာ မိုးနဂါးဂိုဏ်းချုပ် တုဝေယင်းနှင့် ခင်မင်ရင်းနှီးသော ခြေရာသိုင်းသမား ယင်းကျူးဖြစ်လေသည်။

ယင်းကျူးသည် မကောင်းသူပယ်ကောင်းသူကယ်၍ သိုင်းလောက၌ ခြေသလုံးအိမ်တိုင် ကျင်လည်ကျက်စားနေသူဖြစ်သည်။

ရောက်လေရာအရပ်တိုင်း၌ မကောင်းမှုများကို တိုက်ဖျက်သွားသဖြင့်သူ၏ခြေရာကျန်ခဲ့သည်ဟုအကြောင်းပြုကာ မိတ်ဆွေ



များက နောက်ပြောင်ရင်း ခြေရာသိုင်းသမားဟု အမည်တွင်လာခြင်းဖြစ်ပါသည်။

ယင်းကျူးနှင့် ဝူကြွားမှာ သိကျွမ်းကြသော်လည်း ရင်းရင်းနှီးနှီးကြီးမဟုတ်ကြချေ။

ဝူကြွားက....

'ခင်ဗျားကမထိုက်တန်ဘူးလို့ ဘာကြောင့်ပြောနိုင်တာလဲဗျ'

ဟု မေးလိုက်သည်။

ယင်းကျူးက....

'ယင်းဟုန်က အမှားတစ်ခုလုပ်ခဲ့ဖူးတယ်၊ တုဝေယင်းက သူ့ကိုဂိုဏ်းထဲက ထုတ်ပစ်ဖို့တောင် လုပ်ခဲ့သေးတာအားလုံးဝိုင်းပြီး တောင်းပန်အားကြတာနဲ့ အရေးမယူဘဲ ခွင့်လွှတ်ထားခဲ့တာ'

ဝူကြွားစိတ်ဝင်စားသွားလေတော့သည်။

'ယင်းဟုန်က ဘာတွေများလုပ်ခဲ့သလဲ ပြောပါဦး'

ဟု မေးလိုက်သည်။

ယင်းကျူးက....

'ယင်းဟုန်ဟာ သိုင်းပညာနဲ့ပတ်သက်လာရင် သိပ်ကို လောဘကြီးတယ်၊ ဂိုဏ်းချုပ်တွေသာ လေ့လာခွင့်ရှိတဲ့ မိုးနဂါးသိုင်းကျမ်းကို ဘယ်သူမှမသိအောင် တိတ်တဆိတ် လေ့လာခဲ့လို့ပါ'

'ဩော်'

ယင်းဟုန်၏အဖြစ်သည် သိုင်းလောကသားတို့အတွက်မည်သည့်နည်းနှင့်မျှ ခွင့်မလွှတ်နိုင်သောအဖြစ်မျိုးဖြစ်လေသည်။

သိုင်းသမားမှန်လျှင် သိုင်းလောက စည်းကမ်း၊ ဂိုဏ်း၏ စည်းကမ်းကို လိုက်နာစောင့်ထိန်းကြရမည် ဖြစ်ပါသည်။

ယင်းကျူးက....

'ယင်းဟုန်က အဖြစ်ရှိဖူးတော့ ဂိုဏ်းချုပ်ရာထူးကို ဆက်ခံရဖို့ အကြောင်းမရှိဘူး၊ တုဝေယင်းသေသွားလို့ သူ့ကို ရွေးလိုက်ရတာ၊ ကျုပ်စိတ်ထဲမှာ တုဝေယင်းလုပ်ကြံခံရတာ သူ့လက်ချက်များ ဖြစ်နေမလားလို့တောင် သံသယဖြစ်မိတယ်'

ဝူကြွားရင်ထဲ လှုပ်ရှားလာလေသည်။

မမျှော်လင့်ဘဲ မိုးနဂါးဂိုဏ်း၏ လျှို့ဝှက်ချက်တစ်ခုကို သိလိုက်ရပြီဖြစ်လေသည်။

ဝူးလောက်ရယ်နှင့် ဝူးဟန်တို့ထံသို့ အမြန်ဆုံး သတင်းပို့ရန် ဆုံးဖြတ်လိုက်လေတော့သည်။

* * *



လုယန်မြို့....

ဝူးလောက်ရယ်သည် လုယန်မြို့သို့ ရောက်လာခဲ့သည်မှာ ငါးရက်ရှိပြီဖြစ်ပါသည်။

သူက ဓားသမား၏စကားကို ယုံကြည်ထားသည်။

ဓားသမားပြောသည့်အတိုင်း ခိုဖြူအား တွေ့အောင်ရှာနိုင်လျှင် လူသတ်သမားများအား တွေ့ရလိမ့်မည်ဟု ယုံကြည်ထားသည်။

ထို့ကြောင့်....

လုယန်မြို့သို့ ရောက်လာသည်နှင့် သဲကြီးမဲကြီး စုံစမ်းခဲ့လေသည်။ လုယန်မြို့သည် သိုင်းလောကသားများ ဥဒဟို ဝင်ထွက်သွားလာနေသော မြို့ကြီးတစ်မြို့ဖြစ်သည်။

အဖြူရောင် သိုင်းသမားများသာမက အနက်ရောင် သိုင်းသမားများပါ ရောက်လာတတ်ကြသော်သည်း အနက်ရောင် သိုင်းသမားတို့ အခြေချနေထိုင်ကြသည်ဟူ၍ မရှိသလောက်ပင်။

အကယ်၍....

အခြေချ နေထိုင်သူများ ရှိပါလျှင်လည်း ထိုအနက်ရောင် သိုင်းသမားများသည် အသွင် ထက်မြက်သူများ၊ လူကြီး

လူကောင်း ဟန်ဆောင်မျက်နှာဖုံးစွပ်ထားသူများသာ ဖြစ်မည်မလဲခ‌ေျ။

ဦးလောက်ရယ်သည် လုယန်မြို့တွင် သဲကြီးမဲကြီး ရှာဖွေစုံစမ်းရင်း တစ်နေ့တွင် မြို့လယ်ဈေးအနီးရှိ ငှက်များရောင်းချသည့် ဈေးဆိုင်ရှေ့သို့ ရောက်ရှိသွားလေသည်။

ဆိုင်ထဲ၌ ငှက်လှောင်အိမ်များဖြင့် ငှက်မျိုးစုံကို လှောင်ကာပြသထားပါသည်။ ငှက်အမျိုးအစားကိုလိုက်ကာ ဈေးနှုန်းကွဲပြားခြားနားမှုရှိပေသည်။

ဦးလောက်ရယ်သည် လှောင်အိမ်ထဲမှငှက်များကိုကြည့်ရင်း တစ်စုံတစ်ခု သတိရလာလေသည်။

ထိုစဉ် ဆိုင်ရှင်က....

'ဆရာကြီး ဘယ်လိုငှက်မျိုးအလိုရှိသလဲ'

ဟု မေးလာသည်။

ဦးလောက်ရယ် ပြုံးလိုက်ပြီး....

'ကျုပ်က ခိုဖြူတစ်ကောင်လောက် လိုချင်တာဗျ'

ဟု ပြောလိုက်သည်။

ဆိုင်ရှင်က....



'ကျုပ်ရဲ့ဆိုင်မှာတော့ မရှိပါဘူးဗျာ၊ တောင်ဘက်ကလမ်းကြားထဲမှာ အရက်ဆိုင်တစ်ဆိုင်ရှိတယ်၊ အဲဒီဆိုင်ပိုင်ရှင်ဆီမှာတော့ ခိုဖြူတွေ မွေးထားတာ အများကြီးပဲ'

'ဪ...'

'သူ့ဆီသွားမေးကြည့်ပါလား၊ ရောင်းချင်ရောင်းမှာပေါ့၊ တကယ်လို့ ဆရာကြီးကိုရောင်းလိုက်ရင် ကျုပ်ကိုပြန်ပြောပြဖို့ မမေ့ပါနဲ့နော်၊ ကျုပ်လဲဝယ်ချင်လို့ပါ'

ဆိုင်ရှင်သည် အရက်ဆိုင်ထဲမှလူ၏ ခိုဖြူများကို မျက်စိကျနေကြောင်း ဦးလောက်ရယ် ရိပ်မိလိုက်၏။

ထို့ကြောင့်....

'ကောင်းပြီလေ၊ ကျုပ်ကိုရောင်းလိုက်ရင် လာပြောပြပါ့မယ်'

ဟု ပြောကာ ထွက်လာခဲ့လေသည်။

ဆိုင်ရှင်ညွှန်ပြလိုက်သည့်အတိုင်း လျှောက်လာခဲ့ရာ မကြာပါချေ။

အရက်ဆိုင်လေးတစ်ဆိုင်သို့ ရောက်သွားလေသည်။ ဆိုင်လုလင်တစ်ယောက်က ဖျာဖျာသလဲ့ကြိုဆိုလာပါသည်။

'ကြွပါခင်ဗျာ....ကြွပါ၊ ဘာများသုံးဆောင်မလဲ အမိန့်ရှိပါခင်ဗျာ'

ဝူးလောက်ရယ်က အသားဟင်းတစ်ပွဲနှင့် အရက်တစ်အိုးမှာကြားလိုက်လေသည်။

ထို့နောက်....

ဆိုင်ထောင့်တစ်နေရာ၌ နေရာယူကာ အေးအေးဆေးဆေး စားသောက်နေလိုက်သည်။

အရက်ဆိုင်လေးကိုကြည့်ရသည်မှာ မသက်ာစရာ ဘာမှမရှိချေ။

ကြေးစားလူသတ်သမားများ၏ အဆက်အသွယ် ခိုဖြူဆိုသူနှင့် တွေ့ရမည်မဟုတ်ဘဲ တကယ့်ခိုမွေးမြူရေး သမားတစ်ယောက်နှင့် တွေ့ခဲ့မည်ထင်မိသည်။

ထို့ကြောင့်....

ဆိုင်ရှင်အကြောင်း မေးမြန်းစုံစမ်းခြင်းမပြုဘဲ အေးအေးဆေးဆေး စားသောက်နေခြင်းဖြစ်လေသည်။

ထိုအချိန်တွင်....

'ဖျပ်...ဖျပ်....ဖျပ်....ဖျပ်'



တောင်ပံခတ်သံများနှင့်အတူ အမွေးအတောင် ဆွတ်ဆွတ်ဖြူဖွေးနေသောခိုဖြူတစ်ကောင်သည် ပြတင်းပေါက်မှတစ်ဆင့် ဆိုင်ထဲဝင်ရောက်လာသည်ကို တွေ့လိုက်ရလေသည်။

ဝူးလောက်ရယ် စိတ်ဝင်စားသွားသည်။

'အဘော်သူတဲ့ ခိုဖြူတစ်ကောင်ပါလား'

ဟု စိတ်ထဲမှ ရေရွတ်လိုက်မိသည်။

ဆိုင်လုလင်သည် ခိုဖြူလေးဝင်ရောက်လာသည်နှင့်....

'ဟာ....မင်းပြန်လာပြန်ပြီလား၊ လာ....လာ'

ဟု ပြောကာ လက်ဆန့်တန်းပေးလိုက်သျှင် ခိုဖြူလေးသည် ဆိုင်လုလင်၏လက်ပေါ် နားလိုက်လေသည်။

ဆိုင်လုလင်က....

'ကဲ သွား....သွား....ဆရာက မင်းကိုစောင့်နေတယ်'

ဟု ပြောကာ ခိုဖြူလေးကို လွှတ်ပေးလိုက်သည်။

ခိုဖြူလေးသည် အပြင်ဘက်ထွက်မသွားဘဲ ဆိုင်အတွင်းဘက်သို့ ပျံသန်းဝင်ရောက်သွားသေသည်။

ဝူးလောက်ရယ် အံ့ဩသွားသည်။

ဆိုင်ပိုင်ရှင်သည် အတွင်းဘက်၌ ရှိနေမည်ဖြစ်ပေသည်။

မျက်စိလျင်သော ဝူးလောက်ရယ်က ခိုဖြူလေး၏ခြေထောက်တွင် ကြေးပြောင်းလေးတစ်ခု ချည်နှောင်ထားသည်ကို တွေ့လိုက်ခြင်းဖြစ်သည်။

'ဒါ....စာပို့ခိုတစ်ကောင်ပဲ'

အရက်ဆိုင်ပိုင်ရှင်နှင့်စာပို့ခိုမှာ မည်သို့ ပတ်သက် နေပါသနည်း။

သိုင်းလောကသားများသည် မိမိတို့ကျွမ်းကျင်သည့် ပညာများကို ဝှက်ထားလေ့ရှိကြ အမည်မှည့်ခေါ်တတ်ကြသည်။

ထို့အတူ....

အရက်ဆိုင်ပိုင်ရှင်သည် ခိုဖြူများကို လိမ္မာယဉ်ကျေးအောင်မွေးမြူပြီး လိုရာခိုင်းနိုင်သူဖြစ်သည်ဆိုပါလျှင်....

ဝူးလောက်ရယ် ထိုင်ရာမှထလိုက်သည်။

စားသောက်ခ ကျသင့်ငွေပေးချေကာ ဆိုင်●ဲမှထွက်လာခဲ့တော့သည်။

* * *



ည....

လဝန်း ထိန်ထိန်သာနေသည်။

လရောင်အောက်တွင် ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေလေသည်။

အကာလအချိန်တွင် အမှောင်ရိပ်များခိုကာ လူရိပ်တစ်ခု လှုပ်ရှားနေပါ၏။

ထိုလူရိပ်သည် လမ်းကြားလေးအတွင်းသို့ ဝင်ရောက်လာပြီး အရက်ဆိုင်လေး၏ခေါင်မိုးပေါ် တိတ်တဆိတ် ခုန်တက်လိုက်လေသည်။

ထို့နောက်....

ဆိုင့်အနောက်ဘက်သို့ လျင်မြန်စွာရွေ့လျားကာ ခုန်ဆင်းလိုက်လေသည်။ ထိုလူရိပ်မှာ အခြားသူမဟုတ်ပါ၊ ဝူးလောက်ရယ်ပင် ဖြစ်ပါသည်။

ဝူးလောက်ရယ်သည် အရက်ဆိုင်လေးသို့ တစ်ခေါက်ပြန်လာပြီး စုံစမ်းခြင်းဖြစ်သည်။

ဝူးလောက်ရယ်က ဆိုင်အနောက်ဘက်သို့ ခုန်ဆင်းလိုက်သောအခါ စကြံလမ်းဖြင့် ဆက်သွယ်ထားသည့် အဆောင်လေးတစ်ဆောင်ကို တွေ့လိုက်ရ၏။

ထိုအဆောင်လေးမှ မီးရောင်များ ထွက်ပေါ်နေပါသည်။

ဦးလောက်ရှယ်က ချက်ချင်းပင် ထိုအဆောင်လေးဆီသို့ ချဉ်းကပ်သွားလိုက်လေသည်။

အဆောင်ရှေ့သို့ ရောက်သွားသည်နှင့် နောက်ကျောဘက်မှ လေဘိုးသံထွက်ပေါ်လာသည်။

အမှောင်ရိပ်ထဲမှလူဘဲ်ယောက် ခုန်ထွက်လာကာ ဓားတစ်လက်ဖြင့် တိုက်ခိုက်လိုက်ခြင်းဖြစ်လေသည်။

ဦးလောက်ရှယ် ရင်ထိတ်သွား၏။

သို့သော်....

ခန္ဓာကိုယ်ကို တွန့်လိမ်ကာ ရှောင်တိမ်းလိုက်ပြီး ခြေတစ်ချောင်း နောက်ပြန်ခဘ်ဆုဘ်လိုက်သျင်....

'ဂွန်း'

အလစ်ဝင်ချောက် တိုက်ခိုက်လာသူမှာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

ထိုလူလဲကျသွားပြီး မရှေးမနှောင်းမှာပင်....

'ကျွိ'



အဆောင်လေး၏တံခါးပွင့်သွားပြီး လူသုံးယောက် ခုန်ထွက်လာကာ ဦးလောက်ရှယ်အား တရကြမ်း တိုက်ခိုက်လိုက်ကြလေတော့သည်။

○

## တရားခံ

ဦးလောက်ရယ်က နောက်သို့ခုန်ဆုတ်လိုက်၏။

အရက်ဆိုင်လေး၌ သိုင်းသမားများရှိနေခြင်းက သူလိုက်ရှာနေသူနှင့် တွေ့ရပြီဟု ဖော်ပြသလောက်နေတော့သည်။

ဦးလောက်ရယ်သည် မည်သည့်နည်းနှင့်မျှ အလွတ်ပေးလိမ့်မည် မဟုတ်ပါ။

သိုင်းသမားသုံးယောက်၏ တိုက်ခိုက်မှုကို အသာအယာရှောင်တိမ်းပေးလိုက်ပြီး လက်ဝှေ့ယမ်းလိုက်လျှင်....

'ဝုန်း'



'အား'

'အမယ်လေး'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

တိုက်ခိုက်လာသူသုံးယောက် အဝေးသို့လွင့်စဉ်ကာ မြေပေါ် လဲကျသွားကြလေသည်။

ဦးလောက်ရယ်က အချိန်မနှေးဘဲ အဆောင်ထဲပြေးဝင်လိုက်၏။ ထိုအခါ မီးရောင်အောက်တွင် သူ့အား အသင့်စောင့်ကြိုနေသူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူက....

'အစ်ကိုကြီး ခင်ဗျားရဲ့လုပ်ရပ်ကို ရပ်တန်းကရပ်ရင်ကောင်းမယ်၊ ကျုပ်ကိုဒုက္ခပေးတာနဲ့ ခင်ဗျားလဲ ဒုက္ခရောက်သွားလိမ့်မယ်ဗျ'

ဟု လှမ်းပြောလေသည်။

ထိုလူမှာ ခိုဖြူဖြစ်ပါသည်။

ခိုဖြူသည် အစ်ကိုကြီးက သူ့အား နှုတ်ပိတ်ဖို့ ထပ်မံကြိုးစားဦးမည်ဟု ယုံကြည်ထားလေသည်။

ဦးလောက်ရယ်အား အစ်ကိုကြီးဟုထင်မှတ်ကာ အော်ပြော
လိုက်ခြင်းဖြစ်သည်။

သို့သော်....

ဦးလောက်ရယ်၏မျက်နှာကို သေသေချာချာ တွေ့မြင်
လိုက်ရလျှင် အံ့သြသွားပြီး....

'ဟင်....ခင်....ခင်ဗျား အစ်ကိုကြီးလဲ မဟုတ်ပါလား'

ဟု ရေရွတ်လိုက်သည်။

ဦးလောက်ရယ်က....

'ဟုတ်တယ်ခိုဖြူ....ငါက ဓားခြံဝင်းပိုင်ရှင် ဦးလောက်ရယ်
ပဲ၊ မင်းအကြောင်း ငါအားလုံးသိပြီးပြီ'

ဟု ပရိယာယ်ဆင်ကာ ခြိမ်းခြောက်လိုက်လေသည်။

အမှန်တော့....

ခိုဖြူသည် တရားခံများနှင့် အဆက်အသွယ်ရှိနေလျှင်
ထုတ်ဖော်ပြောလာအောင် ခြောက်လိုက်ခြင်းဖြစ်သည်။

လူဆိုးဓားပြများသည် အရေးနိမ့်သွားလျှင် သူတို့၏အပြစ်
ကို အမှန်အတိုင်း ဝန်ခံတတ်ကြသည် မဟုတ်ပါလား။



ခိုဖြူသည် ဦးလောက်ရယ်ဟူသောအမည်ကြားလျှင် မျက်နှာ
ဖြူဖပ်ဖြူရော် ဖြစ်သွားလေသည်။

သူတို့အား ဦးလောက်ရယ်က သဲကြီးမဲကြီး ရှာနေကြောင်း
သိထားပြီးပြီဖြစ်သည်။

ယခု....

ဦးလောက်ရယ်သည် သူ၏ရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက်
ရောက်ရှိလာပြီ ဖြစ်ပါသည်။

ခိုဖြူ ထိတ်လန့်သွားကာ....

'ယား'

ငြသံပေးရင်း ဝှက်ထားသော ဓားတစ်လက်ကို ဆွဲထုတ်
ပြီး တိုက်ခိုက်လိုက်လေတော့သည်။

* * *

ဦးလောက်ရယ်မှာ အတွေ့အကြုံရင့်ကျက်သော သိုင်းသမားကြီးတစ်ယောက် ဖြစ်ပါသည်။

ခိုဖြူသည် သူအလိုရှိနေသူပင် ဖြစ်ကြောင်း ရိပ်မိသွားပြီဖြစ်ရာ....

'မင်း ပြေးလို့မရတော့ပါဘူး'

ဟုပြောရင်း ပြန်လည် တိုက်ခိုက်လိုက်လေသည်။

နှစ်ယောက်သား ထိပ်တိုက် ရင်ဆိုင်မိလိုက်သည်နှင့်....

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။

ခိုဖြူမှာ လူတခြား ဓားတခြားဖြစ်ကာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရလေသည်။

ဦးလောက်ရယ်က....

'ကဲ....ပြောစမ်း၊ ငါ့မြေးကို လုပ်ကြံသွားတဲ့ ကြေးစားတွေဟာ ဘယ်သူတွေလဲ'

ဟု မေးလိုက်သည်။



သူ၏အသံ ဒေါသသံပါနေပြီး မျက်နှာမှာ ကြောက်မက်ဖွယ် ကောင်းအောင် ခက်ထန်နေလေသည်။

ခိုဖြူ အံကြိတ်လိုက်သည်။

ဦးလောက်ရယ်သည် သူ့အားမည်သည့်နည်းနှင့်မျှ ချမ်းသာပေးမည် မဟုတ်ဟု ယုံကြည်ထားရကာ....

'ယား'

ဟြာသံပေးကာ တိုက်ခိုက်လိုက်ပြန်လေသည်။

* * *

ယခုတစ်ကြိမ်....

လက်နှစ်ဖက်ဝှေ့ယမ်းကာ လက်နက်ပုန်းများဖြင့် တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

'ဝှစ်....ဝှစ်....ဝှစ်'

စူးရှသော လေတိုးသံများနှင့်အတူ ဝင်းလက်သော အလင်း ရောင်တန်းများ ထွက်ပေါ်လာသည်။

လက်နက်ပုန်းလေးများသည် ဝူးလောက်ရယ်ဆံသို့ တစ်ဟုန် ထိုး ပစ်လွှင့် ဝင်ရောက်သွားလေသည်။

ဝူးလောက်ရယ်က....

'မင်း ဘာတတ်နိုင်မှာမို့လဲ'

ပြောရင်း အင်္ကျီလက်ဖြင့် ဝှေ့ယမ်းလိုက်၏။

လေပွေတစ်ခု ဖြစ်ပေါ်လာပြီး ခိုဖြူ ပစ်ခတ်လိုက်သည့် လက်နက်ပုန်းများမှာ ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွားကုန်လေ တော့သည်။

'ဟင်'

ခိုဖြူ အထိတ်တလန့်ရေရွတ်လိုက်သည်။

ဝူးလောက်ရယ်က....

'ခိုဖြူ မင်းဟာ ကြေးစားတွေအတွက် အလုပ်လက်ခံပြီး ကြားပွဲစားတစ်ယောက်အဖြစ် ဆောင်ရွက်ပေးနေတယ်ဆိုတာ ရယ်၊ သိုင်းရာဇာ လုံထောက်၊ တုဝေယင်းနဲ့ ငါ့မြေး လူငကြ



ခံရတဲ့ ကိစ္စတွေကို မင်းစီစဉ်ခဲ့တယ်ဆိုတာ ငါသိပြီးပြီ၊ မင်း ဘာပြောချင်သေးသလဲ'

ခိုဖြူ ဘာမှမပြောချေ။

ဝူးလောက်ရယ်က ...

'ကဲ....မင်းရဲ့အစီအစဉ်မှာ ပါဝင်ဆောင်ရွက်ခဲ့ကြတဲ့ ကြေး စားတွေဟာ ဘယ်သူတွေလဲဆိုတာ ပြောစမ်း'

ဟုမေးလိုက်သည်။

ခိုဖြူက....

'ကျုပ်....ကျုပ်ကို ချမ်းသာပေးပါဗျာ'

ချက်ချင်းပင် ဒူးထောက်ကာ တောင်းပန်လိုက်လေသည်။

ဝူးလောက်ရယ်၏ လက်ထဲမှ မလွတ်နိုင်တော့ကြောင်း နားလည် သဘောပေါက်သွားပုံ ရလေသည်။

ဝူးလောက်ရယ်က....

'ကြေးစားတွေအကြောင်း ပြောပါ'

'ပြော....ပြောပါ့မယ်၊ ကျွန်တော့်ကိုချမ်းသာပေးပါ'

'အေး....မင်းက အမှန်အတိုင်းပြောရင် အသက်ကို ချမ်းသာပေးမယ်'

ခိုဖြူသည် ဦးလောက်ရယ်က ချမ်းသာပေးမည်ဆိုသော စကားကို လုံးဝမယုံချေ။

ဦးလောက်ရယ်သည် သူ၏အချစ်ဆုံးမြေး အသတ်ခံလိုက်ရခြင်းကြောင့် လူသတ်သမားများအား စိစိညက်ညက် အမှုန့်ချေပစ်မည်ဟု ကြုံးဝါးထားကြောင်း ကြားသိထား၏။

သူက ဦးလောက်ရယ်အား တောင်းပန်နေခြင်းမှာ လှတ်လမ်း ရှာဖွေနေခြင်း ဖြစ်လေသည်။

ဦးလောက်ရယ်က....

'ဘယ်သူတွေပါသလဲ၊ ကဲ....ပြော'

ခိုဖြူက....

'ဒီ....ဒီကိစ္စမှာ မိုး....မိုးနဂါးဂိုဏ်းက'

သူ၏စကားကို ဦးလောက်ရယ် စိတ်ဝင်စားနေမှန်းသိလျှင် တစ်လုံးချင်း အချိန်ဆွဲကာ ပြောလိုက်ပြီး ရုတ်တရက် ကြမ်းပြင်၌ အသင့်တပ်ဆင်ထားသော အံဖုံးတံခါးကိုဖွင့်ကာ အောက်ဘက်သို့ ခုန်ဆင်းလိုက်လေသည်။



ဦးလောက်ရယ် ရင်ထိတ်သွားသည်။

ခိုဖြူ ထွက်ပြေးလွတ်မြောက်သွားလျှင် ထပ်မံမမ်းဆီးရမိဖို့ မလွယ်တော့ကြောင်း ဆင်ခြင်မိ၏။

ထို့ကြောင့်....

'မပြေးနဲ့'

အော်ဟစ်ရင်း လက်ဝှေ့ယမ်းလိုက်လေသည်။

* * *

'ဝှစ်'

'ဒုတ်'

'အား'

အင်္ကျီလက်အိုးထဲ၌ ဝှက်ထားသော ဓားမြှောင်လေးသည် လျှင်မြန်စွာ ပစ်လွင့်သွားပြီး အံဖုံးတံခါးကိုဖောက်ကာ ခိုဖြူ၏ ခန္ဓာကိုယ်၌ စိုက်ဝင်သွားတော့သည်။

ဝူးလောက်ရယ်က ချက်ချင်းပြေးသွားပြီး အကဲခတ် ကြည့်လိုက်လေသည်။

ဓားမြှောင်သည် ချက်ကောင်း၌ စိုက်ဝင်သွားသည်ဖြစ်ရာ ခိုဖြူမှာ ခေါင်းငိုက်စိုက်ကျကာ အသက်ပျောက်နေပြီ ဖြစ်ပါသည်။

'တောက်....'

ဝူးလောက်ရယ် ဒေါသတကြီး တက်ခေါက်လိုက်မိလေတော့သည်။

အလှည့်အပြောင်း

---

ယနေ့....

ဒါတိုင်းနေ့များနှင့်မတူဘဲ အစ်ကိုကြီးတစ်ယောက် ရှင်ရှင်လန်းလန်း ဖြစ်နေလေသည်။

အပြာရောင် အဝတ်အစားများကို သေသေသပ်သပ် ဝတ်ဆင်ထားကာ ဗျပ်စောင်းကိုပိုက်ပြီး ပျော်ရွှင်ကြည်နူးဖွယ်ကောင်းသော တေးသွားအလိုက်တစ်ခုကို တီးခတ်နေ၏။

တုဝေယင်းအား လုပ်ကြံပြီးချိန်မှစ၍ သူ့အတွက် ပျော်ရွှင်မှုများ ဆိတ်သုဉ်းသွားခဲ့ရခြင်းဖြစ်သည်။

သိုင်းလောကသားများ၏ အန္တရာယ်ကို စိုးရိမ် ထိတ်လန့်နေခဲ့ရလေသည်။ သိုင်းလောကသားများသည် အုံကြွပြီး လှုပ်ရှားမှုပွဲကြီး ကျင်းပနေသည် မဟုတ်ပါလား။

သူတို့အကြောင်းကို သိုင်းလောကသားများ သိကြသည် မဟုတ်ပေ။

သူတို့ထံသို့ အန္တရာယ်ရောက်လာနိုင်သော တံခါးပေါက်မှာ ခိုဖြူပင်ဖြစ်သည်။

ခိုဖြူအား သုတ်သင်ရှင်းလင်းလိုက်ပါက သူတို့အကြောင်းကို မည်သူမျှ သိနိုင်ကြတော့မည် မဟုတ်ပေ။

ထို့ကြောင့်....

ခိုဖြူအား သုတ်သင်ရန် ဆုံးဖြတ်ခဲ့သည်။ ကြိုးစားခဲ့ပါသည်။ သို့သော် ခိုဖြူသည် အလွန်လျင်မြန်သူဖြစ်ရာ သူ့အား ဒုက္ခမပေးနိုင်စေရန် အရံအတားများ ကြိုတင်ပြုလုပ်ထားခဲ့လေသည်။

ခိုဖြူအား လုပ်ကြံလိုက်သည်နှင့် သူတို့လည်း ဒုက္ခရောက်ရမည့်အဖြစ်ကို သိသွားသောအစ်ကိုကြီးမှာ ခိုဖြူအား နှုတ်ပိတ်ပစ်ဖို့ လက်လျှော့လိုက်ရလေတော့သည်။

သို့တိုင်....



အစ်ကိုကြီးသည် လွယ်လွယ်ကူကူ နောက်ဆုတ်တတ်သူ မဟုတ်ပါ။

ခိုဖြူက အဖြစ်မှန်ကို ဖွင့်ဟရေးသားထားသောစာကို မည်သူ့ထံတွင် အပ်ထားသနည်းဟု တိတ်တဆိတ်စုံစမ်းခဲ့လေသည်။

ဆယ့်ငါးရက်မျှကြာသောအခါ....

ခိုဖြူသည် အပျော်ဂေဟာမှ အပျော်မယ်လေးတစ်ယောက်ထံသို့ မကြာခဏ သွားရောက်တွေ့ဆုံလေ့ရှိကြောင်း စုံစမ်းသိရှိခဲ့ရလေသည်။

ထိုအပျော်မယ်လေးထံ၌ သူတို့အား ဒုက္ခပေးနိုင်သည့်စာကို အပ်ထားခြင်းဖြစ်ရမည်ဟု အစ်ကိုကြီးဆင်ခြင်မိသည်။

အခြေအနေစောင့်ကြည့်ပြီး ခိုဖြူအလစ်တွင် အပျော်မယ်လေးအား သုတ်သင်ကာ စာကိုဖျောက်ဖျက်ပစ်ရန် စိတ်ကူးထား၏။

ယနေ့....

နေမွန်းတည့်အချိန်တွင် သူက အပျော်မယ်လေးထံသို့ သွားမည် ဖြစ်ပေသည်။ ထိုအချိန်တွင်....

အမျိုးသမီးသည် ခိုဖြူအား မျက်ခြည်မပြတ် စောင့်ကြည့်နေပြီးသား ဖြစ်ပေလိမ့်မည်။

သူ့က အပျော်မယ်လေးအား သုတ်သင်ကာ စာကို ဖျောက်ဖျက်ပြီးသည်နှင့် အမျိုးသမီးအား အချက်ပေးလိုက်ရုံသာ ရှိသည်။

အမျိုးသမီးက ခိုဖြူအား နှုတ်ပိတ်ပယ်လိုက်မည် ဖြစ်သေးသည်။ ထိုသို့ လိုလေသေးမရှိ ကွက်တိစီစဉ်ခဲ့ပြီးနောက် အစ်ကိုကြီး၏ စိတ်အစဉ်မှာ ရှင်သန်းတက်ကြွနေခြင်း ဖြစ်ပေတော့သည်။

အစ်ကိုကြီးက တေးသွားအလိုက်တစ်ခုကို တီးခတ်ပြီးနောက် ဗျပ်စောင်းကို ချလိုက်သည်။

ထို့နောက် အသင့်ငွဲ့ထားသော အရက်တစ်ခွက်ကို သောက်လိုက်လေသည်။

ထိုအချိန်မှာပင်....

'အစ်ကိုကြီး....အစ်ကိုကြီး'

အမောတကော ခေါ်သံများနှင့်အတူ အမျိုးသမီး ဒရောသောပါး ပြေးဝင်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

* * *



'အစ်ကိုကြီး....အစ်ကိုကြီး'

အမျိုးသမီးက ပြေးဝင်လာသည်။

အစ်ကိုကြီး မျက်မှောင်ကြုတ်သွားလေသည်။

'မင်း ဘယ်လိုဖြစ်လာတာလဲ၊ ခုချိန်မှာ ခိုဖြူကို မျက်ခြည်မပြတ် စောင့်ကြည့်နေရမှာ မဟုတ်ဘူးလား'

ဟု ပြောလိုက်သည်။

အမျိုးသမီး မျက်စိမျက်နှာပျက်နေသည်။

သူမသည် အလွန်ထိတ်လန့် တုန်လှုပ်နေသော လေသံဖြင့်....

'အစ်ကိုကြီး....ခိုဖြူသေပြီ'

ဟု ပြောလေသည်။

မမျှော်လင့်သောစကား ကြားလိုက်ရလျှင်....

'ဘာ....'

အစ်ကိုကြီး ဝုန်းခနဲ ခုန်ထလိုက်လေသည်။

အမျိုးသမီးကို မျက်လုံးကြီးပြူး၍ကြည့်ရင်း....

'ဘာ....ဘာပြောတယ်၊ ခိုဖြူသေပြီ ဟုတ်လား'

ဟု မေးလိုက်သည်။

အမျိုးသမီးက ဦးခေါင်းတဆတ်ဆတ်ညိတ်ရင်း....

'ဟုတ်....ဟုတ်ပါတယ်၊ မနေ့ညက လူတစ်ယောက် ရောက်လာပြီး ခိုဖြူနဲ့ သူ့တပည့်လေးယောက်ကို သတ်သင်ပစ်လိုက်တာပဲ'

'အဲဒီလူက ဘယ်သူလဲ'

'ခုထိ ဘယ်သူ ဘယ်ဝါဆိုတာ မသိရသေးဘူး'

'တောက်....'

အစ်ကိုကြီး ဒေါသတကြီး တက်ခေါက်လိုက်လေသည်။

ခိုဖြူ သေဆုံးသွားပြီဆိုလျှင် အပျော်မယ်လေးသည် လျှို့ဝှက်စာအား ကျင်းလိန်မြို့စားထံသို့ ပို့ပေးလိမ့်မည် ဖြစ်ပေသည်။

ဤသို့ဆိုလျှင် သူတို့အားလုံး ဒုက္ခရောက်ကြရတော့မည် မဟုတ်ပါလား။

အမျိုးသမီးက....



'ကျွန်မတို့ ဘယ်လိုလုပ်ကြရမလဲဟင်'

ဟု ထိတ်ထိတ်ပျာပျာဖြင့် မေးလေသည်။

အစ်ကိုကြီးက....

'ကဲ...ညီမ၊ ဒီအတိုင်းနေလို့တော့ မဖြစ်ဘူး၊ အပျော်မယ်လေးဆီကို ချက်ချင်းလိုက်သွားပေတော့'

ဟု ပြောလိုက်သည်။

'ကောင်းပြီ....အစ်ကိုကြီး'

အမျိုးသမီးသည် ချက်ချင်းပင် ပြေးထွက်သွားလေတော့သည်။ အစ်ကိုကြီးက အရက်တစ်ခွက် ငှဲ့သောက်လိုက်သည်။

'အင်း....သူတို့သာ ငါ့ဆီကို ရောက်လာကြမယ်ဆိုရင် ငါ့ရဲ့ နောက်ဆုံးအကြံအစည်ကို ထုတ်သုံးရတော့မှာပေါ့'

ဟု တီးတိုးရေရွတ်လိုက်လေတော့သည်။

* * *

ဆယ့်ငါးရက်....

ဦးဟန်သည် ကျင်းလိန်မြို့စားဂေဟာသို့ ရောက်ရှိနေခဲ့သည်မှာ ဆယ့်ငါးရက်ရှိပြီဖြစ်လေသည်။

ဆယ့်ငါးရက်အတွင်း၌ လူသတ်တရားခံများမှာ ကြေးစားလေးယောက်၊ သို့မဟုတ် ငါးယောက် ဖြစ်ကြောင်း၊ သိုင်းလောက၌ ထင်ထင်ပေါ်ပေါ် မနေဘဲ ဇာတ်မြုပ်နေသည့် ရှက်ပုန်းသီးများ ဖြစ်ကြောင်း၊ မိုးနဂါးဂိုဏ်းချုပ်၏ ရန်သူတစ်ယောက်က ငှားရမ်းလုပ်ကြံခိုင်းခြင်းဖြစ်ကြောင်း၊ ဦးလျမှာ လုပ်ကြံနေသည်ကို တွေ့သွားသဖြင့် အချောင်အသတ်ခံခဲ့ရကြောင်း စသည့်အချက်အလက်များ သိရှိခဲ့ရလေသည်။

ဦးဟန်သည် မိုးနဂါးဂိုဏ်းမှ ဒုဂိုဏ်းချုပ် ယင်းဟုန်အပေါ် သံသယဝင်မိကြောင်းကို ထုတ်ဖော်မပြောဘဲနေခဲ့သည်။

အကြောင်းမှာ....

ကြေးစားများအား ကျင်းလိန်မြို့စားဂေဟာမှ ထွက်ပြေးလွတ်မြောက်သွားအောင် ယင်းဟုန်၏ မြင်းလှည်းဖြင့် တင်ဆောင်သွားနိုင်ခြင်းကြောင့် ဖြစ်ပေသည်။

ဦးဟန်သည် ဆယ့်ငါးရက်ပြည့်လျှင် ဦးကြွား၊ ဦးလောက်ရယ်တို့နှင့် ပြန်လည်တွေ့ဆုံကာ တိုင်ပင်ဆွေးနွေးရန် စီစဉ်ထားသည်။



ကျင်းလိန်မြို့စားတို့၏ စုံစမ်းစစ်ဆေးမှုများသည် လုပ်ကြံမှုကို ရှုပ်လုံးပေါ်လာစေသော်လည်း တရားခံကိုဖမ်းမိဖို့ အလှမ်းဝေးနေသေးကြောင်း နားလည်မိ၏။

ထို့ကြောင့်....

မားခြံဝင်းသို့ ခေတ္တပြန်ရန် ဆုံးဖြတ်လိုက်လေသည်။

ဦးဟန်က ကျင်းလိန်မြို့စားအား နှုတ်ဆက်ရန် ထွက်လာခဲ့သည်။

ဧည့်ခန်းအတွင်းသို့ရောက်သောအခါ ကျင်းလိန်မြို့စားသည် လူတစ်စုနှင့် စကားပြောဆိုနေသည်ကိုတွေ့ရလေသည်။

ဦးဟန် ဝင်လာသည်ကိုမြင်လျှင်....

'မိတ်ဆွေကြီးဦးဟန်ရောက်လာတာနဲ့ အတော်ပဲဗျို့၊ ကျုပ်တို့ သတင်းထူးတစ်ခု ကြားထားတယ်'

ဟု ပြောလေသည်။

ဦးဟန် ဝမ်းသာသွားသည်။

သတင်းထူးသိရလျှင် မားခြံဝင်းသို့ သယ်ဆောင်သွားနိုင်မည် မဟုတ်ပါလား။

'ဆိုပါဦး၊ မြို့စားကြီး ဘယ်လိုများထူးခြားတာလဲ'

ဟု မေးလိုက်သည်။

ကျင်းလိန်မြို့စားက....

'ကြေးစားတွေဟာ အလုပ်သမားတွေအယောင်ဆောင်ပြီး ကျုပ်ရဲ့ဂေဟာထဲဝင်ရှာခဲ့ကြတယ်မဟုတ်လား၊ အဲဒါကြောင့် အလုပ်သမားတွေနဲ့ပတ်သက်ပြီး စုံစမ်းကြည့်တော့ တခြားအလုပ်သမားတွေဟာ ဆိုင်တွေမှာဆက်ပြီး လုပ်ကိုင်နေကြပေမယ့် လူငါးယောက်တော့ပျောက်နေကြတာ သိရတယ်'

'လူငါးယောက်ဟုတ်လား'

'ဟုတ်တယ်၊ အရက်ဆိုင်က ဆိုင်လုလင်တစ်ယောက်၊ စားသောက်ဆိုင်က ဆိုင်လုလင်တစ်ယောက်၊ ကချေသည်တွေထဲက တစ်ယောက်နဲ့ အထည်အလိပ်ဆိုင်ကနှစ်ယောက်ပဲ'

ဦးဟန်၏စိတ်ထဲ ထူးခြားသည်မထင်မိချေ။

ယခုမှသိရ၍လည်း ကြေးစားများသည် ထွက်ပြေးလွတ်မြောက်သွားခဲ့ကြပြီ မဟုတ်ပါလား။

ကျင်းလိန်မြို့စားက ဆက်ပြောသည်။

'ထူးခြားတာက အဲဒီပျောက်သွားတဲ့ လူငါးယောက်စလုံးကို လူတစ်ယောက်တည်းက ဆိုင်တွေခဲ့ပြီးအလုပ်သွင်းပေးခဲ့တာပဲဗျ'



'ဟင်'

ဦးဟန် အနည်းငယ်လှုပ်လှုပ်ရှားရှားဖြစ်လာသည်။

ကျင်းလိန်မြို့စားက....

'အဲဒီလူဟာ ဒီမြို့ကိုဆယ်ရက်တစ်ခေါက်လာပြီး ကုန်ပစ္စည်းကူးသန်းရောင်းဝယ်နေတဲ့ 'ကုန်သည်ချူ' ဖြစ်တယ်ဆိုတာ သိရတယ်'

ဦးဟန်က....

'ကုန်သည်ဘချူ့ကို စစ်ဆေးမေးမြန်းပြီးပြီလားဗျ'

ဟု အလေးတကြီးမေးလိုက်မိသည်။

ကျင်းလိန်မြို့စား ခေါင်းညိတ်လိုက်သည်။

'စစ်ဆေးပြီးပါပြီ၊ သူဟာ လူတစ်ယောက်က ငွေပေးပြီး ခိုင်းလို့ လုပ်ခဲ့ရတာပါလို့ပြောတယ်၊ သူ့စိတ်ထဲမှာ အလုပ်အကိုင်မရှိတဲ့လူတွေကို အလုပ်သွင်းပေးတာမို့ ဘာမှအပြစ်မရှိဘူးလို့ယုံကြည်နေတယ်၊ ကြေးစားတွေအတွက် စီစဉ်ခဲ့သူက သူ့ကိုလှည့်စားခဲ့တယ်ဆိုတာ ကျုပ်တို့ ပေါ်ထွက်နိုင်ခဲ့ပါတယ်'

ဦးဟန် ခေါင်းညိတ်လိုက်သည်။

'ဒါမျိုးတွေဟာ ဖြစ်တတ်ကြတာတွေပါဗျာ၊ ကုန်သည်ချီကိုခိုင်းတဲ့လူနောက်ကိုကော ဆက်မလိုက်ဘူးလား'

'ဘယ်ပြောကောင်းမလဲ လိုက်တာပေါ့၊ အဲဒီလူဟာမိုးနဂါးဂိုဏ်းကဌာနခွဲမှူး လုံဖွေးဖြစ်ပါတယ်'

'ဟင်'

ဦးဟန်ထိတ်လန့်သွားသည်။

ကျင်းလိန်မြို့စား၏ကြိုးစားမှုကြောင့် တရားခံများနောက်သို့လိုက်ရန် လမ်းကြောင်းပေါ်လာပြီဖြစ်လေသည်။

မိုးနဂါးဂိုဏ်းချုပ် တုဝေယင်းအား လုပ်ကြံရန်ကြိုးစားသူများမှာ မိုးနဂါးဂိုဏ်းထဲမှပင်ဖြစ်ကြောင်း ပေါ်လွင်လာသည်။

ထိုသို့ပေါ်ပေါက်လာသည်မှာ သဘာဝကျပေသည်။

သိုင်းလောကသည် အလွန်ရှုပ်ထွေးပွေလီလွန်းသည် မဟုတ်ပါလား။

ဦးဟန်က....

'လုံဖွေးကို အမြန်ဆုံးဖမ်းဆီးလိုက်ဖို့ လိုမယ်ထင်တယ်'



ဟု ပြောလိုက်သည်။

ကျင်းလိန်မြို့စားက....

'ကျုပ်တို့ မိုးနဂါးဂိုဏ်းကို အကြောင်းကြားလိုက်ပါပြီ၊ ဒါပေမယ့်...'

'ဒါပေမယ့် ဘာဖြစ်သလဲ'

'လုံဖွေးဟာ မိုးနဂါးဂိုဏ်းမှာမရှိဘဲ ပျောက်ဆုံးနေတယ်လို့ အကြောင်းပြန်လာတယ်ဗျ'

ဦးဟန် မကျေမနပ် ဖြစ်သွားလေသည်။

'မိုးနဂါးဂိုဏ်းက ဒီလို အေးတိအေးစက်လုပ်နေလို့ ဘယ်ဖြစ်မလဲဗျ၊ ဂိုဏ်းချုပ်ဘစ်ယောက်လုံး လုပ်ကြံခံလိုက်ရတာ လုံဖွေးကို ရအောင်ရှာသင့်တာပေါ့'

ဟု ပြောလိုက်သည်။

ကျင်းလိန်မြို့စားက....

'စိတ်ချပါ၊ လုံဖွေးကို တွေ့အောင်ရှာပေးပါ့မယ်လို့ ဂိုဏ်းချုပ် ယင်းဟုန်က ပြောပါတယ်'

ဦးဟန်သည် တုဝေယင်းအား လုပ်ကြံသည့်ကိစ္စတွင် ယင်းဟုန် ကိုယ်တိုင် ပါဝင်ပတ်သက်နေရမည်ဟု စိတ်ထဲ ထင်မှတ်လာလေသည်။

ထိုစဉ် အစေခံတစ်ယောက် ပြေးဝင်လာပြီး....

'မြို့စားကြီးခင်ဗျာ မိန်းကလေးတစ်ယောက်က ဆုငွေထုတ်ချင်တယ်လို့ ပြောနေပါတယ်'

ဟု အစီရင်ခံလာလေသည်။

ကျင်းလိန်မြို့စား ကြောင်အမ်းအမ်းဖြစ်သွားသည်။

'ဘာ....ဘယ်လို ဆုငွေထုတ်ချင်လို့ ဟုတ်လား'

'ဟုတ်ပါတယ် မြို့စားကြီး၊ ဆုငွေကြော်ငြာထဲမှာ ပါဝဲအတိုင်း လူသတ်သမားတွေကို ဖမ်းမိအောင် သတင်းပေးနိုင်တယ်လို့ ပြောနေပါတယ်'

ကျင်းလိန်မြို့စားသာမက အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြလေတော့သည်။

'သတင်းပေးနိုင်တယ်ဆို သိပ်ကောင်းတာပေါ့'

'အဲဒီမိန်းကလေး ဘယ်မှာလဲ'

'မြန်မြန်ခေါ်လိုက်စမ်း'

ဟု ဝိုင်းပြောကြလေသည်။

ကျင်းလိန်မြို့စားက....



'ကဲ ခေါ်လာခဲ့စမ်း'

ဟု အမိန့်ပေးလိုက်လေသည်။

အစေခံသည် ချက်ချင်း ပြေးထွက်သွားပြီး မိန်းကလေးတစ်ယောက်အား ခေါ်ဆောင်လာလေတော့သည်။

* * *

မိန်းကလေးတစ်ယောက် ရောက်လာသည်။

ထိုမိန်းကလေးအား မြင်သည်နှင့် ကျင်းလိန်မြို့စား၏ သိုင်းသမားတစ်ယောက်က....

'မြို့စားကြီး၊ မိန်းကလေးဟာ လုယန်က အပျော်မယ်လေးတစ်ယောက်ပါ၊ သူ့စကားကို ချင့်ချိန်ပြီးမှ ယုံကြည်စေချင်ပါတယ်'

ဟု တီးတိုး သတိပေးလိုက်လေသည်။

ကျင်းလိန်မြို့စား မျက်နှာပျက်သွားသည်။

အပျော်မယ်လေးတစ်ယောက်အား လက်ခံတွေ့ဆုံပြီး စကား ပြောရန် ဝန်လေးမိသေသည်။

ထို့ကြောင့်....

'မိတ်ဆွေကြီးဝူးဟန် ခင်ဗျားပဲ တာဝန်ယူစေချင်ပါတယ် ဗျာ'

ဟု ပြောလိုက်လေသည်။

ဝူးဟန် ခေါင်းညိတ်လိုက်သည်။

'ကောင်းပါပြီ'

ဝူးဟန်သည် မိန်းကလေးအား ခြေဆုံးခေါင်းဆုံး ကြည့် လိုက်ပြီး....

'မင်းက ဆုငွေလိုချင်လို့ ဟုတ်လား'

ဟု မေးလိုက်သည်။

မိန်းကလေး ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ရှင်'

'အေး....ဆုငွေလိုချင်တယ်ဆိုရင် မြို့စားကြီးရဲ့ ကြော်ငြာ ကိုပဲ အရင်ပြောပြစမ်းပါဦး၊ ဘာတွေကြော်ငြာထားသလဲ'



မိန်းကလေးက....

'မြို့နဂါးဂိုဏ်းချုပ် တာဝေယင်းကို လုပ်ကြံသွားတဲ့တရားခံ ကို ဖော်ထုတ်ဖမ်းဆီးပေးနိုင်ရင် ဒါမှမဟုတ် ဖမ်းမိအောင် သတင်းပေးနိုင်ရင် ဆုငွေဆယ်သိန်းပေးမယ်လို့ ကြေညာထား ပါတယ်ရှင်'

ဝူးဟန်ခေါင်းညိတ်လိုက်သည်။

မိန်းကလေးက ကြော်ငြာအဓိပ္ပာယ်ကို ကောင်းစွာ နား လည်ထားသူ ဖြစ်ပေသည်။

'ကောင်းပြီ၊ မိန်းကလေးက တရားခံတွေကို ဖမ်းပေးနိုင် သလား၊ ဒါမှမဟုတ် ဖမ်းမိအောင် သတင်းပေးနိုင်သလား ပြောပါ'

မိန်းကလေးက....

'ကျွန်မ သတင်းပေးနိုင်ပါတယ်ရှင်'

'မင်း သေချာတယ်နော်'

'သေချာပါတယ်'

ဝူးဟန်က....

'အေး....တို့က မင်းရဲ့သတင်းအတိုင်း ရှာဖွေဖမ်းဆီးမယ်၊ ဖမ်းမိလို့ စစ်ဆေးတဲ့ တရားခံအစစ်တွေဖြစ်မှ ဆုငွေရနိုင်မယ်၊ မင်းကျေနပ်ရဲ့လား'

မိန်းကလေးက....

'ကျေနပ်ပါတယ်ရှင်၊ ဘာကြောင့်လဲဆိုတော့ ကျွန်မက တရားခံအစစ်တွေကို ဖော်ထုတ်ပေးနိုင်မှာမို့ ပါ'

ဦးဟန် ကျေနပ်သွားသည်။

မိန်းကလေးသည် ဆုငွေလိုချင်မက်မော၍ လာရောက်လိမ်လည် လှည့်စားခြင်းမဟုတ်ကြောင်း ဆင်ခြင်မိလိုက်၏။

'ကောင်းပြီ၊ တရားခံတွေဟာ ဘယ်သူဘယ်ဝါတွေဆိုတာ ပြောပါ'

ဟု မေးလိုက်သည်။

မိန်းကလေးက....

'ကျွန်မပြောပြတာထက် ဟောဒီစာကိုဖတ်လိုက်ရင် ရှင်းသွားပါလိမ့်မယ်ရှင်'

ပြောပြောဆိုဆို စာတစ်စောင် ထုတ်ပေးလေသည်။



ဦးဟန်က ယူကာ ဖတ်ကြည့်လိုက်လေသည်။

ထိုအခါ စာထဲ၌ ...

ကျောင်းလိန်မြို့စားကြီးခင်ဗျာ....

'ကျုပ်ဟာ ကြေးစားလူသတ်သမားတွေကိုငှားရမ်းချင်သူတွေနဲ့ ကြေးစားတွေရဲ့ခေါင်းဆောင်တွေနဲ့ ဆက်သွယ်ပေးရတဲ့ ကြားပွဲစားတစ်ယောက် ဖြစ်ပါတယ်၊ သိုင်းရာဇာလုံထောက်လုပ်ကြံခံရတဲ့ကိစ္စ၊ မိုးနဂါးဂိုဏ်းတုဝေယင်း လုပ်ကြံခံရတဲ့ကိစ္စတွေဟာ ကျုပ်က ကြားပွဲစားအဖြစ် လက်ခံဆောင်ရွက်ပေးခဲ့ရတာပါ'

ဦးဟန်၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားလေသည်။

တရားခံအစစ်ကို အမှန်တကယ် သိရတော့မည် မဟုတ်ပါလား။

မမျှော်လင့်ဘဲ ကျောင်းလိန်မြို့စားအတွက် အခွင့်ရေးကောင်းကြီး ရလိုက်ခြင်းဖြစ်သည်။

တရားခံအား သဲကြီးမဲကြီးရှာဖွေနေသည့် ခေါင်းခြံဝင်းထက် ခြေလှမ်းပေါင်းများစွာ သာသွားပြီဖြစ်ပါသည်။

ဦးဟန် စာကိုဆက်ဖတ်လိုက်သည်။

'အလုပ်အပ်သူထံက အလုပ်နဲ့ငွေကို ကျုပ်ကလက်ခံပြီး အလုပ်လုပ်မယ့်လူတွေကို လွှဲပေးရပါတယ်၊ တုဝေယင်း လုပ်ကြံခံရတဲ့ကိစ္စမှာ အခကြေးငွေယူပြီး ဆောင်ရွက်ခဲ့ကြသူတွေကတော့ စာပေသမားဖုံးစုရဲ့ ခေါင်းဆောင်တဲ့ အဖွဲ့ပါပဲ၊ စာပေသမားဖုံးစုရဲ့ကို ဖမ်းဆီးလိုက်တာနဲ့ သူ့တပည့်ကြေးစားငါးယောက်ကို ဖမ်းမိပါလိမ့်မယ်၊ ကျုပ်မှာ အပြစ်မကင်းပေမယ့် ဒီစာကို ဖတ်နေရတဲ့အချိန်မှာ ကျုပ်သေဆုံးနေလောက်ပါပြီ၊ ကျုပ်လွှတ်လိုက်တဲ့မိန်းကလေးကို ဆုငွေပေးစေချင်ပါတယ်'

ခိုဖြူ

ဟု ရေးသားလေသည်။

တရားခံအစစ်ကား ပေါ်ပေါက်လာပြီဖြစ်လေသည်။

ဝူးဟန်က စာကို ကျင်းလိန်မြို့စားအား လှမ်းပေးလိုက်သည်။

ကျင်းလိန်မြို့စား ယူကာ ဖတ်ကြည့်လိုက်ပြီး အခြားသိုင်းသမားကြီးများအား လက်ဆင့်ကမ်းပေးလိုက်သည်။

အားလုံးဖတ်ရှုပြီးစီးသွားလျှင် ကျင်းလိန်မြို့စားက....

'မိန်းကလေး ဆုငွေအတွက် ဘာမှမပူနဲ့၊ စာပေသမားဖုံးစုရဲ့ဟာ တရားခံအစစ်ဖြစ်နေရင် မိန်းကလေး ဆုငွေရမယ်ဟုတ်ပြီလား'



ဟု ပြောလိုက်သည်။

မိန်းကလေးက ဦးညွတ်လိုက်သည်။

'ကျေးဇူးတင်ပါတယ် မြို့စားကြီးရှင့်'

ကျင်းလိန်မြို့စားက လက်ဝှေ့ယမ်းပြလိုက်သည်။

အစောင့်တစ်ယောက်က မိန်းကလေးအား ခေါ်ဆောင်သွားလေတော့သည်။

* * *

ကျင်းလိန်မြို့စား၏မျက်နှာ တည်ကြည် လေးနက်နေသည်။

'မိတ်ဆွေကြီး....ဘယ်လိုသဘောရသလဲဗျ'

ဝူးဟန်အား လှမ်းမေးလိုက်သည်။

ဝူးဟန် အတွေးလွန်နေသဖြင့် မကြားလိုက်ချေ။

ဝူးဟန်၏စိတ်ထဲ၌....

'တရားခံအစစ်ကို ကျင်းလိန်မြို့စားက ဖမ်းမိသွားပြီဆိုရင် ငါတို့ဓားခြံဝင်း ဘာမှတတ်နိုင်တော့မှာ မဟုတ်ဘူး'

ဟု တွေးနေမိလေသည်။

စားချံဝင်းသည် ဦးလှ အတွက် တရားခံများကိုဖမ်းဆီးကာ ကိုယ်တိုင်ကိုယ်ကျ အပြစ်ပေးဖို့စီစဉ်ထားသည် မဟုတ်ပါလား။

ကျင်းလိန်မြို့စားက....

'မိတ်ဆွေကြီး...ဘယ်လိုသဘောရသလဲ'

ဟု ထပ်မေးလိုက်သည်။

ယခုမှ ဦးဟန်ကြားသွားပြီး....

'ခြော်...စာပေသမား ဖိုးစုရဲ့ဟာ တိုင်းပြည်နဲ့ အဝှမ်းကျော်ကြားနေတဲ့ စာပေပညာရှင် တစ်ယောက်ပါပဲ၊ သူဟာ ကြေးစားလူသတ်သမားတွေရဲ့ ခေါင်းဆောင် ဖြစ်နေမယ်လို့ ဘယ်လိုမှ ထင်စရာအကြောင်းမရှိပါဘူး'

ဟု ပြောလိုက်သည်။

ကျင်းလိန်မြို့စားက...

'ဒါကြောင့် ကျုပ်ကသံသယဝင်နေတာပါ၊ ဟိုမိန်းကလေး ပြောတာ အခြေအနေ သိပ်မရှိဘူးထင်တယ်'

'ဟုတ်တယ်....ဒါပေမယ့် ဖိုးစုရဲ့ကို လျစ်လျူရှုထားလို့ မဖြစ်သေးဘူး'

ဦးဟန်က မပြောချင် ပြောချင် ပြောလိုက်ခြင်းဖြစ်သည်။



လျစ်လျူရှုထားလိုက်ပါ ဟုပြောလျှင် မည်သူကမျှ လက်ခံကြမည် မဟုတ်ကြောင်း နားလည်ထားလေသည်။

ကျင်းလိန်မြို့စားက....

'ဒါတော့ ဟုတ်တယ်၊ မိန်းကလေးဘက်က မှန်တယ် မှားတယ် အသာထားပြီး စာပေသမား ဖိုးစုရဲ့ကို စစ်ဆေးကြည့်တာ ကောင်းမယ်လို့ ကျုပ် သဘောရတယ်'

'ဟုတ်တယ်ဗျ၊ သူ့ကိုစစ်ဆေးမေးမြန်းတာ အကောင်းဆုံးပဲ'

'အချိန်ဆွဲနေလို့ မဖြစ်ဘူးဗျ'

ကျန်သိုင်းသမားများက တစ်ယောက်တစ်ပေါက် ဝင်ပြောကြလေသည်။

ကျင်းလိန်မြို့စားက....

'ကျုပ် ခုချက်ချင်း စီစဉ်လိုက်ပါ့မယ်ဗျာ'

ဟု ပြောလိုက်လေသည်။

* * *

သာယာငြိမ့်ညောင်းသော ဗျပ်စောင်းသံများ ထွက်ပေါ်နေလေသည်။

အစ်ကိုကြီးက ဗျပ်စောင်းကို ကျင်လည်စွာ တီးခတ်နေ၏။

အမျိုးသမီးက သားမွေးယပ်တောင်တစ်ချောင်းဖြင့် နံဘေး၌ ထိုင်ကာ ယပ်ခတ်ပေးနေသည်။

သူတို့နှစ်ယောက်သာ ဂီတသံစဉ်တွင် သာယာနစ်မျောနေကြပုံ ရှိလေသည်။ သို့သော် သူတို့၏ အတွင်းအဇ္ဈတ္တသန္တာန်ထဲ၌ကား ပူလောင်ပြင်းပြမှု ခံစားနေရပါသည်။

'ခွပ်....ခွပ်....ခွပ်....ခွပ်'

ရုတ်တရက် မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

အစ်ကိုကြီးက ဗျပ်စောင်းတီးခတ်နေရာမှရပ်ကာ နံဘေးသို့ အသာအယာချလိုက်သည်။

အမျိုးသမီးက အရက်တစ်ခွက်ငှဲ့ပေးလိုက်သည်။

အစ်ကိုကြီးက ယူကာသောက်ချလိုက်ပြီး ပြုံးပြလိုက်သည်။

'သူတို့ရောက်လာကြပြီ'

ဟု ပြောလိုက်သည်။

အမျိုးသမီးက အလိုက်သိစွာပင် အခန်းတွင်းမှ ထွက်သွားသည်။

မကြာပါချေ။

ခြေသံများ ကျယ်လောင်စွာ ထွက်ပေါ်လာပြီး လူတစ်စု ဝင်ရောက်လာကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

**ပထမပိုင်းပြီး၏။**

(ဒု-ဇာတ်သိမ်းဆက်လက်ဖတ်ရှုပါရန်)

# တက္ကသိုလ်သီဟအောင်

## သက်စွန့်ဆံဖျား

(ဒုတိယပိုင်း ဇာတ်သိမ်း)